http://www.cherrythitsar.org

## ဝေမျှူးသွင်

# ဝတ်မှုန်ကူးတဲ့ကြယ်

လုံးချင်းဝတ္ထုသစ်



http://www.cherrythitsar.org

http://www.cherrythitsar.org

ဝေမှူးသွင်

# ဝတ် မှုန် ကူး တဲ့ ကြယ်

( လုံး ချင်း ဝ တ္ထု သ စ် )

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး **ဒို့အရေး**
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး **ဒို့အရေး**
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **ဒို့အရေး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

( လုံးချင်းဝတ္ထုသစ် )

# ဝတ် မှုန် ကူး တဲ့ ကြယ်

## ဝေမျိုးသွင်

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်** - ၈၉၅/၂၀၀၃ (၇)

**မျက်နှာဖုံးခွင့်ပြုချက်** -၇၄၇/၂၀၀၃ (၇)

**ထုတ်ဝေသူ** - ဦးတင်ရှိန် (စန်းရောင်ရှိန်စာပေ)
၄/၁၇၇၊ ဝေဘာဂီမြို့သစ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး နှင့်** - ဦးဇော်မင်း
**အတွင်းပုံနှိပ်သူ** **w!zard** ကွန်ပျူတာ ပုံနှိပ်တိုက်၊
အမှတ် (၁၉၈)၊ (၃၃) လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးပန်းချီ** - စိုးဝင်းငြိမ်း

**ထုတ်ဝေသည့်ကာလ**-၂၀၀၃ ခုနှစ်၊ ဩဂုတ်လ၊

**အုပ်ရေ** - (၁၀၀၀)

**မျက်နှာဖုံးဖလင်** - စတား **(star)**

**အတွင်းဖလင်** - 'ပုံရိပ်ရှင်'

**တန်ဖိုး** - ၆၅၀ ကျပ်

သူငယ်ချင်းမိတ်ဆွေများသို့ . .

ဒီစာအုပ်ထဲမှာပါဝင်တဲ့ ဇာတ်ကောင်တချို့ဟာ ကျွန်တော်ခင်မင်တဲ့ စာပေလောကသားများရဲ့ နာမည်တွေဖြစ်ပါတယ်။ ဒီနာမည်တွေအတွက် ဘာပြဿနာမှ မရှိဘူးလို့ ယူဆရတဲ့အတွက် ခွင့်မတောင်းဘဲ ရေးမိခဲ့တယ်။

အခု အားလုံးကို ဒီနေရာကနေ ကျွန်တော်က ခွင့်တောင်းလိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်. . .

ချစ်ခင်စွာဖြင့်

**ဝေမှူးသွင်**

http://www.cherrythitsar.org


## အခန်း (၁)

တိတ်ဆိတ်နေသောနံနက်ခင်းတစ်ခု၏အဖွင့်တွင် မေကြည်ဦး ကြားလိုက်ရသည်က လေချွန်သံခပ်ရှည်ရှည်တစ်ခု ဖြစ်ပါသည်။ ဒါသည် နည်းနည်းထူးဆန်းသည်ဟု သူမ ထင်မိ၏။ ဒီနေ့မနက်သည် သူမအတွက် ပျော်ရွှင်စွာ အဓိပ္ပာယ်ရှိရှိ နိုးထလာရသော ရှားရှားပါးပါး နံနက်ခင်း တစ်ခုလည်း ဖြစ်သည်။

မေကြည်ဦးသည် တစ်ချက်သမ်းဝေလိုက်ပြီး ခန္ဓာကိုယ်ကို ခပ်ပြင်းပြင်း ဆန့်တန်းလိုက်၏။

အား. . . အရသာရှိလိုက်တာ။

လေချွန်သံသည် တရှိန်ရှိန်နှင့် ထွက်ပေါ်နေဆဲဖြစ်၏။ မေကြည်ဦးက ချက်ချင်းမထသေးဘဲ လေချွန်သံကို စိတ်ဝင်တစား နားထောင်နေမိသည်။ ပထမတော့ ရိုးရိုးလေချွန်သံဟု ထင်နေမိသော်လည်း သေချာ

http://www.cherrythitsar.org


နားထောင်ကြည့်မှ လေချွန်သံသည် သီချင်းတစ်ပုဒ်၏အလိုက်ကို ချွန်နေတာမှန်း သိလိုက်ရ၏။

တဖြည်းဖြည်းနှင့် လေချွန်သံပိုင်ရှင်ကို မေကြည်ဦး သိချင်လာပြီ။ သူမ အိပ်ရာမှ ထလိုက်ပြီး လေချွန်သံနှင့် နီးစပ်သည်ဟု ထင်သော ပြတင်းပေါက်ကို လှမ်းကြည့်လိုက်ပါသည်။

မြင်ရသောမြင်ကွင်းသည် တကယ့်ကို လူရယ်စရာကြီးဖြစ်နေသည်။ အသက်လေးဆယ်ကျော်ကျော်လောက်ရှိပြီဖြစ်သော လူကြီးတစ်ယောက်က တစ်ဖက်ခြံထဲတွင် ခြေလှုပ်လိုက်၊ လက်လှုပ်လိုက်နှင့် Walk man နားထောင်ရင်း လေတချွန်ချွန်လုပ်နေတာကို မြင်ရ၍ဖြစ်သည်။ မေကြည်ဦးတို့အိမ်က ခြံဝင်းနှင့် ကပ်ဆောက်ထားသောကြောင့် တစ်ဖက်ခြံက လေချွန်သံကိုပင် ကြားနေရသည်။

ကြည့်ပါဦး. . . ဒီလူကြီးက မကြီးမငယ်နဲ့။ သီချင်းနားထောင်တာ ခြေလက်တွေကလည်း အငြိမ်မနေဘူး။

မေကြည်ဦးက သူမမျက်လုံးတွေကို ပွတ်သပ်ရင်း သေချာထပ်ကြည့်ပြန်သည်။ ဒီတော့မှ မေကြည်ဦးက သဘောပေါက်သွားသည်။

သြော်. . . ဒင်းက အားကစားလေ့ကျင့်ခန်းလုပ်ရင်း Walk man နားထောင်နေတာကိုး။

ရယ်ချင်စိတ်ကြောင့် မေကြည်ဦးသည် ပိုမိုလန်းဆန်းလာသလိုရှိသည်။

တကယ်တော့ သူမ ရယ်မည်ဆိုလည်း ရယ်စရာပင်။ ဦးပဥ္စ၏

http://www.cherrythitsar.org

# ၁၃ ဝေမျှသွင်

ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နေပုံမှာ မြင်ရသူအဖို့ တစ်စက်မှ အဆင်မပြေ. . .။ ကြည့်လေ. . . ခြေလှုပ်လိုက်၊ လက်လှုပ်လိုက် လုပ်နေပုံမှာ ကိုယ်လက်လှုပ်ရှား အားကစားလုပ်နေသည့်ပုံတစ်စက်မှမပေါက်ဘဲ ကိုးရိုးကားရား ဖြစ်နေလေသည်။

ဦးပဥ္စသည် တကယ်တော့ ဦးတပ်ခေါ်ရလောက်အောင် အသက်မကြီးသေးဟု သူ့ကိုယ်သူ ထင်မိ၏။ ဒါပေမဲ့ လုပ်သည့် အလုပ်အကိုင် အခြေအနေနှင့် အသက်လေးဆယ်ကျော်ဆိုသော အချက်များကြောင့် သိပ်မရင်းနှီးသူများက ကိုပဥ္စဟု အလွယ်တကူ မခေါ်ရဲကြ။

ဦးပဥ္စသည် ဒီနေ့ စာပေလောက၏ ဩဇာရှိသော စာရေးဆရာ အယ်ဒီတာတစ်ယောက်။ ပြီးတော့ နာမည်ကျော် "ကျွန်း" စာအုပ်တိုက်၏ ပိုင်ရှင်။ နောက်ထပ် ဂုဏ်ပုဒ်ထူးတစ်ခုက လူပျိုကြီး။

ဒီတော့ သူ့ကို အနုပညာအရရော၊ ပုဂ္ဂိုလ်ရေးအရရော၊ ချမ်းသာကြွယ်ဝမှုအရရော လူတွေက လေးစားချစ်ခင်ကြသည်။ အခုလို သူ့တစ်ယောက်တည်း ခြံထဲ၌ လွတ်လွတ်လပ်လပ် နေထိုင်ပြုမူနေပုံကို တစ်ဖက်ခြံထဲမှ မေကြည်ဦးကကြည့်ပြီး သဘောကျနေမိ၏။ ဒါကို ဦးပဥ္စက မသိ။ သိများသိလို့ကတော့ ရှက်၍ သေသွားနိုင်သည်။ သူသည် သိက္ခာကြီးကြီးမားမား ရှိချင်သော လူကြီးလူကောင်းတစ်ယောက်ဖြစ်လိုသူဖြစ်သည်။

"ခစ်ခစ်. . . ခစ်"

မေကြည်ဦးမှာ အသံထွက်၍ ရယ်မောမိသည်အထိ အူမြူးလာသည်။

http://www.cherrythitsar.org


ဟွန်း. . . ဒီလူကြီးက မနေ့တုန်းကမှ ဘေးခြံကို ပြောင်းလာတဲ့ သူဖြစ်မှာပေါ့။ ဘယ်လိုကြီးမှန်းလည်းမသိဘူး။ သူ့ကိုယ်သူ အသက်နှစ်ဆယ်ကျော် ကောင်လေးတစ်ယောက်များမှတ်နေလားမသိဘူး။ ဒီကြားထဲ လေကချွန်လိုက်သေးတယ်။

မေကြည်ဦးသည် စိတ်ထဲက ထိုသို့ပြောနေသော်လည်း ဦးပဥ္စ၏ လေချွန်သံကိုတော့ သဘောကျမိ၏။ တော်တော်ဆွဲဆောင်မှုရှိတဲ့ လေချွန်သံဖြစ်သည်။

ပြတင်းပေါက်ဘောင်ပေါ်မှာ သေချာလက်ထောက်ပြီး သူမကို ကြည့်နေသော မေကြည်ဦးကို ဦးပဥ္စ မြင်သွားပြီ။ ရုတ်တရက်ဆိုတော့ မေကြည်ဦးလည်း ကြောင်သွားသည်။ ဦးပဥ္စ မမြင်အောင် ဘယ်လိုမှ ပြင်ဆင်ချိန်မရလိုက်။ မေကြည်ဦးလည်း အားနာသွားပြီး ဘာလုပ်ရမှန်း မသိဘဲ သွားဖြဲလေးနှင့် ရယ်ပြလိုက်မိသည်။ ပြီးတော့ အခန်းထဲသို့ လှစ်ခနဲ ပြေးဝင်သွားတော့၏။

မေကြည်ဦးသည် ခုတင်ပေါ်သို့ ခန္ဓာကိုယ်ကို အရုပ်ကြိုးပြတ်လှဲချလိုက်ရင်း အူလှိုက်သည်းလှိုက် ရယ်မောနေပြန်သည်။

ဦးပဥ္စက ရှက်ကိုးရှက်ကန်းနှင့် Walk man ကို ဒေါသတကြီး ပိတ်လိုက်၏။ နောက်. . . မေကြည်ဦး ပြေးဝင်သွားသောပြတင်းပေါက်လေးကို ဆွေးဆွေးမြည့်မြည့် မော့ကြည့်နေမိသည်။

သူ့မျက်လုံးထဲတွင် ညအိပ်ဝတ်စုံနှင့် ဆံပင်ရှည်တွေ ကပိုကရိုနှင့် လှစ်ခနဲပြုံးပြပြီး ပြေးဝင်သွားသောကောင်မလေးက မထွက်တော့. . ။

# ၁၅ ဝေမျှုးသွင်

ကောင်မလေး ပြန်ထွက်လာဦးမလားဟု မျှော်လင့်နေမိပြီး ဒီကောင်မလေးက ငါ့ရဲ့ ကိုးရိုးကားရား ဖြစ်နေပုံတွေကိုမြင်ပြီး ရယ်ချင်နေတော့မှာပဲဟု တွေးမိ၏။

ထိုစဉ် ဦးပဥ္စ၏ ခြံစောင့်နှင့် မာလီတာဝန်များကို ယူထားသော အာပွရာဟူးဆိုသည့် ကုလားကြီးက ရောက်လာသည်။

"ဆရာ. . . ဘာတွေကိုများ ငေးမောကြည့်နေပါသလဲ"

ဦးပဥ္စ၏ စိတ်တွေသည် အာပွရာဟူးအသံကို ကြားရတော့မှ ပို၍ ဒေါသထွက်သွားသည်။

"ငါ့ဘာသာ ဘာပဲကြည့်ကြည့်ကွာ. . . မင်းအလုပ်လား"

"ကျွန်တော့်အလုပ်တော့မဟုတ်ပါဘူး ဆရာ၊ ဒါပေမဲ့ ဆရာ့ကိုယ်စား ကျွန်တော်များ လုပ်ပေးနိုင်မလားလို့ပါ"

"အောင်မာ. . . မင်းကများ. . . မလိုဘူး. . . မလိုဘူး၊ ဟေ့ကောင် အာပွရာဟူး. . . မင်းကို ငါတစ်ခါတည်းမှာထားမယ်၊ ဒီရပ်ကွက်မှာ ငါတို့က အခုမှရောက်တာ. . . ပတ်ဝန်းကျင်က ဘယ်လိုမှန်းသိသေးတာမဟုတ်ဘူး၊ စပ်စပ်စုစု လျှောက်မလုပ်နဲ့၊ ဘာပြဿနာမှလည်းမတက်စေနဲ့. . . ကြားလား၊ ဟိုကောင်. . . မောင်ဝင်းကိုလည်းပြောလိုက်၊ အခုမနက်စာစားဖို့ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့. . . ဖြစ်ပါပြီဆရာ. . . ကျွန်တော် အဲဒီအကြောင်း ဆရာ့ကို လာပြောတာပါ"

http://www.cherrythitsar.org



"ဒါဆိုလည်း စောစောစီးစီးပြောတာမဟုတ်ဘူး၊ လာ. . . သွားမယ်"

ဦးပဍ္ဍသည် တစ်ဖက်ခြံမှ ပြတင်းပေါက်ကို သွားခါနီး တစ်ချက် လှမ်းကြည့်လိုက်ပြန်သည်။ ကောင်မလေးတစ်ယောက်၏ အရိပ်ဝါးဝါးကို မြင်နေရသလို ခံစားရ၏။ သူ့ရင်ထဲတွင် ဟာနေလေသည်။ ဒါပေမဲ့ အာပွရာဟူး ရိပ်မိသွားမှာစိုးသဖြင့် အိမ်ထဲသို့ ဟန်မပျက် လိုက်လာခဲ့သည်။

နေရောင်သည် စွတ်စိုမှုတစ်ဝက်နှင့် ခြံဝန်းအနှံ့အပြား ကျရောက်လျက်ရှိ၏။

ဦးပဍ္ဍ၏စိတ်ထဲတွင် ရှက်နေဖို့မဟုတ်ဘဲ အလွမ်းတို့ကသာ ကြီးစိုးနေတော့သည်။

ဒီနေ့တစ်နေ့လုံး အဲဒီပြတင်းပေါက်လေးကိုပဲ ဦးပဍ္ဍက ထိုင်ကြည့်နေချင်ခဲ့၏။ ဦးပဍ္ဍသည် နံနက်စာကိုလည်း ကောင်းကောင်းမစား။ ရင်ထဲတွင် တစ်စုံတစ်ရာက ပြည့်သိပ်နေသည်။ ခက်ပြီ။

စာတွေအများကြီးဖတ်ဖူးသူ ဦးပဍ္ဍအဖို့ ဒီခံစားချက်ကို အချစ်ဟု လွယ်လွယ်ကူကူ လက်ခံလိုက်ရန် ဝန်လေးနေမိ၏။ အဝေးကြီးဆီမှ ခေါင်းလောင်းထိုးသံတွေကိုလည်း ကြားနေရသည်။

လောကကြီးသည် ဘာတွေများ မှားယွင်းကုန်ပါသနည်း။

* * *

# အခန်း (၂)

Taxi သည် ကားတွေရှုပ်ထွေးလွန်းလှသော ဆိပ်ကမ်းသာလမ်း အတွင်းသို့ ကွေ့ဝင်ရန်မလွယ်တော့မှန်း မေကြည်ဦး သဘောပေါက်သွား သည်။

"ရပြီ. . . ရပြီ. . . လမ်းထဲကို မဝင်နဲ့တော့၊ ကျွန်မ ဒီကပဲဆင်း လိုက်တော့မယ်"

မေကြည်ဦး၏စကားကြောင့် Taxi ဒရိုင်ဘာဆီမှ ကျေးဇူးတင် သည့် အကြည့်တစ်ချက်က ရောက်လာသည်။ မေကြည်ဦးက Taxi ဖိုး ငါးရာကို ထုတ်ပေးလိုက်ပြီး ကားပေါ်မှဆင်းလာခဲ့၏။ လိပ်စာသည် ဆိပ်ကမ်းသာလမ်းအလယ်ဘလောက်ဟု ရေးထားသော်လည်း ဆိပ်ကမ်း သာလမ်းက လေးဘလောက်ဖြစ်၍ အလယ်ဘလောက်က နှစ်ခုရှိသည်။

ဒီတော့ မေကြည်ဦးက အိမ်နံပါတ်တွေကို လျှောက်ဖတ်ရင်း သွားလိုသည့် လိပ်စာကို ရှာကြည့်ရသည်။

**"ကျွန်း" စာပေ အနုပညာမဂ္ဂဇင်း**
**အမှတ် (. . .)၊ ဆိပ်ကမ်းသာလမ်း(အလယ်)**
**ကျောက်တံတားမြို့နယ်**

မေကြည်ဦးတစ်ယောက် လက်ထဲမှ လိပ်စာကို ထပ်ဖတ်လိုက်ပြီး သူမ ရောက်နေသော ဘလောက်မှာနေကြောင်း သေချာသွား၏။ နောက် ဘလောက်တစ်ခုသို့ လမ်းဆက်လျှောက်ရင်း မေကြည်ဦး ပျော်နေမိသည်။ သူမက Cross Words အဖြေမှန်သည့်အတွက် ကျွန်းမဂ္ဂဇင်းမှ ဆုငွေ (၃၀၀၀) ကို လာထုတ်ခြင်းဖြစ်သည်။

မေကြည်ဦးက ကွန်ပြူတာတက္ကသိုလ်မှ ဘွဲ့ရပြီးတာ (၂) နှစ်ရှိပြီ။ သူမက ဘာအလုပ်မှ မလုပ်သေးဘဲ အင်္ဂလိပ်စာကို သေချာလေ့လာနေဆဲဖြစ်သည်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှ Cross Words တွေကို လျှောက်ဖြေကြည့်သည်။ မေကြည်ဦး ဖြေကြည့်သမျှ မဂ္ဂဇင်း၊ ဂျာနယ်တွေအနက် "ကျွန်း" မဂ္ဂဇင်းမှ Cross Words သည် အဆင့်အတန်း အမြင့်ဆုံး၊ အခက်ခဲဆုံး။ ဒါကြောင့် တော်ရုံတန်ရုံ Vocabulary လောက်ဖြင့် ကျွန်းမဂ္ဂဇင်းမှ ဆုငွေကို မျှော်လင့်၍မရ. . .။

ဒါပေမဲ့ မေကြည်ဦးက "ကျွန်း" မဂ္ဂဇင်းမှာ အဖြေမှန်တာ ဒီတစ်ခါနဲ့ဆို သုံးခါရှိပြီ။ "ကျွန်း" မဂ္ဂဇင်း၏ Cross Words သည်

http://www.cherrythitsar.org

# ၁၉ ဝေမျှူးသွင်

တစ်ပြည်လုံးအတိုင်းအတာဖြင့် ဖြေဆိုကြသည်ဖြစ်ရာ တစ်လ၊ တစ်လ Cross Words အဖြေမှန်သူဦးရေက ဆယ်ယောက်မှ အယောက်နှစ်ဆယ်ကြားတွင်ရှိသည်။ ဒီတော့ အဖြေမှန်ကြသူအားလုံးကြားမှာ ဆုငွေ (၃၀၀၀) ကို မဲနှိုက်ပြီး ကံထူးရှင်ရွေးရပြန်သည်။ ဒါကြောင့် မေကြည်ဦးက သုံးခါဆက်တိုက်မှန်သော်လည်း အရင်နှစ်ကြိမ်တုန်းက ဆုငွေမရ။ အခုမှ မေကြည်ဦးက ဆုငွေမဲပေါက်ခြင်းဖြစ်သည်။

မေကြည်ဦး၏ ခြေလှမ်းတွေက တဖြည်းဖြည်း ပို၍သွက်လက်လာ၏။ အဘယ့်ကြောင့်ဆိုသော် ခပ်လှမ်းလှမ်းမှာ "ကျွန်း" မဂ္ဂဇင်းဆိုသော ဆိုင်းဘုတ်ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။ ဒီဆုငွေသည် မေကြည်ဦး ဘဝတစ်လျှောက်လုံးတွင် ပထမဦးဆုံးကိုယ်ပိုင်ဝင်ငွေလည်းဖြစ်သည်။

နောက်တော့ မေကြည်ဦးတစ်ယောက် ကျွန်းမဂ္ဂဇင်းတိုက်ထဲသို့ ရောက်သွားတော့၏။ မဂ္ဂဇင်းတိုက်တစ်တိုက်လုံးတွင် လူဆို၍ အယ်ဒီတာစားပွဲ၌ ငိုက်မျဉ်းနေသော လူကြီးတစ်ယောက်မှလွဲပြီး တစ်ယောက်မှ မရှိချေ။

မေကြည်ဦးက ချောင်းတစ်ချက်ဟန့်လိုက်၏။

"အဟမ်း. . . အဟမ်း. . . "

ထိုငိုက်မျဉ်းနေသောပုဂ္ဂိုလ်က တုတ်တုတ်မျှမလှုပ်။ မေကြည်ဦးက ခေါင်းကုတ်ရင်း သူ့အသံကို ဒီထက် နည်းနည်းပိုကျယ်အောင်ပြုလိုက်သည်။

"အဟမ်း. . . အဟမ်း"

ဒါလည်းမရသေး. . .။ ထိုလူကြီးသည် မေကြည်ဦး၏ ချောင်းဟန့်သံလောက်ကိုတော့ ဖြုံမည့်ပုံမပေါ်ပါ။ ဒီတော့ သူမက ခဲရာခဲဆစ် စဉ်းစားထားရသောနည်းလမ်းဖြင့် ထိုပြဿနာကို ဖြေရှင်းလိုက်ပါသည်။

"ဒီမှာ. . . ဒီမှာ. . . ဦးလေးကြီး"

အသံက တော်တော်ကျယ်သွားသည်။ အသံတင်မဟုတ်ဘဲ လက်ကလည်း စားပွဲကို နှစ်ချက်ခန့်ပုတ်လိုက်သေး၏။

ရုတ်တရက် ထိုအဖြစ်အပျက်ကြောင့် ဦးပဥ္စ လန့်နိုးသွားသည်။ ထို့အတူ စိတ်လည်း တော်တော်ဆိုးသွားသည်။ မျက်နှာပေါ်မှ လျှောကျနေသောမျက်မှန်ကို သေချာပြန်ပင့်တင်လိုက်ပြီး သူ့ကို အလိုက်မသိလာနှိုးသူအား သေချာကြည့်လိုက်သည်။

ခပ်ငယ်ငယ်၊ ချောချော ကောင်မလေးတစ်ယောက်၊ ဦးပဥ္စက ရုံးခန်းအတွင်း တခြားလူကို လိုက်ရှာကြည့်ပြန်သည်။ တစ်ယောက်မှ မတွေ့။

ဟိုကောင်. . . ဝိုင်ချို ဆိုတဲ့ကောင် ဘယ်ရောက်သွားပြန်ပြီလဲ မသိဘူး။ ကဗျာတွေ ပရုဖ်ဖတ်ခိုင်းထားတာ ငါ အိပ်ငိုက်နေပြီဆိုပြီး လက်ဖက်ရည်ဆိုင်လစ်သွားပြီနဲ့တူတယ်။

တွေးရင်းနှင့် ဦးပဥ္စ ဒေါသထွက်လာလေသည်။ ကောင်မလေးကို ကြည့်လိုက်သောအခါ မြင်ဖူးသလို ရှိပေမယ့် သေချာမမှတ်မိ။ ကဗျာတွေ၊

http://www.cherrythitsar.org


ဝတ္ထုတိုတွေ လာပို့သော ကလောင်သစ်ကောင်မလေးတစ်ယောက်ဟုသာ စိတ်ထဲထင်လိုက်မိ၏။

"ကလေးမက စာမူပို့ချင်လို့လား. . . ထားခဲ့ပါ"

ဦးပဥ္စ၏ အမေးကြောင့် မေကြည်ဦးက ခေါင်းယမ်းပြလိုက်၏။ စိတ်ထဲမှလည်း ဒီလူကြီးနှင့် ဒီလေသံကို ရင်းနှီးနေသလို ခံစားရသည်။ သူတို့သည် အခြေအနေနှင့်နေရာက ပြောင်းလဲသွားသဖြင့် ရုတ်တရက် မမှတ်မိကြချေ။

"ဒါဖြင့် ဘာကိစ္စရှိလို့လဲ"

"ကျွန်မက ဒီမဂ္ဂဇင်းရဲ့ တာဝန်ခံအယ်ဒီတာနဲ့ တွေ့ချင်လို့ပါ၊ ကိစ္စကတော့ အခုလ Cross Words ဆုငွေ ၃၀၀၀ ကို ထုတ်ချင်လို့ပါ"

"တာဝန်ခံအယ်ဒီတာ ကိုဆွေက စာပေစိစစ်ရေးရုံးသွားပါတယ်၊ ဒါပေမဲ့ ဟောဒီက ကလေးမရဲ့ Cross Words ဆုငွေကို ကျွန်တော်ပဲ ဆောင်ရွက်ပေးလိုက်ပါ့မယ်၊ မှတ်ပုံတင်ပါတယ် မဟုတ်လား"

မေကြည်ဦးက ခေါင်းတစ်ချက်ညိတ်ပြ၍ ပိုက်ဆံအိတ်ထဲမှ သူ့မှတ်ပုံတင်ကတ်ပြားကို ထုတ်ပေးလိုက်၏။ ဦးပဥ္စက စားပွဲပေါ်မှ ဖိုင်တွဲတစ်ခုကို လှန်ပြီး Cross Words ဆုငွေပေးရမည့်သူ နာမည်နှင့် ကိုယ်ရေးအကျဉ်းကို ရှာနေတော့သည်။

ဟော. . . တွေ့ပြီ။ ဦးပဥ္စသည် ဖိုင်တွဲကို ရုတ်တရက်ပိတ်လိုက်ပြီး ရှေ့တွင်ရှိသော မေကြည်ဦးကို အံ့သြတကြီး ကြည့်လိုက်သည်။

http://www.cherrythitsar.org


"ဩော်. . . မင်းကိုး"

"ရှင်. . . "

တစ်ယောက်နှင့်တစ်ယောက် စကားတို့သည် အဆက်အစပ်မရှိကြ. . .။ ဦးပဥ္စက မေကြည်ဦး၏လိပ်စာကို ဖတ်မိသွားပြီး သူအသစ်ပြောင်းလာသည့် ခြံဘေးနားမှ ကောင်မလေးမှန်းသိသွားပြီ။ စောစောက အိပ်ရေးမဝသဖြင့် အိပ်ချင်မူးတူးဖြင့် မကြည်မလင်ဖြစ်နေသော သူ၏ခေါင်းသည် အခုတော့ လန်းဆန်းတက်ကြွနေလေသည်။

ဒီကောင်မလေးက ငါ့ကို ဟိုတစ်နေ့က ရယ်ပြသွားတဲ့ကောင်မလေးပဲ။ နာမည်ကလည်း မေကြည်ဦးတဲ့။ ချစ်စရာလေး။ သူကလေးကလည်း ငါ့ကို ချက်ချင်းမမှတ်မိဘူးထင်ပါရဲ့. . .။ အင်း. . . ဒါပဲကောင်းပါတယ်။ တော်ကြာ မှတ်မိသွားရင် ရှက်စရာကြီး. . .။

အခြေအနေအရပ်ရပ်ကြောင့် သူ့ဖက်က ချက်ချင်းမမှတ်မိသည့် အဖြစ်ကို ဦးပဥ္စက ရင်နာ၍မဆုံး. . .။ ရုတ်တရက် သူ့ခေါင်းထဲတွင် ကောင်မလေး ဇဝေဇဝါဖြစ်နေသည့်ကိစ္စကို ရှင်းပြဖို့လိုအပ်ကြောင်း သတိရလိုက်သည်။

"ဒီလိုပါ ကလေးမရဲ့. . . မင်းနာမည်ကို သတိထားနေမိတာ ကြာပါပြီ။ Cross Words မှာ သုံးခါဆက်တိုက်မှန်တာဆိုတော့ တော်ရုံတန်ရုံ အရည်အချင်းမဟုတ်ဘူးလေ. . . ဒါပေမဲ့ မင်းက ကံဆိုးတော့ ဆုငွေမရဘူးဖြစ်နေတာ. . .၊ အဲဒါ ဟိုတစ်နေ့က စာရေးဆရာ သစ္စာနီကိုတောင် ပြောပြနေသေးတယ်၊ ဒီကလေးမ ကံမကောင်းဘူးလို့ ပြော

http://www.cherrythitsar.org


လိုက်မိတာ အခုတော့ မင်း ကံကောင်းသွားပြီပေါ့၊ မင်းက ဒီမဂ္ဂဇင်းရဲ့ Cross Words ဆုငွေရဖူးသူတွေအားလုံးထဲမှာ အထိုက်တန်ဆုံးပဲ. . . ဘယ်သူမှလည်း အခုလို သုံးလဆက်တိုက် မမှန်ဖူးဘူး”

မေကြည်ဦးသည် ဦးပဥ္စက ချီးကျူးနေသဖြင့် အနေရခက်စွာ ရှက်ရွံ့နေမိသည်။ ပြီးတော့ မေကြည်ဦးက ဦးပဥ္စကို ဘယ်သူမှန်းမသိ။

ဒီမဂ္ဂဇင်းရဲ့ အဓိကနေရာမှလူတစ်ယောက်လို့တော့ ခန့်မှန်းမိ၏။ မေကြည်ဦးက ဦးပဥ္စ၏ လေသံကို သဘောကျနေပြီး ထိုအသံကို တစ်နေရာမှာ ကြားဖူးသလိုပဲ စိတ်ထဲထင်နေသည်။

“ဟို. . . ရှိုင်းတယ်လို့မထင်ပါနဲ့နော်. . . ဦးက ဘယ်သူလဲမသိဘူး”

“ဩော်. . . ရပါတယ်၊ မထင်ပါဘူး. . . ကျွန်တော်က ဒီမဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ် ပဥ္စမောင်မောင်ပါ”

မေကြည်ဦး မျက်လုံးလေးတွေ ဝိုင်းစက်သွားသည်။ ပဥ္စမောင်မောင် သည် သူမအကြိုက် ဝတ္ထုတိုရေးဆရာတစ်ယောက်မဟုတ်ပါ လား။

“ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်ဆရာ၊ ကျွန်မက ဆရာ့ စာတွေကို သိပ်ကြိုက်ပါတယ်”

“ဟဲ ဟဲ ဟဲ. . . ဒီလိုပါပဲ၊ ကိုယ့်အကြိုက်နဲ့ကိုယ်ပေါ့၊ တချို့ဆို ကျွန်တော့်ဝတ္ထုတွေကို သိပ်မုန်းတာ”

“ဘာဖြစ်လို့လဲဟင်. . . ဆရာ”

http://www.cherrythitsar.org


"သူတို့ဖတ်ပြီး နားမလည်လို့တဲ့"

"အိုး. . ."

မေကြည်ဦးက အသံထွက်ပြီး ရယ်မောအံ့သြနေပြန်သည်။ ဝတ္ထု ကိုဖတ်ပြီး နားမလည်လို့ မုန်းသတဲ့။ ဒီကိစ္စမျိုးကို မေကြည်ဦး တစ်ခါမှ မကြားခဲ့ဖူးပါ။ ဘယ်လိုလူတွေပါလိမ့်။ ဝတ္ထုကို နားမလည်လို့ မုန်းတယ် ဆိုသောစကားကို မေကြည်ဦးက အဓိပ္ပာယ်မရှိ ဟု ထင်နေမိသည်။

ဦးပဥ္စသည် မေကြည်ဦးအတွက် ဆုငွေ (၃၀၀၀) ကို အံဆွဲထဲမှ ထုတ်နေလေ၏။

"ရော့. . . ဒီမှာ မင်းအတွက် ဆုငွေ"

ပိုက်ဆံ (၃၀၀၀) ကို စာအိတ်ထဲပင် မထည့်တော့ဘဲ ဦးပဥ္စက ဒီအတိုင်းပေးလိုက်သည်။ ပြီးတော့ စာအုပ်ရှည်ကြီးတစ်အုပ်ကိုလည်း မေကြည်ဦးဖက်သို့ တွန်းပို့ရင်း စကားတစ်ခွန်း ပြောလိုက်သေး၏။

"ဒီမှာ. . . ဆုငွေလက်ခံရရှိကြောင်း လက်မှတ်ထိုးပါ"

"ဟုတ်ကဲ့. . . ဆရာ"

မေကြည်ဦးက အထူးလေ့ကျင့်ထားသော သူ့လက်မှတ်ကို အလှ ဆုံးဖြစ်အောင် ထိုးလိုက်ပါသည်။ နောက် ဦးပဥ္စကို မေးခွန်းတစ်ခု မေး လိုက်ပြန်၏။

"ဆရာတို့ ကျွန်းမဂ္ဂဇင်းရဲ့ Cross Words ဇယားကို ဘယ်သူ အကွက်ဆင်တာလဲဟင်"

"ကျွန်တော်ကိုယ်တိုင်ဆင်တာပါ"

http://www.cherrythitsar.org


"ဩော်. . . ဟုတ်လား၊ ဒါ့ကြောင့် တချို့နေရာတွေက အရမ်း ခက်တာ၊ ကျွန်မ မနည်းစဉ်းစားရတယ်၊ ပြီးတော့ ကံကောင်းတာလည်း ပါတယ်"

ဦးပဥ္စက မေကြည်ဦး၏ ထိုစကားကြောင့် အနည်းငယ် ဘဝင်မြင့် သွားသလို ရှိသည်။

"ဒီလိုပါပဲ. . . ကျွန်တော်တို့ကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြတာပါပဲ"

သူတို့တစ်တွေ တစ်ယောက်ကိုတစ်ယောက် ပြောစရာစကား ထပ် မတွေ့သေးဘဲ တိတ်ဆိတ်နေမိသည်။ မေကြည်ဦးက ဦးပဥ္စကို လူရော၊ အသံရော ကြားဖူး၊ မြင်ဖူးသလို ရှိသဖြင့် အသည်းအသန် စဉ်းစားနေ၏။ ထိုစဉ် ဦးပဥ္စက မျက်မှန်ကိုချွတ်လိုက်ပြီး လက်ကို ပဝါငယ်တစ်ထည်ဖြင့် မျက်နှာကို သုတ်လိုက်ပါသည်။ ပြီးတော့ ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိ ကာ အားရပါးရ ဖွာရှိုက်နေသေး၏။

မေကြည်ဦးစိတ်ထဲ ရုတ်တရက် မျက်မှန်ချွတ်လိုက်သော ဦးပဥ္စ ကြောင့် လင်းခနဲဖြစ်သွားသည်။

ဟုတ်ပြီ။ မှတ်မိပြီ။ ဒါ တစ်နေ့က မနက်တုန်းက Walk man နားထောင်ရင်း လေ့ကျင့်ခန်းလုပ်နေတဲ့လူကြီးပဲ။ ဘေးအိမ်ကို ပြောင်း လာတဲ့ အိမ်နီးချင်းအသစ်ပဲ။ သူ့ကြည့်ရတာ ငါ့ကို မှတ်မိပုံမရဘူး။

မေကြည်ဦးက တွေးရင်းနှင့် ပြောစရာစကားရှာတွေ့သွား၏။

"ဟို. . . ဆရာက အခုဘယ်မှာနေလဲဟင်"

သူ့မေးခွန်းကြောင့် ဦးပဥ္စအဖို့ အခက်တွေ့နေလေသည်။ ဒီကောင်မလေးကို ကြည့်ရတာ ငါ့ကို သေချာမှတ်မိသွားပုံပဲ။ အခုမှတော့ မထူးတော့ပါဘူး။ အမှန်အတိုင်းပဲ ပြောပြလိုက်ရင်ကောင်းမယ်။

ဦးပဥ္စက စကားပြောဖို့ အားယူလိုက်၏။

"ကျွန်တော်က ခြောက်မိုင်ခွဲမှာနေပါတယ်"

မေကြည်ဦးစိတ်ထဲတွင် ထင်ထားတာမှန်နေပြီ။ ဟိုတစ်နေ့က လေ့ကျင့်ခန်းလုပ်ရင်း Walk man နားထောင်နေတာ သူမှ သူအစစ်ပဲ။ ဒါဆို သူကရော ငါ့လိပ်စာကိုကြည့်ပြီး ငါ့ကို မှတ်မိနေလောက်ပြီ။ သေ ရော. . .။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မှတ်မိသွားကြပြီး ရှက်အမ်းအမ်းဖြစ်နေကြ၏။

မေကြည်ဦးက ထိုင်ရာမှထလိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦးဆရာ. . ."

"ဟုတ်ကဲ့. . . နောက်လတွေလည်း အဖြေမှန်ပြီး အခုလို ကံထူးနိုင်ပါစေဗျာ"

မေကြည်ဦးက အခန်းထဲမှ ခပ်သွက်သွက်ပင် လှည့်ဆင်းသွား၏။ ဦးပဥ္စက ကိုယ့်ကိုယ်ကိုယ် ဒီအခြေအနေကြားမှ ဒီလောက်စကား ပြန်ပြောနိုင်သဖြင့် ကျေနပ်လျက်ရှိသည်။

ထိုစဉ် ဝိုင်ချိုက ရောက်လာ၏။ ဦးပဥ္စ နိုးနေတာမြင်တော့ သူ အပြင်လစ်ထွက်သွားသည့်ကိစ္စကို ဘယ်လိုဆင်ခြေပေးရင် ကောင်းမလဲ

http://www.cherrythitsar.org


ဟု အမြန်စဉ်းစားရသည်။ စောစောတုန်းက ဦးပဥ္စ အခန်းထဲမှ ကောင်မလေးတစ်ယောက် ရှက်ကိုးရှက်ကန်းနှင့် ထွက်သွားတာ ဝိုင်ချို မြင်လိုက်သည်။ ပြီးတော့ ဦးပဥ္စကို ကြည့်ရတာ တစ်စုံတစ်ရာကို ကျေနပ်နေပုံရ၏။

"ဆရာ. . . ဟိုစောစောတုန်းကထွက်သွားတာ ဘယ်သူလဲဟင်၊ စာရေးဆရာမလား၊ ကဗျာဆရာမလား"

"မဟုတ်ပါဘူးကွာ. . . Cross Words ဆုငွေလာထုတ်တဲ့ ကောင်မလေးပါ၊ နေစမ်းပါဦး. . . အဲဒီကောင်မလေး ဘယ်သူဖြစ်ဖြစ် မင်း အလုပ်မပါ,ပါဘူး. . . ငါ ဖရုဖ်ဖတ်ခိုင်းထားတဲ့ကဗျာတွေရော ပြီးပြီလား၊ မင်းက ငါ အိပ်ငိုက်နေပြီဆိုပြီး လစ်ထွက်သွားတာပေါ့လေ"

"အဲ. . . ဟိုလေ. . . ဆရာ"

ဝိုင်ချို အပြောရခက်နေလေသည်။ ကဗျာတွေ ပရုဖ်ဖတ်ခိုင်းတာလည်း မပြီးသေး။ သူအပြင်ခိုးထွက်သွားတာကိုလည်း ဦးပဥ္စကြီးက မိသွားပြီ။ ရုတ်တရက် ဝိုင်ချို ဦးပဥ္စကို ပြန်ပြောရန်စကားမရှိဘဲ ဖြစ်နေ၏။ နောက်တော့ဆီမှ ဆင်ခြေစကားတစ်ခွန်းထွက်လာ၏။

"ကျွန်တော် ကဗျာတွေ ပရုဖ်ဖတ်နေတုန်း မုံရွာက ကဗျာဆရာ ကြည်ဖော်အေးရဲ့ ကဗျာတစ်ပုဒ်ကို ဖတ်နေရင်း စာလုံးပေါင်းမှားတာလား၊ ဒါမှမဟုတ် ကြည်ဖော်အေးကိုယ်တိုင် အဓိပ္ပာယ်တစ်မျိုးဖြစ်အောင် ရေးတာလား၊ အဲဒါ မသင်္ကာတာနဲ့ ကြည်ဖော်အေးရဲ့ မူရင်းကဗျာကို လိုက်ရှာနေတာ ဆရာရဲ့၊ ရှာတော့ တွေ့လည်းမတွေ့ဘူး၊ ကိုဆွေ သိမ်းထားပြီနဲ့တူတယ်"

http://www.cherrythitsar.org


ဦးပဥ္စက ဝိုင်ချို့စကားကို ခပ်ပြုံးပြုံးနားထောင်နေ၏။ ပြီးတော့ ခပ်ပြုံးပြုံးလေးပဲပြောသည်။

"အဲဒီတော့ မင်းက တခြားကဗျာတွေ ဆက်မဖတ်တော့ဘဲ လက်ဖက်ရည်ဆိုင်ထွက်သွားရောဆိုပါတော့"

"ဟုတ်ပါတယ် ဆရာ. . . ဒါကလည်း ကိုဆွေ စာပေစိစစ်ရေး ရုံးနားမှာ လက်ဖက်ရည်ထိုင်သောက်နေလောက်ပြီဆိုပြီး ခန့်မှန်းမိလို့ပါ"

ဦးပဥ္စသည် ဝိုင်ချိုကို စိတ်ဆိုးဖို့ထက် ရယ်မောလိုက်ဖို့ပဲ စိတ်ထဲ၌ရှိတော့သည်။ ဒီဝိုင်ချိုဆိုတဲ့ကောင် စကားပြောရင် အဲဒီလိုပဲ။ ဟိုလိုပြောလိုက်. . . ဒီလိုပြောလိုက်နဲ့။ လိမ်တာညာတာ မဟုတ်ပေမယ့် အင်မတန် ကွေ့ပတ်ရှုည်လျားမှ လိုရင်းကိုရောက်တတ်သူဖြစ်သည်။

ဦးပဥ္စကလည်း ဝိုင်ချို့အကျင့်ကိုသိပြီးသူပီပီ ဘာမှထပ်မပြောတော့ဘဲ မဲ့ပြုံးပြုံးရင်း တော်ပြီ ဆိုသည့် အဓိပ္ပာယ်ဖြင့် လက်ကာပြလိုက်သည်။ ဒီနေ့ ဦးပဥ္စတစ်ယောက် သဘောတွေကောင်းနေ၏။

အချစ်သည် ဒီလိုပဲ လူတစ်ယောက်၏စိတ်သဘောထားများကို ဒေါသကင်းစင်လာစေပါသည်။

* * *

# အခန်း (၃)

ထိုနေ့က မိုးစက်လေးတွေ ခပ်ဖွဲဖွဲရွာနေသည်။ မိုးရန့်တွေကြားတွင် မေကြည်ဦးတစ်ယောက် တစ်ခုခုကို လွမ်းနေသလို ဖြစ်နေ၏။ တနင်္ဂနွေမို့ ဟိုဟိုသည်သည် လျှောက်သွားဖို့ကလည်း သိပ်စိတ်မပါ။

မေကြည်ဦးသည် ပြတင်းပေါက်မှ တိမ်တွေကို လျှောက်ငေးကြည့်ရင်း ဘာလုပ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

အံ့ဩစရာကောင်းသည်မှာ ခဏအတွင်း လူတစ်ယောက်က မေကြည်ဦး၏ မှတ်ဉာဏ်တွင်ပေါ်လာ၏။

ဦးပဥ္စ. . . ။

ဒီလူကြီးဆီ ငါသွားလည်ရင် ကောင်းမလားမသိဘူး. . . ။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ သူ အနားယူနေမှာပေ့ါ။

http://www.cherrythitsar.org



ထိုသို့တွေးလိုက်မိပြီး မေကြည်ဦးတစ်ကိုယ်လုံး ပေ့ါပါးသွားလေသည်။ နောက်တော့ အဲဒီဆုံးဖြတ်ချက်သည် အတည်ဖြစ်သွားပြီး အဝတ်အစားလဲကာ မေကြည်ဦးတစ်ယောက် ဦးပဥ္စတို့ ခြံဖက်သို့ ကူးလာခဲ့သည်။

ဦးပဥ္စတို့ ခြံတံခါးစေ့ထားရုံသာ စေ့ထားခြင်းဖြစ်သဖြင့် မေကြည်ဦးက တွန်းဖွင့်လိုက်၏။ ထိုအခါ ကုလားကြီးတစ်ယောက်က လှုပ်လှုပ် လှုပ်လှုပ်နှင့် မေကြည်ဦးအနီးသို့ ရောက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ အစ်မ"

"ဦးပဥ္စနဲ့. . . "

"ဪ. . . ဆရာ့ဧည့်သည်လား၊ အခုလေးတင် ဆရာအပြင်ထွက်သွားပါတယ်"

မေကြည်ဦးက အံ့ဩသွားဟန်ဖြင့်. . .

"ဟင်. . . ဒီနေ့ တနင်္ဂနွေနေ့လေ၊ ဒီနေ့တောင် အလုပ်မနားဘူးလား"

အာပွရာဟူးသည် စစ်စစ်ပေါက်ပေါက်မေးနေသော မေကြည်ဦးကို ထူးဆန်းသလိုကြည့်ရင်း သူမ မေးသမျှကိုလည်း ပြန်ဖြေရသေး၏။

"အလုပ်ကတော့ ပိတ်ပါတယ်၊ အခုဟာက ဘယ်လိုခေါ်မလဲ၊ ဆရာက နားရက်ဆိုဒီလိုပဲ. . . ဟိုဟိုသည်သည် မိတ်ဆွေအပေါင်းအသင်းရှိရာလျှောက်သွားတာ. . . ကိစ္စရှိရင် ကျွန်တော့်ကိုမှာခဲ့လို့ရပါတယ် အစ်မ"

http://www.cherrythitsar.org

# ၃၁ ဝေမှုူးသွင်

"ရတယ်. . . ရတယ်. . . ဘာမှ အထွေအထူးမှာစရာမရှိပါဘူး၊ အိမ်လည်လာတာ. . . သူ ပြန်လာရင် မေကြည်ဦး လာလည်သွားတယ်လို့ပဲ ပြောပေးပါ"

"ဩော်. . . ဟုတ်ကဲ့ပါခင်ဗျာ. . . မေကြည်ဦးနော်၊ အစ်မနာမည် က. . . "

နာမည်ကို သေချာအောင်ထပ်မေးနေသော အာပွရာဟူးကို မေကြည်ဦးက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရသည်။ ပြီးတော့ မေကြည်ဦး တစ်ယောက် ဦးပဥ္စတို့ခြံထဲမှ ပြန်ထွက်လာခဲ့၏။

အိမ်ကိုပြန်ရောက်တော့ ဘယ်လျှောက်သွားရမလဲဆိုတာ သူမ စဉ်းစားကြည့်မိသည်။

အိသန္တာ ဆိုသည့် စွာကျယ်ကျယ် တရုတ်မလေးဆီ သွားလည်ရင်ကောင်းမလား၊ ဒါမှတ်မဟုတ် ခါတိုင်းလို ပန်းဆိုးတန်းတံတားအောက်မှာ မချစ်ဆီသွားပြီး ခြေသည်းလှီး၊ အနှိပ်ခံလုပ်ရင်ကောင်းမလား။

မေကြည်ဦးက ထိုဒုတိယအကြံအစည်ကြောင့် လက်ဖျစ်တစ်ချက်ကို တီးလိုက်ကာ အိမ်ထဲသို့ပြေးဝင်သွားသည်။ နာရီဝက်ခန့်ကြာတော့ မေကြည်ဦး ပြန်ထွက်လာ၏။ သူမသည် တီရှပ်ပွပွကြီးနှင့် ဖြစ်သွားပြီ။ ဆံပင်တွေကလည်း စောစောတုန်းကလို ဖားလျားချထားခြင်းမဟုတ်တော့ဘဲ သပ်သပ်ရပ်ရပ် စည်းနှောင်ထားသည်။

ဒီနေ့ တနင်္ဂနွေမို့ အိမ်က ကားသည် မေကြည်ဦးအပိုင်ဖြစ်၏။

http://www.cherrythitsar.org


ခါတိုင်းနေ့တွေဆို ဖေဖေက အလုပ်ကိုယူသွားသဖြင့် မေကြည်ဦး မသုံး ရပေ။

မေကြည်ဦးသည် ကားပေါ်သို့ စွေ့ခနဲတက်လိုက်ပြီး The Cranberries ၏ Zombie သီချင်းကို အကျယ်ကြီးဖွင့်လိုက်သည်။ ပြီးတော့ ကားကို ကျင်လည်စွာ ခြံထဲမှကွေ့ထွက်သွားတော့၏။ မိနစ်နှစ်ဆယ်ခန့်အတွင်းမှာပင် သူမ၏ကားသည် ခြောက်မိုင်ခွဲမှ ပန်းဆိုးတန်းဆီသို့ ရောက်လာခဲ့သည်။

Car Parking တစ်နေရာတွင် ကားရပ်လိုက်ပြီး မေကြည်ဦးက ပန်းဆိုးတန်းခုံးတံတားအောက်ကို လမ်းလျှောက်လာခဲ့၏။ အဲဒီမှာ မေကြည်ဦးကို မျှော်နေသော မချစ်က "လာ. . . လာ. . . ညီမ" ဟု ထိုင်ခုံကို ဖုန်ခါရင်းခေါ်သည်။ မေကြည်ဦးကလည်း မချစ်၏ထိုင်ခုံတွင်ထိုင်ရင်း မချစ်ကို ပြုံးပြလိုက်ပါသည်။

"ဘယ်လိုလဲ ဈေးဦးပေါက်ပြီလား"

"အင်း. . . ဈေးဦးတော့ ပေါက်ပါပြီ. . . ဒါပေမဲ့ ဒီနေ့အဖို့ မကိုက်သေးဘူး ညီမရဲ့. . . ဒီနားမှာ အပြိုင်အဆိုင်တွေက များတယ်၊ သူများဆီ ဦးတည်ပြီးလာတဲ့လူကိုလည်း ဟိုဖက်က ကောင်မတွေက လုခေါ်တယ်လေ. . . ယောကျ်ားတွေကလည်း မပြောချင်ဘူး၊ အနှိပ်ခံချင်တာထက် အရသာခံချင်နေတာက များနေတာ. . . ဟိုမှာကြည့်ပါလား"

မေကြည်ဦးသည် မချစ် မေးငေါ့ပြသည့်ဖက်သို့ ခေါင်းကိုငဲ့ကာ လှမ်းကြည့်လိုက်မိသည်။

"ဟင်. . ."

ချက်ချင်းပင် မေကြည်ဦး၏ မျက်လုံးလေးများ ဝိုင်းစက်သွား၏။ ဦးပဥ္စကြီးပါလား. . .။ သူ့အိမ်က ခြံစောင့်ကြီးပြောတော့ အပေါင်းအသင်းတွေဆီသွားသတဲ့။ အခုတော့ မချစ်လို တကယ်လည်း မနိုပ်တတ်ဘဲနဲ့ ရုပ်ပြပြီး နှိပ်စားတဲ့ကောင်မလေးတွေဆီမှာ အနှိပ်ခံလို့ပါလား။

မေကြည်ဦးက တွေးရင်း နှာခေါင်းရှုံ့ကာ အပြစ်တင်လိုက်၏။ အဲဒီမှာတင် ဦးပဥ္စကြီးကလည်း ခေါင်းကိုယမ်းရင်း ဇက်ချိုးလေသည်။ ထိုအခါ သူ့ကို အထင်သေးစွာကြည့်နေသော မျက်ဝန်းလှလှတစ်စုံကို မြင်သွား၏။

ဟာ. . . မေကြည်ဦး ဆိုတဲ့ ချာတိတ်မပါလား။ ငါ့ကိုလည်း တကယ့်လူယုတ်မာကြီးတစ်ယောက်လို ကြည့်နေသေးရဲ့။ အဲဒါမှ ဒုက္ခပါပဲ။

ဦးပဥ္စသည် အနေရခက်စွာ မျက်နှာလွှဲပစ်လိုက်၏။ မေကြည်ဦး မဲ့ပြုံးပြုံးလိုက်ရင်း ဦးပဥ္စ၏ ဖြစ်ပျက်နေပုံကို စိတ်ထဲမှ ကျိတ်၍ဝမ်းသာနေသည်။

ခဏမျှကြာတော့ အနှိပ်ခံရင်းမှ တစ်ယောက်နှင့်တစ်ယောက် မသိမသာ အကဲခတ်မိကြ၏။ အကြည့်ချင်းဆုံသောအခါ မေကြည်ဦးက အရွဲ့တိုက်ပြီး ပြုံးပင်ပြုံးပြလိုက်သေးသည်။

မချစ်ကလည်း နှိပ်နေရင်းမှ ယောကျ်ားတွေရဲ့ မကောင်းကြောင်းကို ငြီကာဖွဲ့နေပြန်သည်။ ကြာလာတော့ ဦးပဥ္စကြီးသည် မေကြည်ဦး၏

အကြည့်များကို မခံနိုင်ဖြစ်လာသည်။ သူ၏အနိုပ်သည် ကိုဖိုးချမ်းတစ်ယောက် ဒီနေ့ အလုပ်မဆင်း၍ ကြုံရာလူနှင့် အနိုပ်ခံနေရခြင်းဖြစ်ကြောင်း ပြောပြချင်နေမိသည်။

ခပ်လှမ်းလှမ်းအနေအထားမှ တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်ကာ ရှက်နေကြ၏။

"တော်ပြီ. . . တော်ပြီ. . . ရပြီ. . . ဘယ်လောက်ကျသလဲ မသိဘူး"

ဦးပဥ္စ၏စကားကြောင့် နှိပ်နေသောကောင်မလေးသည် အံ့သြသွားသလို မေးလိုက်သည်။

"မပြီးသေးဘူးလေ ဦးရဲ့. . . ဇက်ကျောနှိပ်ပေးဖို့ကျန်သေးတယ်"

"ရတယ်. . . မနှိပ်တော့ဘူး၊ ကိစ္စတစ်ခု အရေးတကြီးစဉ်းစားမိလို့. . . အခု ဘယ်လောက်ကျသလဲ"

"လေးရာပါ"

"ဟာ. . . ခါတိုင်း ကိုဖိုးချမ်းဆီမှာ နှိပ်နေကျ သုံးရာထဲပါ"

"ဒါက တစ်ယောက်နဲ့တစ်ယောက် ဘယ်တူပါ့မလဲ၊ သူက သုံးရာ၊ ကျွန်မက လေးရာ. . . သဘောပေါက်လား"

ဦးပဥ္စသည် ဒီလိုမျိုးတွေပြောနေရတာကို ရှက်လာပြီး ပိုက်ဆံလေးရာကို ထပ်ပြောမနေတော့ဘဲ ထုတ်ပေးလိုက်၏။ ပြီးတော့ မေကြည်ဦး ရှိရာကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ခပ်သွက်သွက်လှမ်းသွားမိ၏။

http://www.cherrythitsar.org

# ၃၅ ဝေမျှူးသွင်

မေကြည်ဦးက ရှက်ရှက်နှင့် အနှိပ်ခံလို့မပြီးသေးဘဲ ထွက်ပြေး သွားသော ဦးပဥ္စကြီးကိုကြည့်ကာ ရယ်နေမိတော့သည်။ အခုမှ သူ့ အပေါင်းအသင်းတွေဆီ တကယ်သွားဖြစ်သွားပြီ။ သူ ရှက်သွားတာလည်း သေချာသည်။ မေကြည်ဦးက အခုမှ ပြန်တွေးရင်း အားနာသလို ဖြစ် လာ၏။

ကားကို ခပ်ကြမ်းကြမ်းမောင်းနေရာမှ ဦးပဥ္စသည် သတိထားမိ သွားပြီး အရှိန်ကို ပြန်လျှော့ချလိုက်သည်။ အဖြစ်အပျက်တွေကို ပြန်စဉ်း စားကြည့်မိသောအခါ အရှက်ကြောင့် သူ့မျက်နှာတွေ နီမြန်းလာ၏။

"ဒီချာတိတ်မရှေ့မှာမှ ဖြစ်ရတယ်လို့ကွာ"

မကျေမနပ်နှင့် နှုတ်မှလည်း ရေရွတ်အသံထွက်မိသည်။ ဘယ်ကို မှလည်း သွားချင်စိတ် မရှိတော့သဖြင့် ဦးပဥ္စတစ်ယောက် အိမ်ကိုပဲ ပြန် ရောက်လာခဲ့သည်။

အိမ်ကိုရောက်ရောက်ချင်းပင် အာပွရာဟူးက ဆီး၍ပြော၏။

"ဆရာ့ဆီကို စောစောတုန်းက မေကြည်ဦး ဆိုတဲ့ ကောင်မလေး တစ်ယောက် လာလည်ပါတယ်"

"ဟေ. . ."

"အဲဒါ. . . ကျွန်တော်က ဆရာ သူ့အပေါင်းအသင်းတွေဆီသွား ပါတယ်ဆိုတော့ ပြန်သွားတယ်ခင်ဗျာ. . . မေကြည်ဦး လာလည်သွား တယ်လို့ ပြောပေးပါတဲ့"

ဦးပဥ္စကြီးသည် အာပွရာဟူး စကားကြောင့် သေချင်စော်နံသွား

တော့၏။ သွားပါပြီ. . .။ အခုဆို ငှါအပေါင်းအသင်းက အနှိပ်သည်တွေ၊ ခြေသည်းလက်သည်းလှီးတဲ့လူတွေလို့ ဟိုချာတိတ်မက ထင်နေတော့မှာပဲ။

“ငါသိက္ခာတွေတော့ သွားပါပြီကွာ”

ဦးပဥ္စက စိတ်ပျက်စွာ ညည်းတွားမိသည်ကို အာပွရာဟူးက. . .

“ဘာကြောင့်သိက္ခာတွေသွားရတာပါလဲ ဆရာ. . .”

“အာ. . . ဒီကောင်. . .”

ဦးပဥ္စ၏ အသံနှင့် မျက်နှာအနေအထားကြောင့် အာပွရာဟူးသည် သူ မှားသွားပြီမှန်းသိလိုက်၏။ ထို့ကြောင့် ချက်ချင်း အိမ်ထဲကို ပြေးဝင်လာခဲ့၏။

ဧည့်ခန်းထဲတွင် ကျန်ရစ်ခဲ့သော ဦးပဥ္စသည် တစ်ယောက်တည်း ဘယ်သူ့ကို ဒေါသထွက်ရမှန်းမသိဘဲ ဖြစ်လျက်ရှိ၏။

နောက်တော့ သူ့ခြံထဲကို ဆင်းလာခဲ့သည်။ မေကြည်ဦးတို့အိမ်ဖက်ကို လှမ်းကြည့်မိသည်။ မေကြည်ဦးနှင့် စဆုံစဉ်က ပြတင်းပေါက်ကလေးမှာ ပိတ်နေလေ၏။

သူသည် မျက်နှာကိုလွှဲရင်း ခေါင်းကိုယမ်းမိသည်။ ဒီနေ့အဖို့ အယောင်ယောင် အမှားမှားတွေသည် မဆုံးနိုင်တော့ပေ။

* * *

http://www.cherrythitsar.org

# အခန်း (၄)

ဒီနေ့သည် မိုးရာသီ၏ သာမန်တစ်နေ့အတိုင်း မိုးဖွဲဖွဲက စွေလျက်ရှိ၏။ မေကြည်ဦးက Cross Words အဖြေစာရွက်လေးကိုကိုင်ပြီး ဦးပဥ္စကြီးဆီ ကိုယ်တိုင်သွားပို့ချင်နေမိ၏။ ခါတိုင်းဆို သူမက စာတိုက်မှ ပို့ခြင်းဖြစ်သော်လည်း ဟိုတစ်နေ့က အဖြစ်အပျက်များကြောင့် ဦးပဥ္စကြီး၏ အခြေအနေကို အကဲခတ်ချင်၍ဖြစ်သည်။

မေကြည်ဦးသည် ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ ဦးပဥ္စ၏ ရုံးရှိရာ ဆိပ်ကမ်းသာလမ်းကို Taxi တစ်စီးငှားပြီးထွက်လာခဲ့၏။ "ကျွန်း" မဂ္ဂဇင်းရုံးခန်းရှိရာသို့ ရောက်တော့ ဦးပဥ္စကို အခန့်သင့်ပင် တွေ့ရသည်။ ဦးပဥ္စက နယ်ကလာသော စာရေးဆရာတချို့နှင့် စကားပြောလျက်ရှိသည်။ ဦးပဥ္စက မေကြည်ဦးကို မြင်သော်လည်း မမြင်ချင်ယောင်ဆောင်နေ၏။

ဝိုင်ချိုက မေကြည်ဦးကို ညွှန့်ခံရသည်။

"ဘာကိစ္စများရှိပါသလဲ. . . "

"ဟို. . . Cross Words အဖြေလာပို့တာပါ"

"ဟုတ်ကဲ့. . . ရပါတယ်၊ ကျွန်တော့်ကိုပဲ ပေးခဲ့ပါ"

မေကြည်ဦးက သူမအိတ်ထဲမှ Cross Words အဖြေစာရွက်ကို ထုတ်ပေးလိုက်၏။ ဝိုင်ချိုက လက်ခံလိုက်ပြီး ဖိုင်ထဲတွင် စာရင်းသွင်း၏။ ထိုအချိန်မှာပင် ဦးပဥ္စနှင့် စကားပြောနေသော စာရေးဆရာအုပ်စုက ထပြန်သွားကြ၏။

မေကြည်ဦးက တစ်ယောက်တည်းထိုင်နေသော ဦးပဥ္စကို လှမ်းနှုတ်ဆက်လိုက်သည်။

"ဆရာ. . . ကျွန်မ ပြန်လိုက်ပါဦးမယ်"

"နေပါဦး. . . ခဏလောက်"

"ဟုတ်ကဲ့. . . "

"မင်း ဟိုတစ်နေ့က ကိုယ့်အိမ်ကို လာတယ်ဆို. . . အဲဒါ ဘာကိစ္စ များရှိသလဲလို့"

ဦးပဥ္စကြီးက မေကြည်ဦးကို မင်းတွေ၊ ကိုယ်တွေနှင့် လုပ်လေပြီ။ မေကြည်ဦးသည် သတိထားမိသွားပြီး ရယ်ချင်နေသော်လည်း ရယ်လိုက်၍မဖြစ်။

"ဟို. . . ဘာကိစ္စမှတော့ မရှိပါဘူး ဆရာ၊ ဆရာနဲ့ စကားပြောချင်လို့ လာလည်တာပါ၊ အဲဒီနေ့က ပန်းဆိုးတန်းမှာတောင် ဆရာ့ကို

http://www.cherrythitsar.org


တွေ့သေးတယ်၊ ကိုယ့်ကိစ္စနဲ့ကိုယ်မို့ ဆရာ မအားလောက်ဘူးထင်ပြီး မခေါ်လိုက်တာ”

“ဩော်. . . ဟဲဟဲ. . . ကိုယ်လည်း မင်းကိုတွေ့ပါတယ်၊ အဲဒီနေ့ ကလေ ကိုယ်နိုပ်နေကျ ဖိုးချမ်းကြီးက မရှိတာနဲ့ ကြုံသလို အနှိပ်ခံဖြစ် သွားတာ. . . ဒါပေမဲ့ အဆင်မပြေပါဘူး၊ အဲဒါ စိတ်တိုတိုနဲ့ ပြန်ထွက် သွားတာလေ. . . မင်းကိုတောင် နှုတ်မဆက်ဖြစ်လိုက်ဘူး”

“မသိပါဘူး. . . ကျွန်မကို မခေါ်ချင်လို့များလားလို့”

မေကြည်ဦးက အခြေအနေမှန်ကို သိလျက်နဲ့ ရိသည်။ ဦးပဉ္စက သိသော်လည်း မသိချင်ယောင်ဆောင်နေရသည်။ ခဏမျှကြာတော့ သူတို့ နှစ်ယောက်မှာ တကယ့်ကို ရင်းနှီးသော မိတ်ဟောင်းဆွေဟောင်းများကဲ့ သို့ လေပေးဖြောင့်နေကြပြန်၏။

“မင်း အခုလောလောဆယ် ဘာစာအုပ်တွေဖတ်နေလဲ”

“စံဇာဏီဘို. . . ”

မေကြည်ဦး၏ အဖြေစကားကြောင့် ဦးပဉ္စမှာ ရှုံ့မဲ့သွားသည်။ မေကြည်ဦးသည် သဘောကျကာ တခစ်ခစ် ရယ်ပြန်သည်။

ဝိုင်ချိုက ထိုအခြေအနေကို အခွင့်ကောင်းယူလျက် လက်ဖက် ရည်ဆိုင်ကိုလစ်ဖို့ ပြင်သည်။ အခန်းဝတွင် အပြင်မှ ပြန်ရောက်လာကာစ ကိုဆွေကို လက်ကုတ်၍ ခေါ်ထုတ်သွား၏။

“ဘယ်လိုဖြစ်တာလဲ ဟေ့ကောင်ရ”

“အာ. . . ကိုဆွေကလည်း အဘိုးကြီးက Cross Words လာပို့

http://www.cherrythitsar.org


တဲ့ ကောင်မလေးနဲ့ ပြေလည်နေတယ်၊ အဲဒါ ကျွန်တော်တို့က ရှောင်ပေးတဲ့အနေနဲ့ လက်ဖက်ရည်ဆိုင်ကိုသွားမယ်”

သူတို့က ဦးပဉ္စကို ကွယ်ရာမှာ အဘိုးကြီးဟုပဲ ခေါ်ကြ၏။

“လက်ဖက်ရည်က မင်းတိုက်ရမှာနော် ဝိုင်ချို”

“စိတ်မပူစမ်းပါနဲ့ ကိုဆွေရာ. . . မနေ့က ကျွန်တော် ဖလင်ဖိုးတွေ ပိုနေတာ တစ်ထောင်လောက်ကျန်သေးတယ်”

ကိုဆွေက သူ့ပိုက်ဆံမကုန်ရတော့ဘူးဆိုတော့မှ စိတ်သက်သာရာရသွားပြီး စောစောတုန်းကကိစ္စကို စပ်စုသည်။

“ဝိုင်ချို. . . ကောင်မလေးနဲ့ အဘိုးကြီးက ကြည်နေတာကြာပြီလား”

“ကြည်နေတာမဟုတ်သေးပါဘူး ကိုဆွေရာ. . . အခုမှ ဘော်ဒါတွေဖြစ်ခါစပါ”

“ဩော်. . . ”

“ဒါပေမဲ့. . . မကြာခင်တော့ ဇာတ်လမ်းတွေ ဖြစ်လာနိုင်စရာရှိတယ်”

“နေစမ်းပါဦး. . . မင်းက ဘယ်လိုလုပ်သိသလဲ”

“ကဗျာဆရာဆိုတာ ဒီလိုပဲ. . . အရာရာကို ထက်မြက်တဲ့ အာရုံခံစားမှုနဲ့ သိတာပေါ့ဗျာ”

ကိုဆွေက သူ့မျက်နှာကြီးကိုမော့ကာ အားရပါးရ ရယ်မောသည်။ နောက်တော့ သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ကို ရောက်လာကြ၏။

# ၄၁ ဝေမှုူးသွင်

ထိုအချိန်တွင် ဦးပဥ္စကြီးနှင့် မေကြည်ဦးတို့မှာ သူငယ်ချင်းများကဲ့သို့ ရင်းနှီးစွာ ပြောဆိုဆက်ဆံနေကြသည်။ မေကြည်ဦးက သီချင်းတွေကို ကျွမ်းလေသည်။

“မင်းက အခုအိမ်မှာ သီချင်းနားထောင်နေတာပေါ့”

“ဒါပေါ့ ဆရာရဲ့. . . ကျွန်မက သီချင်းသိပ်ကြိုက်တာ. . . အိမ်မှာ သီချင်းခွေတွေချည်းပဲ”

“ဘာသီချင်းတွေနားထောင်သလဲ”

“Cranberries တို့၊ Linkin park တို့၊ Nirvana တို့ပေါ့”

ဦးပဥ္စက မျက်လုံးပြူးပြရင်း ပြန်ပြောသည်။

“အားလားလား. . . မင်းက တကယ့်ကောင်တွေချည်းပဲ၊ ကိုယ်တော့ အဲဒီကောင်တွေ နားထောင်လို့မရဘူး၊ သိပ်ဆူတာပဲ”

“ဒါဖြင့် ဆရာက ဘာတွေကြိုက်သလဲ”

“Beatiles ပေါ့ကွာ. . . ကိုယ်က သူတို့သီချင်းတွေနဲ့ ကြီးခဲ့ရတာ”

မေကြည်ဦးက ဦးပဥ္စ၏အပြောကို သဘောကျသလို ရယ်မိ၏။

“ဆရာနဲ့ စကားပြောရတာ သိပ်ပျော်ဖို့ကောင်းတာပဲ”

“ကိုယ်လည်း မင်းနဲ့ စကားပြောရတာ ပျော်ပါတယ်”

“နောက်နေ့တွေ ဆရာ အားမလားဟင်”

“သိပ်မသေချာဘူး ကလေးမရဲ့. . . မဂ္ဂဇင်းအလုပ်တွေကတော့ ကျန်တဲ့လူတွေကို လွှဲထားလို့ရပါတယ်၊ ဒါပေမဲ့ ကိုယ့်မှာ စာမူအကြွေးတွေများနေတယ်. . . အဲဒါ စာရေးရမယ်”

http://www.cherrythitsar.org


"ဒါဖြင့် မအားဘူးပေါ့"

ဦးပဥ္စသည် ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး အနည်းငယ် စဉ်းစားသည်။

"ဒီလိုလုပ်ပါလား. . . မင်း ကိုယ့်ဆီဖုန်းဆက်လိုက်လေ. . . အဲဒီကျရင် ကိုယ် အား၊ မအား အတိအကျပြောနိုင်လိမ့်မယ်"

"အင်း. . . ကောင်းပြီလေ. . . ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်"

"နေစမ်းပါဦး. . . မင်းက ကိုယ်အားရင် ဘာလုပ်မလို့လဲ"

"ဆရာ အားရင် တိရစ္ဆာန်ရုံမှာ မျက်လှည့်ပွဲသွားကြည့်ကြမယ်လေ၊ သိပ်ပျော်စရာကောင်းတာ"

ဦးပဥ္စသည် မေကြည်ဦး၏ ကလေးဆန်သော ချစ်စရာဟန်ပန်များကို လိုက်လံမှတ်သားနေမိသည်။

"ဆရာ"

"ဘာတုံး"

"ဟွန်း. . . ပြန်ဖြေတာလဲ 'ဘာတုံး' တဲ့၊ ကဗျာလည်းမဆန်ဘူး"

"ဟောဗျာ. . . စကားပြောတာပဲ ကဗျာဆန်စရာလိုလို့လား"

"ဩော်. . . ဩော်. . . ကဲ. . . ထားပါတော့၊ လာမယ့် တနင်္ဂနွေနေ့ကျရင် ကျွန်မတို့အိမ်ကို လာလည်ပါလား၊ ဖေဖေတို့ မေမေတို့နဲ့ မိတ်ဆက်ပေးရအောင်"

လုပ်ပြန်ပြီ။ ဒီကောင်မလေးကတော့. . .။

http://www.cherrythitsar.org


တစ်မျိုးပြီးတစ်မျိုး. . .။ ဒါပေမဲ့ ဦးပဉ္စက သူမကို မေးလိုက်သည်။

"ဘယ်လို မိတ်ဆက်ပေးမှာလဲ"

"ဟော့ဒါ. . . သမီးသူငယ်ချင်းပါလို့ မိတ်ဆက်ပေးမှာပေါ့"

ပြောပြီး မေကြည်ဦးက လှပစွာ ရယ်မောသည်။ ဦးပဉ္စသည် သူမ၏ ရယ်သံများ၌ မသဲမကွဲ ခံစားမှုတစ်ခုကို လုံခြုံစေချင်သည်။ ဒီလိုမှမဟုတ်လျှင် သူ့ဖက်က အပြည့်အဝ ရိုးသားမှုရှိဖို့ လိုသည်။

သူသည် ကောင်မလေးကို အရည်ပျော်စပြုလာပြီ။

အရွယ်လွန်တစ်ဦး၏ စွန့်စားခန်းသည် အချစ် မဖြစ်သင့်မှန်းတော့ သူ သဘောပေါက်ထားပါသည်။

* * *

# အခန်း (၅)

ပါးလွှာသေးငယ်သော မီးခိုးများ ကောင်းကင်ဆီ ပျံ့လွင့်နေပုံကို မေကြည်ဦးတစ်ယောက်တည်း ငေးမောကြည့်နေမိသည်။ သူမသည် ဦးပဉ္စ ကဲ့သို့သော လူတစ်ယောက်နှင့် သူငယ်ချင်းဖြစ်ခွင့်ရတာကို ဂုဏ်ယူပျော်ရွှင်နေ၏။

ငယ်ငယ်ကတည်းကပင် အပေါင်းအသင်းနည်းပါးသော သူမသည် ဦးပဉ္စကို အစ်ကိုတစ်ယောက်လို ဆိုးခွင့်ရသဖြင့် ကျေနပ်နေတော့သည်။ သူမ၏ မိဘတွေကလည်း ဦးပဉ္စ၏ အရှိန်အဝါနှင့် ဂုဏ်ကို လေးစားကြသူများဖြစ်သည့်အလျောက် ဘာမှမပြောကြပေ။

မေကြည်ဦးသည် ခုတင်ပေါ်၌ တစ်ချက်လှိမ့်လိုက်ရင်း ခုတင်အစွန်းဆီသို့ ရွှေ့လိုက်သည်။ ပြီးတော့ စားပွဲပေါ်မှ ကက်ဆက်ခလုတ်ကို

http://www.cherrythitsar.org


နှိပ်လိုက်၏။ Cranberries ၏ သီချင်းသံက လှပစွာ ပေါ်ထွက်လာသည်။ သူမသည် မျက်လုံးကို စုံမှိတ်ထားပြီး သီချင်းကို ခံစားနေမိ၏။

"ဒေါက် ဒေါက်. . . ဒေါက်. . . "

တံခါးခေါက်သံကြောင့် မေကြည်ဦးက ကက်ဆက်ကို ရီမုဖြင့် လှမ်းတို့လိုက်သည်။ နောက်. . . သူမက အခန်းတံခါးကို ထဖွင့်သည်။

"ဟယ်. . . အိသန္တာ. . . လာ. . . လာ"

အိသန္တာ ဆိုသည့် တရုတ်မလေးက သွားဖြဲနှင့် ရယ်ပြရင်း မေကြည်ဦး၏ အခန်းထဲ ဝင်လိုက်၏။

"နင်ကလည်း ပျောက်သွားလိုက်တာ၊ ပေါ်မလာတော့ဘူး"

"ငါက နင့်ဆီလာမလို့ပါဟ. . . ဟိုတစ်နေ့ကတောင် နင့်ဆီ လာမလို့ စိတ်ကူးမိသေးတယ်"

"စိတ်ပဲကူးတာမဟုတ်လား၊ လူကဖြင့် ရောက်မလာဘဲနဲ့"

ပြောပြီး နှစ်ယောက်သား ရယ်လိုက်ကြသည်။ နောက်တော့ နှစ်ယောက်စလုံး ခုတင်ကြီးပေါ်သို့ ပစ်မှောက်ချလိုက်လေ၏။ မေကြည်ဦးက စောစောတုန်းက သူမ ပိတ်လိုက်သော ကက်ဆက်ကို ပြန်ဖွင့်သည်။

ဂီတသံတွေက အခန်းထဲ၌ မိုးစက်များကဲ့သို့ ရွှဲစိုပျံ့နှံ့လာ၏။

"နင့်ကို ငါပြောစရာရှိလို့ မိဦးရဲ့"

"အေး. . . ပြောလေ၊ အိ. . . "

အိသန္တာက နည်းနည်းစဉ်းစားလိုက်ပြီး အချိန်ကို ဆွဲနေသည်။

http://www.cherrythitsar.org


"နင်ကလည်း မြန်မြန်ပြောတာမဟုတ်ဘူး၊ ငါ့ကို စိတ်မရှည်အောင် သိပ်လုပ်တာပဲ"

ပြောရင်း မေကြည်ဦးက ကက်ဆက်ကို အသံလှမ်းတိုးလိုက်၏။ အိသန္တာက စိတ်ရှုပ်ထွေးနေသောမျက်နှာထားမှ တစ်ခုခုကို ဆုံးဖြတ်ချက်ချလိုက်ဟန်တူသည်။

"ငါ. . . ကျော်စွာ့ကို အဖြေပြန်ပေးလိုက်တော့မလို့ အဲဒါ နင့်ကို လာတိုင်ပင်တာ"

မေကြည်ဦးက တအံ့တဩဖြစ်သွားပြီး အိသန္တာရဲ့လက်မောင်းကို လှမ်းပုတ်လိုက်၏။

"နင် တကယ်ပြောတာလား အိရဲ့၊ အစကပြောတော့ မကြိုက်ပါဘူး. . . ဘာညာနဲ့. . . "

"ဟာ. . . နင်ကလည်း. . . "

အိသန္တာက ရှက်ရွံ့စွာ ခေါင်းငုံ့သွား၏။ ခဏကြာတော့ အိသန္တာဆီမှ စကားသံတို့ထွက်လာသည်။

"ငါ သူ့ကို ဘယ်လိုလုပ်ချစ်သွားတာလည်းမသိဘူး၊ သိပ်အံ့ဩစရာကောင်းတာပဲ. . . သိလား"

အိသန္တာ၏စကားကို မေကြည်ဦးက ရယ်ရင်းနှစ်သိမ့်သည်။ ကျော်စွာနှင့် အိသန္တာ၏ ဇာတ်လမ်းကို ကျောင်းမှာကတည်းက သူမ သိ ပြီးသား. . .။ ဒါပေမဲ့ ကျောင်းတက်နေစဉ်တစ်လျှောက်လုံး အဖြေပြန်မပေးခဲ့သော အိသန္တာက အခုမှ ကျော်စွာကို အဖြေပြန်ပေးတော့မယ်ဆိုတော့ မေကြည်ဦး နည်းနည်းအံ့ဩမိသည်။

http://www.cherrythitsar.org


"ဒီလိုပါပဲဟာ. . . အချစ်ဆိုတာ မတော်တဆ ခလုတ်တိုက်မိသလိုပဲ၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်သူနဲ့ဆိုပြီး ကြိုသိနိုင်တာ မဟုတ်ဘူး"

မေကြည်ဦး၏စကားကို အိသန္တာက ခပ်သောသောရယ်၏။

"နင်နော်. . . မိဦး၊ စကားတွေ တယ်တတ်နေပ့ါလား၊ နင်ရော အခု ခလုတ်တိုက်မိနေပြီလား"

"အမလေး. . . အဝေးကြီးပါတော်၊ ရည်းစားထားဖို့မပြောနဲ့၊ ယောကျ်ားလေးအပေါင်းအသင်းတောင်မရှိဘူး"

ပြောပြီးတော့မှ မေကြည်ဦးက ခဏမျှ စဉ်းစားကာ သူမစကားကို ချက်ချင်းပြန်ပြင်သည်။

"အဲ. . . ယောကျ်ားလေးအပေါင်းအသင်းတစ်ယောက်တော့ ရှိတယ်ဟ. . . နင် မသိသေးဘူး အိရဲ့"

"အံမယ်. . . တယ်ဟုတ်ပါလား၊ ဘယ်သူတဲ့လဲ. . . နာမည်က"

"ငါပြောလိုက်ရင် နင် အံ့ဩသွားလိမ့်မယ်"

"အေးပါ. . . ပြောစမ်းပါဦး. . . ဘယ်သူလဲ"

မေကြည်ဦးက ချက်ချင်းမပြောသေးဘဲ ဟိုဟိုသည်သည်ကို လျှောက်ကြည့်နေ၏။

"ရတယ်ဟာ. . . မိဦး၊ ပြောမနေနဲ့တော့၊ ငါ နားမထောင်ချင်တော့ဘူး"

အိသန္တာက သဘောပေါက်စွာ မေကြည်ဦးကို နှိပ်ကွပ်သည်။ မေကြည်ဦးက ရယ်ရင်း. . .

http://www.cherrythitsar.org


"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ အိရဲ့၊ နင်ပြောချင်တာတွေကျတော့ ပြောပြီး ငါ့အလှည့်ကျမှ ဒီလိုလုပ်လို့ရမလား"

"အဲဒါဆိုလည်း မြန်မြန်ပြောပါလား၊ ဘာဖြစ်လို့ အိုက်တင်ခံနေ သလဲ"

"ဘာလဲ. . . နင်က နားထောင်ချင်လှပြီလား၊ ပြောမှာပေါ့ဟဲ့. . . သူ့နာမည်က ပဥ္စမောင်မောင်တဲ့၊ ကြားဖူးသလား"

"ကြားဖူးတာပေါ့. . . စာရေးဆရာနာမည်ကြီး. . . "

"အေးလေ. . . သူက စာရေးဆရာပဲဥစ္စာ"

အိသန္တာက အံ့သြသွားသည်။

"နင့်သူငယ်ချင်းကလည်း အဘိုးကြီးပေါ့"

"အံ့မယ်. . . အဘိုးကြီးမဟုတ်ပါဘူးဟဲ့၊ သူက အခုမှ အသက် လေးဆယ်ကျော်ရုံရှိသေးတာ"

အိသန္တာက မေကြည်ဦးကို ရယ်ရင်းထပ်နောက်သည်။

"ဘာလဲ. . . အသက်လေးဆယ်ကို နောက်ထပ် နှစ်လေးဆယ် ကျော်တာလား"

"နင်နော်. . . အိ. . . သူများကို. . . "

သူမတို့နှစ်ယောက်သား ပြိုင်တူရယ်သံတွေကြောင့် အခန်းလေး မှာ စိုစိုပြည်ပြည်ဖြစ်သွားသည်။

ဒီလိုနှင့် တစ်ညနေလုံးအချိန်တွေ ကုန်သည်အထိ သူမတို့နှစ် ယောက် အခန်းထဲမှာ တွတ်ထိုးနေကြ၏။ ညနေကို ရောက်မှ အိသန္တာ

က အိမ်ပြန်ဖို့ပြင်ဆင်သည်။ မပြန်ခင် အိသန္တာက မေကြည်ဦးကို ပြော သည်။

"မိဦး. . . ငါ. . . နင့်ဦးပဥ္စကြီးကို မြင်ဖူးချင်တယ်၊ အခု ဟိုဖက် ခြံမှာ ရှိသလား"

"မြင်ဖူးချင်ရင်. . . "

မေကြည်ဦးက လက်ညှိုးလေးကို ထောင်ရင်း စဉ်းစားနေ၏။ ပြီး တော့ အကြံရသွားသလိုနှင့် နာရီဆီကို တစ်ချက်လှမ်းကြည့်သည်။

"ဟုတ်ပြီ. . . အိ၊ နင် အခု မပြန်နဲ့ဦး၊ နောက်ထပ် တစ်နာရီ လောက် ထပ်စောင့်လိုက်ရင် သူ မဂ္ဂဇင်းတိုက်က ပြန်ရောက်လောက်ပါ ပြီ၊ ငါတို့က ခြံဝကနေ စောင့်နေရုံပဲ. . . အဲဒီတော့မှ နင် မြင်ဖူးရုံတင် မဟုတ်ဘဲ မိတ်ပါဆက်ပေးလို့ရတယ်"

အိသန္တာက ပြန်ပြောသည်။

"ဒီလိုလား. . . ဒီလိုဆိုလည်း စောင့်ရတာပေါ့"

နောက်တော့ သူမတို့နှစ်ယောက်သား ခြံဝသို့ထွက်ကာ ဟိုယောင် ယောင် ဒီယောင်ယောင်နှင့် ဦးပဥ္စကြီး၏ကားကို စောင့်မျှော်နေကြလေ သည်။ မေကြည်ဦးတို့ ခြံတံခါးနှင့် ဦးပဥ္စတို့ ခြံတံခါးမှာ ကပ်လျက်ဖြစ် သောကြောင့် သူမတို့ ပိုမိုအဆင်ပြေနေကြ၏။

ဦးပဥ္စ၏ ခြံစောင့် အာပွရာဟူး ဆိုသည့် ကုလားကြီးကလည်း သူ့ဆရာ ပြန်လာချိန်ဖြစ်သောကြောင့် လမ်းမဖက်သို့ တမျှော်မျှော် ဖြစ် နေသည်။

မေကြည်ဦးတို့ ကံကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် သူမတို့ မျှော်လင့်ထားသလို တစ်နာရီတောင် မစောင့်ရဘဲ နာရီဝက်လောက်မှာပင် ဦးပဉ္စ၏ကားက ခြံဝသို့ ရောက်ရှိလာသည်။

"တီတီ. . . "

ဦးပဉ္စက ကားဟွန်းကို တီးမဲ့သာတီးသော်လည်း အာပွရာဟူးက ခြံတံခါးကိုဖွင့်ထားပြီးဖြစ်သည်။ မေကြည်ဦးက ဦးပဉ္စကိုမြင်တော့ ဦးစွာလှမ်းပြုံးပြသည်။

"ပြန်လာပြီလား ဆရာ"

"အေး. . . ပြန်လာပြီကွ၊ ဒီနေ့ တမင်စောစောပြန်လစ်လာတာ၊ ဒါနဲ့ မင်းတို့က ဘယ်လဲ"

"သြော်. . . လမ်းထိပ်ပါ၊ အခွေသွားငှားမလို့. . . ဟာ အတော်ပဲ၊ ဆရာနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကျွန်မ သူငယ်ချင်း အိသန္တာတဲ့၊ ဟဲ့. . . အိ၊ ဒါက ငါ စောစောကပြောပြတဲ့ စာရေးဆရာ ပဉ္စမောင်မောင်ပေါ့"

"ဟုတ်ကဲ့ . . . တွေ့ရတာဝမ်းသာပါတယ်ရှင်၊ ဆရာ့နာမည်က ပဉ္စမောင်မောင်ဆိုတော့ ဆရာမောင်ပေါ့ . . "

"ဟဲ့ . . . အိ"

မေကြည်ဦးက အမြန်လှမ်းတားလိုက်သော်လည်း မမီတော့။

http://www.cherrythitsar.org



"ဆရာမောင်တော့မလုပ်ပါနဲ့ဗျာ၊ ဆရာမောင်ဆေးနီမှုန့်ကြော် ငြာနဲ့တူနေမှာစိုးလို့"

ဦးပဥ္စစကားကြောင့် သုံးယောက်စလုံးရယ်ဖြစ်ကြသည်။ ဦးပဥ္စက ကားထဲမှ ဖိတ်စာတစ်စောင်ကိုလှမ်းပေးရင်းပြော၏။

"မနက်ဖြန် ကျွန်တော်တို့စာအုပ်တိုက်ရဲ့ အုပ်သုံးရာမြောက် စာအုပ်ထုတ်တဲ့အထိမ်းအမှတ်ပွဲရှိတယ်၊ ဖြစ်နိုင်ရင် နှစ်ယောက်စလုံး မပျက်မကွက် လာစေချင်ပါတယ်"

မေကြည်ဦးက ဦးပဥ္စလှမ်းပေးသော ဖိတ်စာကိုလှမ်းယူလိုက် ရင်း "လာမှာပေါ့ ဆရာရဲ့" ဟုပြန်ပြောသည်။

"ကဲ ကဲ သွားကြ . . အခွေဆိုင်မှာ နောက်ကျလို့ လိုချင်တဲ့အခွေ မရဘဲဖြစ်နေဦးမယ်"

"ဟုတ်ကဲ့ဆရာ "

ဦးပဥ္စ အသင့်ဖွင့်ပြီးသားခြံထဲသို့ သူ့ကားကို မောင်းဝင်သွား သည်။

မေကြည်ဦး နှင့် အိသန္တာက ယုတ္တိရှိအောင် လမ်းထိပ်ကို အသားလွတ်လမ်းလျှောက်ကြရသည်။

မေကြည်ဦးက လက်ထဲတွင် ကိုင်ထားသောဖိတ်စာထဲမှ အစီ အစဉ်တွေဖတ်နေ၏။ အိသန္တာက ထိုအချိန်တွင် မေကြည်ဦးကို လှမ်းပြော သည်။

"ဟဲ့ . . . မိဦး၊ ငါမနက်ဖြန်မလိုက်တော့ဘူးနော်"

http://www.cherrythitsar.org



"ဟယ် . . . ဘာဖြစ်လို့လဲ"

"ဩော် . . . အလိုက်သိတဲ့အနေနဲ့လေ "

"အံမယ် . . . ကောင်မစုတ်"

ညနေစောင်းပြီမို့ တိမ်တွေကလှပနေလေသည်။ မေကြည်ဦးကတော့ အရာရာကို စိတ်ချယုံကြည်မှုအပြည့်ဖြင့် ကြည့်ကာကြည်နူးနေ၏။

တကယ်တော့ ယုံကြည်မှုနှင့် ကြည်နူးမှုသည် တစ်ချိန်တည်းမှာပင် မိန်းကလေးတစ်ယောက်ကို ဖမ်းစားသွားခဲ့ခြင်းဖြစ်ပါသည်။

* * *

http://www.cherrythitsar.org

# အခန်း (၆)

"ဘယ်လိုလဲ . . . မင်းစိတ်တွေကျဉ်းကျပ်နေတာမဟုတ်လား"

ဦးပဉ္စ၏အမေးကို မေကြည်ဦးက ခေါင်းညိတ်ပြရင်းပြန်ဖြေလိုက်၏။ ဦးပဉ္စက ကားမောင်းနေရင်းမှ မေကြည်ဦးဘက်ကို လှည့်ကြည့်ပါသည်။ ပြီးတော့ ကားကိုဘယ်ဘက်ကိုကွေ့ချလိုက်သည်။

"ကိုယ်ထင်သားပဲ . . . ဧည့်ခံပွဲမှာ မင်းနဲ့စကားလုပ်ပြီးပြောဖို့ အဖော်မရှိတော့ မင်းကဒီလိုဖြစ်သွားတာ . . . ကိုယ်က အဲဒါကို ကြိုသိလို့ မနေ့တုန်းက မင်းသူငယ်ချင်းကိုပါ အဖော်ရအောင် တစ်ခါတည်း ဖိတ်လိုက်တာလေ၊ အခု မင်းက တစ်ယောက်တည်းလာတယ်၊ဟိုတစ်ယောက်ရော. . ."

"အိ . . ကလား၊ သူက ဒီနေ့မအားဘူးလို့ပြောတာပဲ"

http://www.cherrythitsar.org


"ဪ . . ."

ဦးပဥ္စက အာမေဍိတ်သံတစ်ချက်ကို ပြုလိုက်ပြီး ကားကိုပဲ ဂရုတစိုက်မောင်းနေဟန်ပြု၏။

ကားသည် လှည်းတန်းမီးပွိုင့်ကိုဖြတ်ကျော်လာပြီးနောက် ပြည်လမ်းမအတိုင်း တရိပ်ရိပ်ပြေးနေသည်။ မကြာမီ သူတို့နေထိုင်ရာ (၆)မိုင်ခွဲကို ရောက်တော့မည်။

"ဆရာ . . . ကျွန်မ ရခိုင်မုန့်တီစားချင်တယ်"

"အဲဒီတော့ . . ."

"အဲဒီတော့ ကားရပ်ပေါ့ . . အင်းလျားမှာ ရခိုင်မုန့်တီဝင်စားရအောင်"

ဦးပဥ္စက မေကြည်ဦးအလိုကျ အင်းလျားသို့ကားကို မောင်းသွားသည်။ နေ့လယ်ခင်းဖြစ်သည်မို့ အင်းလျား၌ လူသူနည်းပါးစွာရှိသည်။ မေကြည်ဦးက သူမ စားနေကျရခိုင်မုန့်တီဆိုင်ကို တန်းတန်းမတ်မတ်ပင် လျှောက်သွား၏။

ဆိုင်ထဲကို ရောက်တော့ မေကြည်ဦးက ပြောသည်။

"ဆရာရော စားမှာမဟုတ်လား. . . မှာလိုက်မယ်နော်၊ ဒီဆိုင်က ရခိုင်မုန့်တီသိပ်ကောင်းတာ ဆရာရဲ့"

ပထမတော့ငြင်းလိုက်မလို့ ပြင်ဆင်ထားပြီးမှ မေကြည်ဦး၏ ချိုသာကလေးဆန်မှုကို ဦးပဥ္စက ရင်ခုန်မိသွားသည်။ သူက ခေါင်းညိတ်ပြမိလေသည်။

http://www.cherrythitsar.org


"အစ်မရေ ရခိုင်မုန့်တီနှစ်ပွဲ၊ ချဉ်ငန်စပ်နော်. . . ခါတိုင်းလိုပဲ"

ခဏကြာတော့ မှာထားသော ရခိုင်မုန့်တီပွဲတွေရောက်လာ၏။ မေကြည်ဦးက ရောက်လာသော ရခိုင်မုန့်တီပွဲတွေကို ငရုတ်သီးရည်များအား အလျှင်စလိုခပ်ထည့်လိုက်သည်။ ဦးပဥ္စက ထိုအဖြစ်အပျက်ကို မမြင်ဘဲ မေကြည်ဦး၏ မျက်ဝန်းလှလှလေးများကိုသာ ငေးကြည့်နေမိ၏။

"ရော့ . . . ဆရာ"

ဦးပဥ္စက မေကြည်ဦး တိုးပေးလိုက်သော ရခိုင်မုန့်တီပွဲကို ပထမ တစ်ဇွန်း ခပ်စားလိုက်သည်။

အားပါးပါး . . . စပ်လိုက်တဲ့အမျိုး၊ ပူကလည်းပူသေး၏။ ရှုံ့မဲ့သွားသော ဦးပဥ္စ၏မျက်နှာကြောင့် မေကြည်ဦးက အဖြစ်မှန်ကို သဘောပေါက် သွားသည်။

ဦးပဥ္စ၏မျက်နှာပေါ်တွင် ချွေးသီးချွေးစက်များဖြစ်ပေါ်လာပြီး မျက်ရည်များပင်ဝဲလာ၏။ ပထမတော့ မေကြည်ဦးသည် ဒီလောက်အစပ်လေးတောင် မစားနိုင်ရကောင်းလားဟု စောဒကတတက်ဖို့ စဉ်းစားထားသော်လည်း ဦးပဥ္စဖြစ်ပျက်နေပုံကို ကြည့်ကာသနားသွားသည်။

"သိပ်စပ်တာပဲကွာ. . . ကိုယ်က ဒီလောက်အစပ်မစားနိုင်ဘူးကွ"

"ဟို . . . အရမ်းစပ်နေလားဟင် ဆရာ. . . ရော့. . . ရော့ ရေနွေးသောက်"

http://www.cherrythitsar.org


ဦးပဥ္စက အသင့်ငှဲ့ပေးထားသော ရေနွေးခွက်ကို အလျင်စလို ကောက်သောက်လိုက်၏။

အို . . .

သူ အထိတ်တလန့်နှင့် ရေနွေးခွက်ကို ပြန်ချထားမိသည်။ ရေနွေးမှာ တော်တော်ပူလေသည်။ ဦးပဥ္စမှာ မျက်ရည်လည်လာ၏။

မေကြည်ဦးက ဦးပဥ္စပုံစံကိုမြင်ရတော့ ရယ်ချင်စိတ်ကို မထိန်းနိုင်ဘဲ ရယ်မိသည်။ ထိုအခါ တမင်လှောင်သလိုဖြစ်သွားပြီး ဦးပဥ္စမှာ ရှက်သွားတော့သည်။

"မင်းကွာ . . . လူကြီးကို"

မေကြည်ဦးမှာ သူမ ရယ်လိုက်မိသည်ကိုအားနာသွားကာ ပျာပျာသလဲတောင်းပန်၏။

"မဟုတ်ပါဘူးဆရာရဲ့။ ကျွန်မ တမင်လုပ်တာမဟုတ်ရပါဘူး၊ တကယ့်ကို ရေနွေးအရမ်းပူနေတာကိုမသိတာပါ၊ ဆောရီးနော်"

အခုလိုတောင်းပန်လာပြန်တော့လည်း ဦးပဥ္စမှာ ပျော်ဝင်သွားရပေသည်။

"ရပါတယ် . . . "

ခဏကြာတော့ နှစ်ယောက်သား တစ်ယောက်မျက်လုံးများတွင် တစ်ယောက်က ရူးချင်ယောင်ဆောင်နေကြပြန်သည်။ ရခိုင်မုန့်တီပွဲတွေမှာ ဘယ်သူမှ အရေးလုပ်ခြင်းမခံရတော့သဖြင့် မျက်နှာငယ်လျှ၏။

ဦးပဋ္ဌသည် ဒီကောင်မလေးပေါ်တွင် ရင်ခုန်သံတွေ သေချာသွားပြီ။

"ကလေးမ . . . "

မေကြည်ဦးက ရှက်လန့်တကြားမော့ကြည့်၏။ ဦးပဋ္ဌ၏မျက်လုံးတွေကို သူမ အဓိပ္ပာယ်မသိပါ။ ဒါကပင် အရသာတစ်မျိုးဖြစ်နေလေသည်။

"ရှင် . . . "

"မင်း ကိုယ့်ကို ဘယ်လိုမြင်သလဲ"

"ဟင် . . . ဆရာကလည်း . . . ဘယ်လိုမှမမြင်ပါဘူး။ ဒီလိုပဲပေါ့ . . "

မေကြည်ဦး၏ စကားကြောင့် ဦးပဋ္ဌက ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ တစ်ဆက်တည်း . . .

"ဒါနဲ့မင်းကို ကိုယ်တစ်ခုပြောရဦးမယ်။ ကိုယ့်ကိုဆရာ . . . ဆရာနဲ့မခေါ်စမ်းပါနဲ့၊ လူတိုင်းကိုယ့်ကို အဲဒီလိုခေါ်ကြတာ . . . မင်းက တခြားတစ်မျိုးခေါ်ဖို့စဉ်းစားကြည့်ပါလား"

မေကြည်ဦး၏နှုတ်ခမ်းတွေက လှပစွာ တွန့်ကွေးသွားပြီး အင်းလျားရေပေါ်သို့ အကြည့်ကိုရွှေ့တင်လိုက်၏။ နောက်တော့ ဦးပဋ္ဌကို ဖျတ်ခနဲလှည့်ကြည့်ပြန်သည်။

"ဘယ်လိုခေါ်ရမလဲဟင် . . . "

"ဘယ်လိုခေါ်ချင်လို့လဲ . . . "

http://www.cherrythitsar.org



"အိ. . . ဟိုတစ်နေ့ကပြောသလိုပေါ့ . . . ဆရာမောင်ဆိုတာလေ "

"ဟာ . . . အဲဒါကြီးတော့ မလုပ်ပါနဲ့ကွာ. . . တခြားတစ်ခုလောက်လုပ်ပါ"

မေကြည်ဦးက ဦးပဉ္စ၏အကြောက်အကန်ငြင်းဆန်နေပုံကို ဟန်မဆောင်နိုင်ဘဲရယ်မိသည်။

"အင်း . . . ဒါဖြင့်ရင် . . ဦးမောင်"

"ကောင်းတယ်၊ ကောင်းတယ် . . . ဦးမောင် . . . ဦးမောင် . . . ဟဲဟဲဟဲ. . . "

"ရယ်မနေနဲ့ဦး၊ ကျွန်မကိုရော ဦးမောင်က ဘယ်လိုခေါ်မှာလဲ"

"ဒါများကွယ် . . . ခေါ်နေကျအတိုင်းပဲ၊ ကလေးမပေါ့"

"အိုကေ . . . "

သူတို့နှစ်ယောက် နာမည်အခေါ်အဝေါ်ကိစ္စအပေးအယူ တည့်သွားကြသည်။

နေ့လယ်ခင်းမို့ အင်းလျား၏ တိတ်ဆိတ်မှုသည် သေသပ်လှပနေ၏။ မေကြည်ဦးမှာ စောစောတုန်းက ဆက်မစားဘဲရပ်ထားသော ရခိုင်မုန့်တီပွဲကို ဇွန်းဖြင့် လျှောက်မွှေနေသည်။ ဘာမှလုပ်စရာမရှိသည့် ကလေးတစ်ယောက်၏ဆော့ကစားဟန်မျိုး . . . ။

ဦးပဉ္စက သိမ်မွေ့စွာ ကြည့်ရင်းမှ ပျော်ရွှင်မှုတို့ ကူးစက်လာလေသည်။

http://www.cherrythitsar.org


"ကလေးမ . . . မင်းကိုယ့်ကို ဘယ်လိုသဘောထားသလဲ"

"ရှင် . . . "

မေကြည်ဦးက မျက်လုံးလေးဝိုင်းရင်းပြန်မေးတော့ သူက အလျှင်အမြန်ဖြေရှင်းပြရ၏။

"ဪ . . . ဒီလိုပါ၊ ကိုယ်နဲ့ဆက်ဆံရတာကို မင်းစိတ်ထဲမှာ လွတ်လပ်ရဲ့လားလို့မေးတာ"

"ဒီလိုလား . . . အင်း"

သူမမှာစဉ်းစားခန်းဝင်ပြန်သည်။ ပြီးမှ . . .

"ဦးမောင်ကို ဘော်ဒါတစ်ယောက်လိုပဲသဘောထားပါတယ်၊ ဟဲဟဲ. . . ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်. . . ဖြစ်ပါတယ်"

ပြောရင်း ဦးပဋ္ဌရယ်လိုက်သေး၏။ မေကြည်ဦးသည် စိတ်ထဲမှာ မွန်းကျပ်လာ၏။ ဦးပဋ္ဌနှင့်စကားပြောရတာကိုတော့ ပျော်ပါသည်။ ဒါပေမဲ့ အခုဟာက အရင်လိုမဟုတ်ဘဲ နောက်မှ တစ်စုံတစ်ယောက်က သူမကို စောင့်ကြည့်နေသည်ဟု ခံစားလာရသည်။ သူမ ဖျတ်ခနဲလှည့်ကြည့်လိုက် တော့လည်း ဘယ်သူမှရှိမနေချေ။

ဦးပဋ္ဌက ရုတ်တရက် အခြေအနေကိုမေးသည်။

"ကလေးမ . . . ဘာဖြစ်လို့လဲဟင်"

"ဪ . . . ကျွန်မကို တစ်ယောက်ယောက်က နောက်က

http://www.cherrythitsar.org


စောင့်ကြည့်နေတယ် ထင်လို့ . . . ဒါပေမဲ့ ဘယ်သူမှလဲမတွေ့ဘူး။ အလကား ကျွန်မစိတ်ထင်တာဖြစ်ပါလိမ့်မယ်”

“ဪ . . . ဪ”

ဦးပဥ္စက အာမေဋိတ်သံပြုရင်းနှင့် အနီးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပါသည်။ ဘာမှမထူးခြားပါ။ တခြားစားပွဲဝိုင်းတွင် ထိုင်နေသော လူလေးယောက်နှင့် အတွဲတစ်တွဲကိုတော့တွေ့သည်။ နောက် ဆိုင်အလုပ်သမားစားပွဲထိုးကောင်လေးတချို့နှင့် ဆိုင်ရှင်မိန်းမကြီး ထိုင်နေသော ကောင်တာ။ ဆိုင်ရှေ့တွင် သူတို့ကားနှင့် ခပ်ခွာခွာရပ်ထားသော အနက်ရောင် Mark II ကားကြီးတစ်စီး ဒါပဲရှိသည်။

မသင်္ကာစရာ တစ်ခုမှမတွေ့။

ပထမက ညနေစောင်းတဲ့အထိ အင်းလျားမှာ ထိုင်ဖို့စဉ်းစားထားသော်လည်း အခုမထိုင်ချင်တော့။ မေကြည်ဦးသည် ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါးဟန်ဆောင်လိုက်ရသော်လည်း တကယ်တမ်းတွင် သူမစိတ်ထဲမှာ ဖိစီးမှုသည် လျော့ပါးသွားခြင်းမရှိပါ။

“ဦးမောင် . . . ပြန်ကြရအောင်”

“သဘောပဲလေ . . .”

ရခိုင်မုန့်တီဖိုးတွေရှင်းပြီးတော့ ကားဆီသို့ သူတို့လျှောက်လာကြ၏။ မေကြည်ဦးက ကားအနက်ရောင်ကြီးကို မလုံခြုံသလိုတစ်ချက်လှမ်းကြည့်သည်။ ထိုကားထဲမှ လူတစ်ယောက်ယောက် သူမကိုစောင့်ကြည့်နေလိမ့်မည်ဟု သူမက ထင်နေခဲ့၏။

# ၆၃ ဝေမှူးသွင်

ထိုစဉ်မှာပင် ကားအနက်ရောင်ကြီး၏ဒရိုင်ဘာနေရာမှ တံခါးသည်ပွင့်သွားပြီးနောက် လူတစ်ယောက်ကားပေါ်မှဆင်းလာ၏။ မေကြည်ဦး၏ မျက်လုံးထောင့်စွန်းမှာ ထိုလူ၏ဟန်ပန်က ငြင်းပယ်မရအောင်စွဲထင်သွား၏။ သူမ သိပ်ကြိုက်သော အီတလီဘောလုံးသမား ဖိလစ်ပိုအင်ဇာဂီလိုရုပ်မျိုး ။ နဖူးပေါ်ဝဲကျနေသည့်ဆံပင်တွေကို ပြန်မသိမ်းဘဲ ခပ်တည်တည်နှင့် ကြည့်တတ်သော ထိုလူကို မေကြည်ဦး ရင်ခုန်မိသွားသည်။

ထိုလူက မေကြည်ဦးကို တစ်ချက်လှမ်းကြည့်ပြီး ကားတံခါးကို ခပ်ပြင်းပြင်း တွန်းပိတ်လိုက်သည်။ ဦးပဥ္စက ဘာကိုမှမရိပ်မိစွာ ကားစက်နှိုးနေ၏။ သူမလည်း ဦးပဥ္စ၏ ကားပေါ်ဝင်ထိုင်လိုက်ရသည်။

မေကြည်ဦးက ဟိုလူကိုလှမ်းကြည့်လိုက်တော့ ကားအနက်ကြီးကိုမှီပြီး လက်ပိုက်ထားကာ သူမတို့ကားကို စိုက်ကြည့်နေ၏။

ဒါမျိုးပဲ . . . စောစောတုန်းက သူမခံစားခဲ့ရတာ။

မေကြည်ဦးစိတ်ထဲတွင် ခုနတုန်းကလို ရှုပ်ထွေးခြင်းမရှိတော့ဘဲ ကျေနပ်လာသည်။

သူမသည် ထိုလူ၏အကြည့်များကို ပျော်ရွှင်ပါသည်။

ဦးပဥ္စက ကားကို မောင်းထွက်သွားသည်။ ထိုလူကတော့ သူမတို့ကားနောက်မှ ကြည့်နေဆဲ။

မေကြည်ဦးသည် ဦးပဥ္စကို အားနာစွာခိုးကြည့်မိသည်။ ပြီးတော့ စိတ်မောစွာ သက်ပြင်းချမိလေသည်။

မထင်မှတ်သောအခြေအနေမှ အပြောင်းအလဲသည် လူသုံးဦးကို တိုက်ရိုက်ထိမှန်သွားစေပါသည်။

* * *

http://www.cherrythitsar.org

# အခန်း (၇)

"ဦးမောင် . . . "

မေကြည်ဦး၏ ခပ်ချွဲချွဲခေါ်သံကြောင့် ဦးပဥ္စ ရင်တွေခုန်သွားသည်။ လှည့်ကြည့်လိုက်တော့ အပြစ်ကင်းသော မျက်နှာလေးကိုမြင်ရ၏။ ကိုယ့်ကိုယ်ကိုယ်လည်း ရှက်သွား၏။

ငါ့စိတ်တွေကို ဒီကောင်မလေးသိသွားရင်တော့ ဒုက္ခပါပဲ။

ထိုကိစ္စသည် တွေးကြည့်မိရုံဖြင့်ပင် တော်တော်ဝမ်းနည်းဖို့ကောင်းသည်။ အသက်သာ သိပ်မကွာရင်ကောင်းမှာပဲဟု သူတွေးနေမိ၏။

အို . . . အသက်ကွာတော့ရောဘာဖြစ်သေးလဲ၊ ဟိုတလော တုန်းက မိုက်ကယ်ဒေါက်ကလပ်ဆိုတဲ့ အဘိုးကြီးတောင် ကက်သရင်းဇီတာဂျုံး(စ်) ကိုလက်ထပ်ခဲ့တာ သူမှတ်မိနေသည်။

http://www.cherrythitsar.org


"ဦးမောင် . . ."

မေကြည်ဦးကထပ်ခေါ်မှ သူအတွေးလွန်နေတာကို သတိရမိ၏။

"ပြောလေ . . . ကလေးမ"

"ဒီမှာ ထိုင်နေရတာပျင်းလာပြီ"

"ဒီတော့ . . . မင်းကဘယ်သွားချင်လို့လဲ"

"ကန်တော်ကြီး"

သူမစကားကြောင့် ဦးပဥ္စက မျက်ခုံးကိုပင့်သည်။

"အလိုလေး . . . မင်းဟာကအဝေးကြီးပါလား၊ ဒီနေ့ကိုယ်တို့မှာ ကားပါမလာဘူးလေကွာ . . ."

"ဒါများ . . . ဘတ်(စ်)ကားနဲ့သွားမှာပေါ့ ဦးမောင်ရဲ့"

"ဘတ်(စ်)ကား"

ဦးပဥ္စက တအံ့တဩ ရေရွတ်လေသည်။ မေကြည်ဦးက ခေါင်းညိတ်ပြရင်း ပါးစပ်မှလည်းပြန်ပြောသည်။

"ဟုတ်တယ် . . . ဘတ်(စ်)ကား"

ဦးပဥ္စ တော်တော်စိတ်ညစ်သွား၏။ သူတို့သည် ရှစ်မိုင် Junction (8) ထဲရှိ Korean Fast Food ဆိုင်မှာထိုင်နေကြခြင်းဖြစ်သည်။ ဒီလိုလူရှင်းပြီး သက်သက်သာသာနေရာမျိုးတွင်ပဲ သူကနေလိုသည်။

ဒါပေမဲ့ မေကြည်ဦးက ပျင်းလာသည်။

http://www.cherrythitsar.org

# ၆၇ ဝေမျှုးသွင်

ဒီနေ့ကျမှ ကားကလည်းပါမလာဘဲ ဝပ်ရှော့ရောက်နေ၏။ မေကြည်ဦးက ဦးပဥ္စဆီမှ တုံ့ပြန်စကားမကြားရသဖြင့် စိတ်တိုသလို လှမ်းကြည့်ပါသည်။

"ကဲ . . . သွားမယ် ဦးမောင်"

"အေး . . . သွားကွာ၊ မင်းပဲ ဒီကိုခေါ်လာတာနော် . . . အခုကန်တော်ကြီးတဲ့၊ ဟိုရောက်ရင် ထပ်မပြောင်းနဲ့တော့"

"အင်းပါ . . . ဦးမောင်ရဲ့၊ ကန်တော်ကြီးရောက်ရင် ထပ်မပြောင်းတော့ပါဘူး . . . ဟဲဟဲ"

"ပြီးရော . . . "

ထို့နောက် ကျသင့်ငွေကို မေကြည်ဦးကရှင်းသည်။ ဒီနေ့ သူမ မွေးနေ့မို့ ဦးပဥ္စကို မေကြည်ဦးက မုန့်လိုက်ကျွေးခြင်းဖြစ်သည်။

ရုတ်တရက် ဦးပဥ္စခေါင်းထဲတွင် သက်သာစေမည့် အကြံတစ်ခုကိုရလိုက်၏။

"ဟုတ်ပြီ . . . ကလေးမ ကိုယ်တို့ Taxi ငှားသွားကြရအောင် ဘယ်လိုလဲ"

"ဟာ . . . မရဘူး၊ မရဘူး ဘတ်(စ်)ကားနဲ့ပဲသွားမယ်၊ အဲဒါမှ ပျော်စရာကောင်းမှာပေါ့ ဦးမောင်ရဲ့"

"ဟူး . . . လွယ်တာကို ခက်အောင်သိပ်လုပ်တဲ့ကောင်မလေးပဲ"

ဦးပဥ္စမှာ ဒီလောက်သာဆိုနိုင်တော့သည်။ ထို့နောက် သူတို့

http://www.cherrythitsar.org


ကန်တော်ကြီးသို့ ဘတ်(စ်)ကားဘယ်လိုစီးရမည်ကို ငြင်းခုံကြပြန်၏။ ဒါပေမဲ့ ဘယ်သူမှ သေချာမသွားတတ်။

နောက်ဆုံးတော့ မြေနီကုန်းမှ တစ်ဆင့် ကားပြောင်းစီးမည့် အစီအစဉ်ကို သူတို့သဘောတူသွားကြသည်။ ဒီလိုနှင့်ပင် ရှစ်မိုင်မှ မြေနီကုန်းသို့ ဘတ်(စ်)ကားစီးရန် ဖြစ်လာသည်။

(၅၁)အဲယားကွန်းဘတ်(စ်)ကားကြီးတစ်စီးကို နှစ်ဦးသဘောတူရွေးချယ်လိုက်ကြပြီး သူတို့ကားပေါ်တက်လိုက်ကြ၏။ နေ့လယ်ခင်းမို့ ကားကြီးလူနည်းနည်းချောင်နေသည်။ နှစ်ယောက်စလုံး ထိုင်စရာနေရာရကြ၏။

ဒါပေမဲ့ ထိုကားကြီးပေါ်သို့ ကျောင်းကွေ့မှတ်တိုင်၌ လူတွေအများကြီးတက်လာသဖြင့် ကားမှာ ကျပ်စပြုလာသည်။

သို့သော် ပြဿနာမရှိ။ သူတို့ထိုင်ခုံနဲ့မို့ အေးအေးဆေးဆေးရှိကြသည်။

(၅၁)အဲယားကွန်းဘတ်(စ်)ကြီးက ဖြည်းဖြည်း မှန်မှန်ရွေ့လျားလာ၏။ (၆)မိုင်ခွဲ၊ တံတားဖြူ၊ လှည်းတန်း . . .။

လှည်းတန်းသို့ရောက်သောအခါ အမျိုးသမီးတစ်ဦးက မူကြိုအရွယ်ကလေးငယ်တစ်ဦးအား ချီပိုးပြီး မေကြည်ဦးတို့နားမှာ လာရပ်သည်။ သူ့ခမျာ အရပ်ကနည်းနည်းပုသဖြင့် အပေါ်တန်းကို မမှီတမီဖြစ်နေ၏။ တစ်ဖက်ကလည်း ကလေးကိုချီထားရသဖြင့် ဟန်ချက်ပျက်

လျက်ရှိသည်။ ဒီကြားထဲ ကားကလှုပ်သေးသည်ဖြစ်ရာ မေကြည်ဦးက အမြင်မတော်တော့ပေ။

"ပေး ပေး . . . အစ်မ၊ ကလေးကို ကျွန်မပေါင်ပေါ်မှာ ထိုင် ခိုင်းထားလိုက်မယ်"

"ကျေးဇူးပါပဲ ညီမရယ် . . ."

ကလေးလေးမှာ ယောကျ်ားလေးဖြစ်ပြီး ချစ်စရာ အလွန် ကောင်း၏။ မေကြည်ဦးမှာ ဘေးနားတွင် ဦးပဥ္စကိုပင် ပြုံးပြလိုက်သေး သည်။ ခရီးသည်တွေ တစ်မှတ်တိုင်ပြီးတစ်မှတ်တိုင်ကားပေါ်တက်လာ ကြရာ လူတွေပိုကျပ်လာလေသည်။

ကလေးအမေမှာ လူတွေတိုးလွန်းသဖြင့် ထိုနေရာမှ ခြောက် ပေခန့်ရွေ့သွားပါသည်။ သို့သော်သူမ ကလေးက မေကြည်ဦးပေါင်ပေါ် မှာမို့ စိတ်မပူဘဲ အေးအေးဆေးဆေး ကားပြတင်းမှအပြင်ကို လျှောက် ငေးကြည့်နေ၏။ လူတွေကလည်း လုံးဝလျော့မသွားဘဲ ပိုလို့တောင် များလာသည်။

(၅၁)ဘတ်(စ်)ကားကြီးမှာ မြေနီကုန်းသို့ရောက်ခါနီးပြီ။ ဒီတော့ မေကြည်ဦးနှင့် ဦးပဥ္စတို့မှာ ကြိုထွက်ထားဖို့ပြင်ဆင်ရ၏။

"အစ်မ ကလေးကို ဒီခုံပေါ်မှာပဲထားခဲ့မယ်နော်"

မေကြည်ဦးက ကလေးအမေအားလှမ်းပြောရင်း ရှေ့မှ တိုး ထွက်သွားသော ဦးပဥ္စနောက်ကိုလိုက်ရသည်။ မေကြည်ဦးမှာ ဂါဝန်

http://www.cherrythitsar.org


အရှည်ကြီးကို ဝတ်ထားသည်မို့ လူကြားထဲမှာ ကိုယ့်ဂါဝန်ကိုယ်ဆွဲနေရသေး၏။

"မြေနီကုန်းဆင်းမှာတွေ ရောက်ပြီနော်. . . ကဲ အစ်မလေးက နည်းနည်းတိုးထွက်ထား"

စပါယ်ယာ၏အသံကြောင့် ကားအောက်ရောက်သွားပြီဖြစ်သော ဦးပဥ္စနောက်ကို သူမ မနည်းလိုက်နေရသည်။

သောက် လူတွေကလည်းများလိုက်တာ။

ဘတ်စ်ကားစီးလေ့မရှိသူမို့ မေကြည်ဦးမှာ တော်တော်ပင်ပန်းနေပြီ။ ဟူး . . . မလွယ်ပါလား၊ အခုမှပင် သူမအပေါက်ဝသို့ရောက်တော့၏။

"ကဲ . . အစ်မ မြန်မြန်လေးဆင်း"

ထိုစဉ် မေကြည်ဦး၏ဂါဝန်အစကို ဆွဲကိုင်ထားသော ကလေးငယ် တစ်ဦးကလည်း သူမနောက်မှာ ကပ်ပါလာတာတွေ့ရ၏။ ကလေးကို သေချာကြည့်မိတော့ မေကြည်ဦးမျက်လုံးပြူးသွားသည်။

စောစောတုန်းက သူမချီပေးထားခဲ့တဲ့ကလေးပဲ။ ဒီကလေးက ထိုင်မနေဘဲ ငါ့ဂါဝန်ကိုဆွဲပြီး ထွက်လာတယ်ထင်ပါရဲ့။ ကလေးအမေကလည်း ဟိုးအထဲမှာ ကျန်ခဲ့ပြီ။

မေကြည်ဦးမှာ ဘာလုပ်ရမှန်းမသိဘဲ တွေးနေစဉ် စပါယ်ယာက ထပ်အော်ပြန်သည်။

# ၇၁ ဝေမှူးသွင်

"ဒါရုပ်ရှင်ရိုက်နေတာမဟုတ်ဘူး၊ မြန်မြန်ဆင်းပါဆို. . ဒီအစ်မကလည်းဗျာ၊ ကျွန်တော်တို့က ဒီတံခါးပေါက်လေးနဲ့ လုပ်စားနေရတာ. . . အပေါက်ဝကြီးပိတ်ရပ်မနေပါနဲ့၊ ဆင်းဆင်း"

မေကြည်ဦးမှာ စပယ်ယာအော်သံကြောင့် ရုတ်တရက် ရှက်သွားပြီး ကားပေါ်မှ မြန်မြန်ဆင်းချလိုက်သည်။

သို့သော်ဇာတ်လမ်းကမပြီးသေးဘဲ စပယ်ယာဆီမှ နောက်ဆက်တွဲ အသံတွေ ကြားရပြန်သည်။

"ကလေးအမေ . . . ကိုယ့်ကလေးကို တွဲခေါ်မှပေါ့၊ ဒီအရွယ်နဲ့ဘတ်(စ်)ကားပေါ်က ဘယ်လိုဆင်းတတ်ပါ့မလဲ"

စပယ်ယာက သည်းမခံတော့ဟန်ဖြင့် မေကြည်ဦးကို လှမ်းငေါက်၏။ မေကြည်ဦးမှာ ရှက်လာသည်။ ဦးပဥ္စမှာ ဘာတွေဖြစ်လို့ဖြစ်နေမှန်းမသိဘဲ ကြောင်အ လျက်ရှိသည်။

"ဘာ ကလေးအမေလဲ၊ ဒါ. . . ကျွန်မ ကလေးမဟုတ်ဘူး"

မေကြည်ဦးမှာ စပယ်ယာကို ပြန်ရန်တွေ့နေ၏။

"ဟာ . . . ဒါဆိုလည်း ဆောရီးဗျာ. . . အစ်မကလေးမဟုတ်လည်း ကိုယ့်တူပဲဖြစ်ဖြစ်၊ ကိုယ့်မောင်ပဲ ဖြစ်ဖြစ် ကလေးကဒီအရွယ်နဲ့ ဘယ်ဆင်းတတ်မလဲ"

ပြောပြောဆိုဆိုနှင့် စပယ်ယာမှာ ကလေးကိုချီပြီး ကားအောက်ကိုချလိုက်၏။ တစ်ဆက်တည်း. . .

http://www.cherrythitsar.org


"မောင်းဆရာ မောင်း . . . ဒီမှာရှေ့ကားတောင်မမီတော့ဘူး . . . တော်တော်ဒုက္ခပေးတဲ့ဟာတွေ"

ဦးပဥ္စရော မေကြည်ဦးပါ ဘာလုပ်ရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေစဉ် ဘတ်(စ်)ကားကြီးကမှတ်တိုင်မှ ဝူးခနဲမောင်းထွက်သွား၏။

စပါယ်ယာမှာ ဒီကလေးအား သူမတို့နှင့်အတူပါလာသောကလေးဟု တစ်ထစ်ချယုံကြည်ပြီး စီစဉ်ခဲ့ပုံရသည်။ ကားပေါ်မှကလေးအမေဆိုသူကလည်း ဒီလောက် ပြဿနာဖြစ်နေတာကို မသိရအောင်ဘာတွေငေးနေမှန်းမသိ။

အခုတော့ ကလေးမှာ ဦးပဥ္စနှင့် မေကြည်ဦးတို့ကြားမှာ ဟိုကြည့်ဒီကြည့်လုပ်နေ၏။

"ကဲ . . . ဘယ်လိုလုပ်မလဲ၊ ဒီကလေးပါလာတဲ့ကိစ္စ"

ဦးပဥ္စကြီးမှာ ဒီမျှသာပြောနိုင်တော့သည်။ မေကြည်ဦးသည်လည်း စိတ်ဓာတ်ကျလျက်ရှိလေသည်။ ရုတ်တရက် မေကြည်ဦးမှာ အကြံတစ်ခုရသွား၏။

"ဟာ . . . ဟုတ်ပြီ ဦးမောင်၊ တက်စီငှားပြီးလိုက်ရင် ရှေ့ကဘတ်စ်ကားကြီးကို မီမယ်ထင်တယ်။ သူတို့က မှတ်တိုင်မှာရပ်မှာဆိုတော့"

"ဟိုးထားကလေးမ . . . ရပြီ၊ ကိုယ်သဘောပေါက်ပြီ တွေ့သမျှတက်စီတားမယ်"

ပြောရင်းနှင့် ဦးပဥ္စကြီးက တက်စီတစ်စီးကို လှမ်းတားလိုက်၏။ သို့သော် တက်စီကမရပ်၊ ခရီးသည်ပါလာပုံရသည်။ ဒါနဲ့နောက်တစ်စီး ဒီလိုနှင့် တက်စီလေးစီးမြောက်ကိုတားပြီးသောအခါ ကားတစ်စီးကရပ် ပေးသည်။

ဦးပဥ္စမှာ ဈေးတွေ ဘာတွေပြောမနေနိုင်တော့ဘဲ ဒရိုင်ဘာကို အကျိုးအကြောင်းအမြန်ရှင်းပြရသည်။ ဒရိုင်ဘာမှာ သဘောပေါက် လွယ်သူမို့တော်သေး၏။

မေကြည်ဦးမှာ တက်စီကားနောက်ခန်းထဲသို့ ကလေးငယ်ကို ပွေ့ချီ၍တင်သည်။ ကလေးကဂျစ်ကန်ကန်၊ ပေကတ်ကတ်လုပ်နေ၏။

"မေဂျီးရော . . . မေဂျီး"

"အခု နင့်အမေနောက်ကိုလိုက်မလို့ဘဲ. . . ငြိမ်ငြိမ်နေ. . . အလကား ငါ့နောက်လိုက်လာတယ်"

ကလေးငယ်မှာ မေကြည်ဦးက အော်လိုက်သဖြင့် ကြောက် သွားပြီး ရှုန်းကန်လေသည်။ မေကြည်ဦးမှာ စိတ်မရှည်တော့ဘဲ ကလေး ခေါင်းကို ဒေါက်ခနဲခေါက်လိုက်၏။

ရုတ်တရက်ကလေးမှာ နာသွားပြီး ဖြဲခနဲထငိုတော့၏။ ဆက် ပြီး မေကြည်ဦးက ငိုနေသောကလေးကို ကားနောက်ခန်းထဲပစ်လိုက် သည်။ ပြီးတော့ ပြောသေးသည်။

"မငိုနဲ့လေ. . . နင့်ကို ငါဘာမှမလုပ်ဘူးနော်"

ဦးပဥ္စမှာ မေကြည်ဦးကြောင့် ရယ်ရမလို၊ ငိုရမလိုဖြစ်နေရှာ၏။

http://www.cherrythitsar.org


ရှေ့ခန်းမှစီးသော ဦးပဥ္စက (၅၁)ဘတ်စ်ကားကြီးကို လိုက်ရှာကြည့်၏။ မတွေ့သေး။

"ကားဆရာ . . . (၅၁)ကားလမ်းကြောင်းအတိုင်းသာ မြန်မြန်လေးမောင်းပေးပါ"

ဒရိုင်ဘာက ခေါင်းတစ်ချက်ညိတ်ပြ၏။ ကားနောက်ခန်းတွင်မူ ကလေးမှာ အာပြဲ၍ ငိုနေဆဲ၊ မေကြည်ဦးက ကလေးငယ်၏ ပါးစပ်ကို သူမလက်ဖြင့် ပိတ်ဖို့ကြိုးစားသော်လည်း မအောင်မြင်ဘဲရှိ၏။

"တော်တော်ဒုက္ခပေးတဲ့ကောင်လေး . .၊ ငါထပ်ခေါက်လိုက်ရင် မကောင်းဘဲရှိတော့မယ်"

ဦးပဥ္စ က မေကြည်ဦးကို လှည့်၍ မာန်သည်။

"မင်းကလည်းကွာ . . . ကလေးပဲဥစ္စာ၊ ဘာနားလည်မှာလဲ။ နည်းနည်းပါးပါးသည်းခံမှပေါ့"

မေကြည်ဦးက ဦးပဥ္စကြီးကို မျက်စောင်းလှမ်းထိုးသည်။ ဦးပဥ္စကြီးက သိသော်လည်း မသိချင်ယောင်ဆောင်နေရသည်။

"ဟော . . . ဟိုကားလားဆရာ . . . "

ရှတ်တရက် ကားသမား လက်ညှိုးထိုးပြသော ဘတ်(စ်)ကားကြီးကိုမြင်ရသောအခါ ဦးပဥ္စဝမ်းသာသွားသည်။

"ဟုတ်တယ် ဟုတ်တယ်. . . ခင်ဗျားကားကို အဲဒီဘတ်(စ်)ကားရှေ့ပိတ်ရပ်လိုက် . . . . "

ဒရိုင်ဘာကခေါင်းတစ်ချက်ညိတ်ပြရင်း ဦးပဥ္စ ပြောတဲ့အတိုင်း

http://www.cherrythitsar.org


လုပ်သည်။ စပါယ်ယာမှာ သူ့ကားရှေ့မှာပိတ်ရပ်ထားသဖြင့် ဒေါကန်လေပြီ။ ထိုစဉ်မှာပဲ မေကြည်ဦးက ကားပေါ်မှဆင်းလိုက်၏။

"ဟာ . . . ဒီမိန်းမ၊ လိုက်နှောင့်ယှက်နေပြန်ပြီ၊ ခက်တာပဲ၊ ကဲ ဘယ်လိုဖြစ်ရပြန်တာလဲ ဒါက "

ဦးပဥ္စက မေကြည်ဦးပြောရင် ပိုရှုပ်ကုန်မည်စိုးသဖြင့် အမြန်ဝင်ရှင်းပြရ၏။ စပါယ်ယာမှာ သဘောပေါက်သွားပြီး ကားအပေါက်ဝမှ ခရီးသည်တွေကို အော်ပြောလေသည်။

"မူကြိုဝတ်စုံနဲ့ကလေး အမေ. . . ကားထဲမှာ ရှိသလား၊ ဒီမှာထွက်ခဲ့ပါ"

နှစ်ခါလား၊ သုံးခါလား ထိုသို့အော်မှ ကားထဲမှ ကလေးအမေက လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ အပြင်ဘက်တွင်မူ ကလေးငယ်မှာ "မေဂျီးရေ မေဂျီးရေ "ဟုအော်ကာ ငိုကြွေးနေလေသည်။

ကလေးအမေမှာ ကားအပြင်သို့ အတင်း တိုးထွက်လာခဲ့၏။ ကလေးမှာ သူ့အမေကို တွေ့ရသဖြင့် ပို၍ ငိုနေတော့သည်။

နောက် ကလေးအမေက စပါယ်ယာအား ရန်တွေ့သည်။

"ငါ့ကလေးကို ဘယ်အကောင်က ကားပေါ်ကချလိုက်သလဲ"

"အောင်မယ်. . . လာသေးတယ်၊ ကိုယ့်ကလေးမြေနီကုန်းမှာကျန်ခဲ့တာကို ပဲခူးကလပ်ရောက်မှ သိတဲ့အမေကများ၊ အံ့ပါ့ဗျာ. . . စပါယ်ယာလုပ်စားလာတာ ငါးနှစ်ရှိပြီ. . . ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး"

မေကြည်ဦးက ကလေးအမေကို ရုတ်တရက် ဝင်ပြော၏။

http://www.cherrythitsar.org


"ဒီမှာအစ်မ၊ ဟောဒီလူကို တက်စီခရှင်းပေးလိုက်ပါ၊ သုံးရာကျတယ်တဲ့"

ကလေးအမေပို၍ ဒေါသထွက်လာသည်။

"မပေးနိုင်ဘူး. . . ညည်းတို့ပဲ ငါ့ကလေးကို ခေါ်သွားပြီးတော့"

"သူ့ဟာသူလိုက်လာတာပဲ. . . ကျွန်မက ဘာလို့ခေါ်ရမှာလဲ။ ကိုယ့်ကလေးအတွက် တက်စီခ ကိုယ့်ဘာသာရှင်း"

"မရှင်းဘူး . . . "

"မရှင်းလို့ရမလား. . . ကျွန်မတို့က ငွေသုံးရာဘာမှမဖြစ်ဘူး။ အဲဒီလိုလာမကြောနဲ့ . . . လာ ဦးမောင် သွားကြမယ်"

ထိုအခါ တက်စီဒရိုင်ဘာလေးဝင်တားသည်။

"အဲဒီလိုတော့မလုပ်နဲ့လေဗျာ၊ ကျွန်တော့်ကားကို အစ်မတို့ ငှားလာတာပဲ. . . သူ မပေးဘဲနေရင် အစ်မပေးပေါ့"

တဖြည်းဖြည်းနှင့်ဇာတ်လမ်းတွေက ရှုပ်လာသည်။ လူတွေကလည်း ဝိုင်းအုံလာသည်။ မှတ်တိုင်မှာ နောက်ကားတွေ ရပ်မရသဖြင့် ပြဿနာမှာပို၍ ကြီးလာသည်။

ကလေးအမေ၊ စပါယ်ယာ၊ တက်စီဒရိုင်ဘာနှင့် မေကြည်ဦးတို့၏ ပတ်လည်ရန်ဖြစ်နေပုံမှာ ဦးပဥ္စအတွက် ထူးဆန်းလှသည်။

ဝိုင်းအုံကြည့်နေသည့် လူတချို့က ပြုံးစိစိ ဖြစ်ကုန်ကြသည်။ ဦးပဥ္စမှာ မေကြည်ဦးကို ထိုပြဿနာထဲမှ မနည်းဆွဲထုတ်လာခဲ့ရ၏။ တက်စီခ သုံးရာကိုလည်း သူပဲစိုက်ပေးလိုက်သည်။

http://www.cherrythitsar.org

# ၇၇ ဝေမှုူးသွင်

ထိုအချိန်မှာပဲ ယာဉ်ထိန်းရဲတွေရောက်လာပြီး တက်စီသမား ကို ကားမရပ်ရသည့်နေရာတွင် ရပ်သဖြင့် လိုင်စင်သိမ်းသွား၏။ တက်စီ ဒရိုင်ဘာလေးခမျာ တော်တော်နစ်နာသွားလေသည်။ ဒါပေမဲ့ ဘယ် တတ်နိုင်မည်နည်း။

ဒီလိုနှင့် စံပြမှတ်တိုင်နားအထိ ဦးပဥ္စတို့လမ်းလျှောက်လာခဲ့ကြ သည်။ မေကြည်ဦးမှာ အခုထိ ဦးပဥ္စကို စိတ်ဆိုးနေဆဲဖြစ်သည်။

"မင်းစဉ်းစားကြည့်လေ ကလေးမရဲ့. . . ဒီလိုမှ မလုပ်ရင်ပိုပြီး ပြဿနာရှုပ်မှာပေါ့"

"အို . . . ဘာလို့ရှုပ်ရမှာလဲ၊ ကိုယ်က သူ့ကလေးကိုလည်း လိုက်ပို့ပေးရသေးတယ်၊ တက်စီခလည်း စိုက်ပေးရသေးတယ်၊ ဘာ အဓိပ္ပာယ်ရှိသလဲ"

မြတ်စွာဘုရား၊ ဒီကောင်မလေးက ငါ့ကိုရန်တွေ့နေတာပါလား။

ဦးပဥ္စက သဘောကျစွာပြုံးမိသွားလေသည်။

"အဲဒီလိုမပြုံးနဲ့ . . . "

"ဟောဗျာ . . . ဖြစ်ရပြန်ပြီ"

ပြောခါမှ ဦးပဥ္စမှာ ပို၍ရယ်ချင်မိသွားပြီ ရယ်ချပစ်လိုက်သည်။ မေကြည်ဦးကလည်း စောစောတုန်းက အဖြစ်အပျက်များကို ပြန်တွေး မိပြီး ရယ်ချင်လာသည်။

"ကဲ . . . ကလေးမ၊ မင်းကန်တော်ကြီးသွားဦးမှာလား၊ အဲဒါ ဆိုရင်တော့ တက်စီနဲ့ပဲသွားရအောင်"

"မသွားတော့ပါဘူး ဦးမောင်ရယ်. . . အိမ်ပဲပြန်ကြတာပေါ့"

http://www.cherrythitsar.org



"ဒါဖြင့်လည်း ကိုယ်တို့ဗိုလ်ချုပ်ဈေးခဏသွားကြမယ်"

"ဟာ . . ဦးမောင်ကလည်း ဒီလောက်လူရှုပ်တာ ဘာသွားလုပ်မှာလဲ"

"ကလေးမအတွက် မွေးနေ့လက်ဆောင် ဝယ်ပေးမယ်လေ"

"အာ . . မဝယ်နဲ့ မဝယ်နဲ့ . . မလိုချင်ဘူး"

သူတို့သည်စံပြမှတ်တိုင်ဆီသို့ ခပ်မှန်မှန်လျှောက်နေကြ၏။ မေကြည်ဦးဆီက စကားသံထွက်လာပြန်သည်။

"ဦးမောင် "

သူမကအသံကိုခပ်ဆွဲဆွဲခေါ်လေသည်။ ဦးပဥ္စက ဘာလဲဆိုသည့် အဓိပ္ပာယ်နှင့် လှည့်ကြည့်ပါသည်။

"ဟိုမှာ . . . "

မေကြည်ဦးလက်ညှိုးထိုးပြရာ လှမ်းကြည့်မိတော့ လူတွေက မုန့်ဟင်းခါးဆိုင်မှာ ဝိုင်းအုံနေကြသည်။

"ကျွန်မမွေးနေ့အတွက် မွေးနေ့လက်ဆောင်အဖြစ် ဦးမောင်က ကျွန်မကို မုန့်ဟင်းခါးကျွေး . . . "

အိုး . . . ဘယ်လောက်ချစ်စရာကောင်းတဲ့ ကလေးမလဲ။ ဦးပဥ္စသည် ပျော်ရွှင်လာသည်။

"ကလေးမက စားချင်လို့လား"

"အင်းပေါ့ . . "

"ဒါဆိုစားလေ ၊ မင်းတောင်းတဲ့ မွေးနေ့လက်ဆောင်ကလည်း ထူးဆန်းပါ့ . . . မုန့်ဟင်းခါးတဲ့"

http://www.cherrythitsar.org



ပြောပြီး ဦးပဥ္စက ခပ်ဖွဖွတစ်ချက်ရယ်သည်။

"ကလေးမ"

မေကြည်ဦးက ဘေးတစောင်းအနေအထားမှ လှည့်ကြည့်ပါသည်။

"နောက်ကို ကိုယ်တို့နှစ်ယောက်ဘယ်တော့မှ ဘတ်(စ်)ကား မစီးတော့ဘူး . . . သိလား"

သူတို့နှစ်ယောက် ပြိုင်တူပြုံးမိကြသည်။ ထို့နောက် မုန့်ဟင်းခါးဆိုင်ဆီသို့ ခပ်သွက်သွက်ခြေလှမ်းလိုက်ပါသည်။

"မုန့်ဟင်းခါး နှစ်ပွဲအစ်မ . . . တစ်ပွဲကို ငရုတ်သီးမှုန့်မထည့်နဲ့နော်. . . "

ဟိုတလောက ဦးပဥ္စကြီးက ကန်ပေါင်ပေါ်တွင် ငရုတ်သီးစပ်ခဲ့ပုံ မေကြည်ဦးက ပြန်သတိရနေခဲ့သည်။

မုန့်ဟင်းခါးပွဲများကို အသီးသီးစားပြီးကြသောအခါ ဦးပဥ္စက မေကြည်ဦးကို ကြည့်ရင်းမေးသည်။

"ဘယ်လိုလဲ ကလေးမ . . . ကိုယ့်မွေးနေ့လက်ဆောင်ကို သဘောကျရဲ့လား"

"အိုး . . . ကျတာပေါ့"

မေကြည်ဦး၏အဖြေနောက်တွင် ရယ်သံတွေက ကပ်ပါလာ၏။ ဦးပဥ္စကြီးတစ်ယောက် ဒီလို စိတ်လွတ်ကိုယ်လွတ်မပျော်ရွှင်ရသည်မှာ ကြာပြီမဟုတ်ပါလား။

အိမ်ပြန်ရောက်မှ ဂုဏ်သိက္ခာဆိုသည့်အကျီသည် အတော်

http://www.cherrythitsar.org



လေးလံရှုပ်ထွေးကြောင်းဝတ္ထုတိုတစ်ပုဒ်လောက်ရေးဦးမည်ဟု ဦးပဥ္စတွေးမိ၏။ အဲဒီဝတ္ထုထဲတွင် အချစ်အကြောင်းလည်း အနည်းငယ်ပါဝင်မည်။

ကလေးမရယ်၊ ကိုယ် မင်းကြောင့် ဒီညစာရေးဖြစ်ဦးမှာပေါ့ကွာ။

* * *

http://www.cherrythitsar.org

# အခန်း (၈)

မေကြည်ဦးသည် ခြံရှေ့ရှိ အုတ်ခုံလေးပေါ်တွင် ထိုင်ရင်း မိုးတိမ်တွေကိုငေးကြည့်နေမိသည်။ သီချင်းနားထောင်ရတာပျင်းလာသဖြင့် သူမသည် အပေါင်းအသင်းတွေဆီကို စောစောတုန်းကပဲ ဖုန်းတွေလျှောက်ဆက်ခဲ့၏။ ဦးပဉ္စကြီးဆီကို ဖုန်းဆက်၍မရ မဂ္ဂဇင်းတိုက်ရဲ့ဖုန်းဆိုတော့ ဒီလိုပဲလိုင်းမအားတာများသည်။ ဆဲလ်လူလာကိုလှမ်းဆက်တော့လည်း ဖုန်းပိတ်ထား၏။

ဒါကြောင့် မေကြည်ဦးက ဦးပဉ္စဆီဖုန်းဆက်ဖို့ကိစ္စကို လက်လျှော့လိုက်ပြီး ခြံရှေ့မှာထွက်ထိုင်နေတာဖြစ်သည်။ အိသန္တာက ဗိုလ်ချုပ်ဈေးကအပြန်လှည့်ဝင်လာခဲ့မည်ဟုပြောထားသဖြင့် မေကြည်ဦးက မျှော်နေမိ၏။

http://www.cherrythitsar.org



ထိုစဉ် . . .  မေကြည်ဦးမြင်လိုက်ရသည်မှာ ဟိုတစ်နေ့က အင်းလျားတွင် တွေ့ခဲ့ရသော အနက်ရောင် Mark II ကားလှလှကြီး တစ်စီး ဖြစ်သည်။ သူမ ရင်တွေခုန်သွား၏။

ဒါဆို ဟိုလူကားကြီးပေါ့။

သို့သော် လူကိုတော့ မတွေ့ရ။ ကားကြီးက မေကြည်ဦးတို့ခြံနှင့် ခပ်လှမ်းလှမ်းတွင် ရပ်ထားသည်။ မေကြည်ဦးသည် ကားကြီးကို အကဲခတ်နေမိသည်။ ကားထဲတွင် လူရှိပုံတော့မရ . . . ။

ဒီအနီးအနားတွင် အအေးဆိုင်ငယ်တစ်ဆိုင်ရှိသည်။ လမ်းထဲက အိမ်တွေဆီလာလည်တာမဟုတ်လျှင် သွားစရာဆို၍ အဲဒီအအေးဆိုင်တစ်ဆိုင်သာရှိ၏။

ဒါပေမဲ့ ဒီလမ်းထဲတွင် အိမ်တိုင်းက ခြံဝင်းရှိသည်မို့ ဧည့်သည်လာလျှင် ဘယ်သူကမှ ကားကို ခြံအပြင်မှာ ရပ်ထားလိမ့်မည် မဟုတ်။

အအေးဆိုင်ကို သွားတာဆိုရင်လည်း ကားကိုအအေးဆိုင်ရှေ့အထိ မောင်းသွားနိုင်သည်။ ကြည့်ရတာ ကားပျက်နေတာလည်းမဖြစ်နိုင်။

မေကြည်ဦးလျှောက်စဉ်းစားနေရင်းမှ ရုတ်တရက်အံ့ဩသွား၏။ အကြောင်းမှာ လူရှိပုံမရဟု သူမထင်ထားသော ကားကြီးပေါ်မှ လူတစ်ယောက်ဆင်းလာသောကြောင့်ဖြစ်ပါသည်။

ဟိုလူ . . .  ဟုတ်တာပေါ့၊ အဲဒီလူပဲ။

ထိုပုဂ္ဂိုလ်က ကားတံခါးသပ်ရပ်စွာပြန်ပိတ်လိုက်၏။ မေကြည်

http://www.cherrythitsar.org


ဦးကိုလည်း လှစ်ခနဲ ပြုံးပြလိုက်သေးသည်။ ပြီးတော့ မေကြည်ဦး ထိုင်နေသော အုတ်ခုံလေးဆီသို့ လျှောက်လာလေသည်။

မေကြည်ဦးရင်ထဲတွင် အံ့သြမှုနှင့် ရှုပ်ထွေးမှုသည် တစ်ပြိုင်နက်တည်း ခံစားနေရ၏။ အနားကို ရောက်လာသော ထိုလူက မေကြည်ဦးကို ပြောလိုက်သည်။

"ကိုယ့်နာမည်က စည်သူပါ၊ ဒီက မေကြည်ဦးနဲ့မိတ်ဆွေတွေ ဖြစ်ချင်ပါတယ်"

ရုတ်တရက်ကြီးမို့ မေကြည်ဦးသည် ဘာပြန်ပြောရမည်ကို စဉ်းစားမရဘဲ ဖြစ်နေသည်။ စည်သူ ဆိုသည့် ထိုလူက အခြေအနေကို ပြန်ထိန်းလိုက်ပါသည်။

"မင်းစဉ်းစားဦးပေါ့. . . ကိုယ်နောက်နေ့ကျမှ ဖုန်းလှမ်းဆက်လိုက်မယ်၊ ဟုတ်ပြီလား"

မေကြည်ဦးက အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်ပြမိလျက်သားဖြစ်သွားသည်။ ထိုအခါ စည်သူက ပြန်လှည့်ထွက်သွားပါသည်။ မေကြည်ဦးသည် စည်သူ့ခြေလှမ်းတွေကို သေချာလိုက်ကြည့်နေမိ၏။

စည်သူက သူ့ကားကြီးပေါ် ပြန်တက်သွားပြီး မေကြည်ဦးဖက်ကို တစ်ချက်လှည့်ကြည့်သည်။ နောက် လက်ပြနှုတ်ဆက်လိုက်၏။

ကားအနက်ကြီးသည် ညင်သာစွာ မောင်းထွက်သွားပြီ။

မေကြည်ဦးသည် ဒီအဖြစ်အပျက်ကို တထိတ်ထိတ်ရင်တွေခုန်

http://www.cherrythitsar.org


လျှက်ရှိသည်။ စည်သူဆိုသည့်နာမည်၊ ဆွဲဆောင်မှုရှိသော လေသံ၊ စတိုင်ကျသော ဝတ်စားဆင်ယင်မှု၊ ချောမောပြေပြစ်သောရုပ်ရည်။

အားလုံးသည် သူမကို လှပစွာ ဖြားယောင်းနေလေသည်။

ခဏကြာတော့ အိသန္တာက တက်စီတစ်စီးနှင့် ရောက်လာ၏။ အုတ်ခုံပေါ်တွင် တစ်ယောက်တည်းထိုင်နေသော မေကြည်ဦးကို တွေ့တော့ ပျော်သွားသည်။

"ဟဲ့ . . . မိဦး၊ နင်တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"ပထမတော့ ထိုင်နေတာဟ၊ နောက်ကျတော့ . . ."

"ဆက်ပြောလေ၊ နင်ကလည်း . . ."

"လာဟာ အိမ်ထဲရောက်မှ ပြောမယ်"

ဒီလိုနှင့် နှစ်ယောက်သား အိမ်ထဲကို ဝင်သွားကြသည်။

တိတ်ဆိတ်သော မာယာတွေအကြောင်း ကောင်မလေးနှစ်ယောက်က ဆွေးနွေးကြပေတော့မည်။ တစ်ဖက်က ဦးပဍ္ဍ၏ခြံထဲတွင်လည်း ထမင်းချက် မောင်ဝင်းနှင့် ခြံစောင့်ကြီး အာပွရာဟူးတို့က ကျားထိုးရင်းနှင့် မာယာတွေအကြောင်းပြောမိကြ၏။

မာယာဆိုသည်မှာ တစ်ခါတစ်ရံ ချစ်စရာကောင်း၍ တစ်ခါတစ်ရံ မုန်းစရာကောင်းပါသည်။

* * *

# အခန်း (၉)

တိတ်ဆိတ်သော ညသည် ဦးပဥ္စလို အသက်လေးဆယ်ကျော် အရွယ်လူတစ်ယောက်ကို ပုံမှန်ဆို ရင်ခုန်အောင် ဖမ်းစားဖို့မဖြစ်နိုင်ပေ။ အတွေ့အကြုံကြောင့်အစစရာရာ ရင့်ကျက်နေပြီဟု ထင်စရာရှိသော်လည်း အချစ်သည် တော်တော်ထူးဆန်းသည့်ကိစ္စဆိုတာ ဦးပဥ္စသဘောပေါက်စပြုလာပြီ။

အခုဆို နေရာအနှံ့ကောင်မလေးက စိုးမိုးနေ၏။

ဦးပဥ္စတစ်ယောက်အခန်းထဲမှ ထွက်ကာ လသာဆောင်ပေါ် တက်သွား၏။ မေကြည်ဦးတို့အိမ်ဖက်ကို လှမ်းကြည့်မိတော့ ပြတင်းပေါက်တွင် ဝေဝေဝါးဝါးအရိပ်တစ်ခုကိုတွေ့ရ၏။

ဘယ်သူဆိုတာ သေချာမသိပေမယ့် မေကြည်ဦးလို့ပဲ ဦးပဥ္စက ယုံကြည်ထားလိုက်သည်။

http://www.cherrythitsar.org


ရုတ်တရက် သူ့အကြံရသွား၏။ ဦးပဥ္စသည် အောက်ကိုဆင်း သွားပြီး အခန်းထဲမှ ဆဲလ်လူလာဖုန်းကိုယူကာ လသာဆောင်ပေါ် ပြန်တက်လာသည်။ ပြီးတော့ မေကြည်ဦးတို့အိမ်ကို ဖုန်းလှမ်းဆက် လိုက်သည်။

မေကြည်ဦးသည် အချိန်မတော် ထမြည်နေသော တယ်လီဖုန်း ကို မျက်မှောင်ကုတ်၍ တစ်ချက်ကြည့်လိုက်ပြီး ဖတ်လက်စစာအုပ်ကိုချ ကာ သွားကိုင်လိုက်သည်။

"ဟဲလို . . . "

"ကလေးမလားဟင်"

အို . . . ဘယ်လောက်နူးညံ့တဲ့အသံလဲ၊ သူမကို ကလေးမဟု ခေါ်သူသည် ကမ္ဘာပေါ်တွင် ဦးပဥ္စတစ်ယောက်သာရှိပါသည်။

"ဦးမောင် . . . ဘယ်ကနေ ဆက်နေတာလဲ"

"ကိုယ့်အိမ်ရဲ့ လသာဆောင်ကနေ ဆက်နေတာလေ. . . မင်း အခန်းပြတင်းပေါက်ကိုဖွင့်ကြည့်လိုက်ပါလား၊ ကိုယ့်ကို တွေ့လိမ့်မယ်"

"အင်း . . . ကြည့်မယ် ခဏနော်"

မေကြည်ဦးသည် ဖုန်းခွက်ကို ဘေးမှာ ချထားလိုက်ပြီး ဦးပဥ္စ တို့ခြံဖက်ကပြတင်းပေါက်ကို ဖွင့်လိုက်ပါသည်။ တစ်ဖက်ခြံရှိ နှစ်ထပ် တိုက်လသာဆောင်ပေါ်တွင် လူတစ်ယောက် မတ်တတ်ရပ်နေ၏။ နောက် လက်ထောင်ပြလေသည်။ မေကြည်ဦးက ဖုန်းဆီကို ပြန်သွားကိုင်လိုက် သည်။

သူမ ပျော်နေပြီဖြစ်သည်။

http://www.cherrythitsar.org

# ၈၇ ဝေမှုးသွင်

"ဟဲလို . . . ဦးမောင်"

"ခင်ဗျာ"

"အခုထိ မအိပ်သေးဘူးလား"

"အိပ်လို့မပျော်ဘူး ကလေးမရဲ့ . . "

မေကြည်ဦးဖက်က နှုတ်ဆိတ်သွားမိသည်။ ဘာဖြစ်လို့အိပ်မပျော်တာလဲဟု သူမ ဆက်မမေးရဲ။ ဦးပဥ္စကပဲ စကားစပြောရသည်။

"ကလေးမကရော မအိပ်သေးဘူးလား"

"ဟင့်အင်း . . . မအိပ်သေးဘူး ၊ ဝတ္ထုဖတ်နေတာ"

"ဘယ်သူ့ဝတ္ထုလဲ"

"အများကြီးပဲ ဦးမောင်၊ ရွတ်ပြရင်မောသွားမယ်"

ပြောပြီး မေကြည်ဦးက သူမဖတ်နေသော ဝတ္ထုစာအုပ်တွေ၏ စာရေးဆရာမများအမည်ကို ရွတ်ပြသည်။ နာမည်တွေက တော်တော်စုံလေသည်။

"ခင်သန္တာစိန်စိန်၊ ဆွေးဆွေးရဲရင့်ချစ်လေး၊ ပူစီမ (အညာ)၊ ပြီးတော့ . . . "

ဦးပဥ္စက စိတ်ညစ်စွာတစ်ချက်ရယ်ပါသည်။

ဒီကောင်မလေးဆီတွင် စိတ်ညစ်စွာရယ်မောဖွယ်ကိစ္စတွေ တော်တော်များများရှိနိုင်သည်။ ကိုးယိုးကားရားနှင့် အဆင်မပြေမှုတွေလည်းရှိနိုင်သည်။ ပြီးတော့ ယောကျ်ားတစ်ယောက်ကို မူးယစ်စေသော မျက်လုံးတွေ . . . ဒါကတော့ အသေအချာရှိလေသည်။

http://www.cherrythitsar.org


"ဦးမောင်"

"ပြောလေ . ."

"ဦးမောင် ငယ်ငယ်တုန်းက အကြောင်းတွေ ပြောပြပါလား ဟင်"

"ဦးမောင်ငယ်ငယ်တုန်းကအကြောင်းတွေက အများကြီးပဲ ကလေးမရဲ့၊ ပြောရင်မိုးလင်းသွားလိမ့်မယ်"

"အဲဒါဆို အကုန်မပြောနဲ့ . . . တချို့တစ်ဝက်ပဲပြောပေါ့ . . . ဦးမောင်ပြောပြီးရင် ကျွန်မလည်းပြောပြမယ်လေ . . . "

"အိုကေ . . . အဲ . ဒါနဲ့နေပါဦး၊ ကလေးမက ဘယ်လို အကြောင်းအရာမျိုးကို နားထောင်ချင်တာလဲ . . "

"ဦးမောင် ငယ်ငယ်ကပိုးခဲ့ဖူးတဲ့ကောင်မလေး တစ်ယောက် အကြောင်းပြောပြ . . "

"အင်း . . . ကောင်းပြီလေ . . . ပြောတာပေါ့ . . . "

ဦးပဥ္စကပြောပြီးအနည်းငယ် စဉ်းစားလိုက်ပါသည်။ သူက လသာဆောင်ပေါ်မှာ ဟိုဖက်ဒီဖက်လမ်းလျှောက်ရင်း သူ့အကြောင်းကို စပြောတော့သည်။ လရောင်သည် ညကောင်းကင်တွင်ပြာလင်းနေ၏။

"ကိုယ့်အသက်နှစ်ဆယ့်ငါးနှစ်လောက်ကပေါ့၊ နယ်မှာ နာမည်ကြီးလက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိတယ်၊ လက်ဖက်ရည်ကောင်းသလို ကောင်တာမှာ ထိုင်တဲ့ကောင်မလေးကလည်း တော်တော်လှတယ်ကွ၊ အဲဒီဆိုင်မှာ ကာလသားတွေတရုန်းရုန်းပေါ့၊ ပြီးတော့ အဲဒီဆိုင်က

http://www.cherrythitsar.org


သီချင်းဖွင့်တယ်။ အဲဒီအချိန်တုန်းက အခုလိုမဟုတ်သေးဘူး၊ လက်ဖက်ရည်ဆိုင်တွေက သီချင်းမဖွင့်ကြဘူး၊ ရေဒီယိုပဲဖွင့်တာ . . . ”

“ဦးမောင်ကရော အဲဒီဆိုင် သွားထိုင်မှာပေါ့”

“အင်းပေါ့ ကလေးမရဲ့၊ ဒါပေမဲ့ ကိုယ်ကရိုးရိုးသားသားပါ၊ ကောင်မလေးကြောင့်မဟုတ်ဘူး၊ လက်ဖက်ရည်ရယ်၊ သီချင်းရယ် ကောင်းတာကိုး။ အဲဒီတုန်းက မင်းမင်းလတ်ကို ကိုယ်တို့ကသိပ်ကြိုက်ကြတာ ”

“ဟွန်း . . . မဖြစ်နိုင်ပါဘူး၊ ဦးမောင် လာရှိန်းမနေနဲ့နော်။ အဲဒီကောင်တာက ကောင်မလေးကိုကြိုက်တာလည်း နည်းနည်းပါးပါး ပါမှာပေါ့ . . . ”

ဦးပဥ္စဆီမှ လွတ်လပ်ပေါ့ပါးသောရယ်သံတွေ ပေါ်ထွက်လာသည်။

“ထားပါတော့ ကလေးမရဲ့ . . . အဲဒီကောင်မလေးက တော်တော်ကိုလှတာကွ သိလား . . . ”

“ကဲ . . . ပြောစရာရှိတာ ဆက်ပြောတာမဟုတ်ဘူး”

“တစ်နေ့ကျတော့ ကိုယ်တို့သူငယ်ချင်းတွေ ထိုင်နေတုန်း သူတို့ဆိုင်မှာဖွင့်ထားတဲ့သီချင်းက သိပ်မကောင်းဘူးဖြစ်နေတယ်၊ အဲဒါနဲ့ ကိုယ်က ကောင်တာကိုထသွားပြီး မင်းမင်းလတ်သီချင်းဖွင့်ပေးဖို့ သွားပြော မိတယ်၊ အဲဒီကောင်မလေးကလည်း ချက်ချင်းပဲ မင်းမင်းလတ်သီချင်း ပြောင်းပြီးဖွင့်ပေးရှာပါတယ်၊ ဒါနဲ့ ကိုယ်လည်း အမှတ်တမဲ့ ပြီးသွားရောပေါ့လေ ”

"ဒါပဲလား . . . ဦးမောင် ဥစ္စာကြီးကလည်း . . ."

"မဟုတ်ဘူး. . . မပြီးသေးဘူးလေ၊ ပြီးသွားရောဆိုတာက အဲဒီ တစ်နေ့အတွက်ပြောတာ"

"ဩော် . . . ဟုတ်ပြီ . . . ဆက်ပြော ဆက်ပြော . . ."

"အဲဒီလိုနဲ့ ကိုယ်တို့နောက်တစ်နေ့ လက်ဖက်ရည်ဆိုင်ထိုင် ချိန်ရောက်လာတော့ ထုံးစံအတိုင်းပဲ အဲဒီဆိုင်ကိုသွားကြတာပေါ့. . ကိုယ်တို့ရောက်တဲ့အချိန် ဆိုင်မှာတခြားသီချင်းဖွင့်နေတာ၊ ဒါပေမဲ့ ကိုယ်တို့ဘာမှမပြောဘဲ ချက်ချင်းဖွင့်လက်စသီချင်းပိတ်သွားပြီး မင်းမင်းလတ်သီချင်းကိုဖွင့်လိုက်တယ်၊ သူငယ်ချင်းတွေကတော့ သတိမထားမိပေမဲ့ ကိုယ်ကတော့ သတိထားမိတာပေါ့၊ ကောင်တာကို လှမ်းကြည့်မိတော့ လည်း မျက်လုံးချင်းဆုံပြီး ကောင်မလေးက ပြုံးပြတယ်. . . အဲဒီလိုနဲ့ ဇာတ်လမ်းကစတာပေါ့လေ . . ."

"အံမယ် . . . ဦးမောင်က တယ်ဟုတ်ပါလား"

"နောက်နေ့လည်း အဲဒီအတိုင်းပဲ ကိုယ်ရောက်လာပြီဆို မင်းမင်းလတ်သီချင်းဖွင့်တယ်၊ အကြည့်ချင်း ကိုယ်တို့စကားပြောကြတယ်၊ အဲဒါ တစ်ပတ်လောက်ကြာတော့ ကိုယ်ကသူငယ်ချင်းတွေနဲ့ အလောင်းအစားတစ်ခုလုပ်တယ်၊ ကိုယ်ရောက်လာပြီဆိုရင် မင်းမင်းလတ်သီချင်းဖွင့်ရမဲ့ သူတို့က မဖွင့်ရဘူး၊ အရက်တစ်ဝိုင်းကြေး၊ အဲဒီလိုပေါ့ . . . ကိုယ်တို့အုပ်စုက လက် ဖက်ရည်ဆိုင်ထဲကို လူစုခွဲပြီးဝင်ကြတယ်၊ သူတို့အဖွဲ့က အရင်ဝင်တာ . . . ဒါပေမဲ့ ဘာမှမထူးခြားဘူး၊ ကိုယ်လည်း

http://www.cherrythitsar.org


ရောက်လာရော ဖွင့်လက်စသီချင်းကရပ်သွားတယ်၊ မင်းမင်းလတ်သီချင်း သံကထုံးစံအတိုင်း ထွက်လာတာပေါ့၊ အဲဒါနဲ့ပဲ ကိုယ်ကအရက်တစ်ဝိုင်း နိုင်လိုက်တယ်”

“ဟွန်း . . . ဦးမောင်တို့ယောကျ်ားတွေက ကောင်းကိုမကောင်း ဘူး. . . မိန်းကလေးတစ်ယောက်ကို အလောင်းအစားလုပ်ရတယ်လို့”

“အဲဒီလိုမဟုတ်ဘူးလေကွာ . . . ကိုယ်တို့က သူ့သိက္ခာကို လောင်းတာမှမဟုတ်ဘဲ၊ Customer အပေါ်မှာ ဆိုင်က ဘယ်လောက် ဂရုစိုက်မှုရှိ မရှိကိုလောင်းတာပေါ့”

“ဦးမောင်တွေးသလို ဦးမောင်သူငယ်ချင်းတွေက တွေးပါ့ မလား. . . ပြီးတော့ ဦးမောင်ကရော အဲဒီအနိုင်ရမှုအပေါ်မှာ မသာယာ နိုင်ဘူးလား”

“အင်း . . . မင်းမေးတာ ဟုတ်ပါတယ် . . . အမှန်တကယ် တော့ ကိုယ်သာယာတာပေါ့ . . . အဲဒီကောင်မလေးကလည်း ကိုယ့် ကို တော်တော်ကြီး အခွင့်အရေးတွေပေးတယ် . . . သူငယ်ချင်းတွေ ထဲမှာ ကိုယ့်တစ်ယောက်တည်းကိုပဲ ရယ်ပြ၊ ပြုံးပြတာမျိုးလုပ်တယ်၊ ဆိုတော့ အားလုံးက ကိုယ်တို့နှစ်ယောက်ကို အတွဲလို့သတ်မှတ်ကြပြီး နောက်ပြောင်ကြတယ်”

“နောက်တော့ရော . . . ဘာတွေဖြစ်ကြလဲ . . . ”

မေကြည်ဦး၏ မေးခွန်းကို မဖြေမီ ဦးပဥ္စက ခပ်ဟဟ ရယ်လိုက် ပါသည်။

"ဘာဖြစ်သလဲဆိုတော့ကွာ . . . နောက်ထပ်နှစ်လလောက်ကြာတော့ ကိုယ်က အဖေနဲ့တောင်ကြီးဖက်ကို ခရီးခဏထွက်ရတယ်၊ အဲဒီခရီးကနေ ကိုယ်လည်း ပြန်ရောက်ရော သူကလေ . . . "

"သူက ဘာဖြစ်လဲ ပြောလေ ဦးမောင် . . . "

"သူက . . . ယောက်ျားရသွားတယ်"

ဦးပဥ္စကားအဆုံးတွင် မေကြည်ဦးဆီမှ အားရပါးရရယ်သံတွေ ရောက်လာ၏။ ဦးပဥ္စကြီးကလည်း ရှက်ရယ်ရယ်မိလေသည်။

"ဟား . . . ဟား . . . ဟား ဟား"

"ဖြစ်မှ ဖြစ်ရလေ ဦးမောင်ရယ်"

ည၏တိတ်ဆိတ်ခြင်းထဲတွင် ရယ်သံများနှင့် ပျော်ရွှင်မှုသည် အလွယ်တကူပင် ရောထွေးသွားပါသည်။

ထိုအချိန်တွင် ခြံစောင့်ကုလားကြီး အာပွရာဟူးက ခါတိုင်းလို တွေ့ကရာနေရာမှာ အပေါ့မသွားဘဲအမှောင်ရိပ်ရှိသည့် ကားဂိုဒေါင်နားကို သွားကာ သူ့ကိစ္စကိုလုပ်သည်။

အဲဒီမှာပဲ အာပွရာဟူးသည် လသာဆောင်ပေါ်တွင် လမ်းလျှောက်ရင်းဖုန်းပြောနေသော ဦးပဥ္စကြီးကိုမြင်သွား၏။ သူ့ဆရာသည် တစ်ခုခုပေါ်တွင် သာယာကြည်နူးနေပုံရ၏။ အာပွရာဟူးက တစ်ဖက်ခြံရှိ မီးလင်းကာ ပြတင်းပေါက်ပွင့်နေသော မေကြည်ဦးအခန်းကိုလည်း မြင်သွားသည်။

အာပွရာဟူးသည် တစ်ခုခုသဘောပေါက်သွားပြီး သူခေါင်း

http://www.cherrythitsar.org


ကြီးကို ယမ်းလေသည်။ ပြီးတော့ အာပွရာဟူးက ကားဂိုဒေါင်ကြီးကိုမှီ၍ ဆရာလုပ်သူကို မော့ကြည့်နေမိ၏။

ဦးပဥ္စကလည်း ဖုန်းပြောနေရင်းမှ အောက်သို့ ငုံ့ကြည့်မိသွားသည်။ သူ့ကို မမှိတ်မသုန်ကြည့်နေသည့် အာပွရာဟူးကိုမြင်တော့ ဘာလုပ်ရမှန်းမသိဖြစ်ကာ လက်ညှိုးကြီးနှင့် တအံ့တသြထိုးမိသည်။ အာပွရာဟူးကလည်း ယောင်ပြီး ဦးပဥ္စကို လက်ညှိုးနှင့်ထိုးလိုက်လေသည်။

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်လက်ညှိုးထိုးနေသည့် ဆရာတပည့်နှစ်ယောက်တွင် ပထမဆုံးသတိဝင်လာသူက အာပွရာဟူးဖြစ်ပါသည်။ အဆဲခံရတော့မည်ဟု သဘောပေါက်သွားပြီး ချက်ချင်း ဂိုဒေါင်နှင့်ကွယ်ကာ သူ့အခန်းဆီသို့ ပြန်ပြေးသည်။

ဦးပဥ္စခမျာလည်း ဘာမှမတတ်နိုင်။ ဒါပေမဲ့ သူ့လက်ညှိုးကြီးကိုတော့ ပြန်ရုပ်သိမ်းလိုက်ပါသည်။ မေကြည်ဦးနှင့်လည်း တစ်ဖက်မှာ ဖုန်းပြောနေရသေးသည်မဟုတ်လား။ မေကြည်ဦးက ဖုန်းထဲမှာ သူမငယ်ငယ်တုန်းက အိမ်မှထွက်ပြေးချင်ယောင်ဆောင်သည့်အကြောင်းကို ပြောပြနေ၏။

"ကျွန်မက အဲဒီတုန်းက အဝတ်အစားတွေကို ထုပ်ပိုးပြီး ခုတင်အောက်ထဲသွင်း၊ ပြီးတော့ မြန်မာကားထဲကလို သမီးအိမ်ကဆင်းသွားပြီ. . . လုံးဝလိုက်မရှာပါနဲ့တော့ ဘာညာပေါ့ . . . အဲဒီလိုလျှောက်ရေးပြီး စာကို မှန်တင်ခုံပေါ်မှာ တင်ထားလိုက်တယ်၊ ရယ်ရတယ်သိလား၊ ကျွန်မကိုယ်တိုင်လည်း ခုတင်အောက်ကိုဝင်ပြီး ပုန်းနေတာပေါ့ . . .

http://www.cherrythitsar.org



မေမေဆို ကျွန်မအိမ်ကဆင်းသွားပြီဆိုပြီးငိုနေတာ . . . နောက်ဆုံးတော့ ခုတင်အောက်ထဲမှာ အဝတ်အစားထုပ်တွေနဲ့ ကျွန်မကို ဖေဖေက မိသွား ရော၊ အဲဒီတုန်းက နှစ်ချက်အရိုက်ခံရသေးတယ်သိလား . . .”

ဦးပဥ္စသည် မေကြည်ဦး၏ စွန့်စားခန်းကို ရယ်မောပစ်လိုက်သည်။ ရင်လည်းမောလာမိလေသည်။

ညသည် ပိုမိုတိတ်ဆိတ်နေပြီး လရောင်က သူတို့၏ခံစားမှုများကို ဖြားယောင်းနေကြ၏။ လေညင်းသည် တသွဲ့သွဲ့လှုပ်ယမ်းတိုက်ခတ်နေသည်။ အချိန်မှာ ညတစ်နာရီထိုးတော့မည်။

“ကဲ . . . ဒါဆိုကိုယ်ဖုန်းချလိုက်တော့မယ်နော် ကလေးမ”

“ဟုတ်ကဲ့ . . . ဦးမောင်”

မေကြည်ဦးက စားပွဲကဖုန်းလေးကိုကြည့်ပြီး တစ်ယောက်တည်းပြုံးမိသည်။ ဦးပဥ္စကတော့ ဘောင်းဘီအိတ်ထဲလက်နှိုက်ကာ လသာဆောင်ပေါ်မှဆင်းသွားပြီ။

အာပွရာဟူးသည် မနက်လင်းရင် ဦးပဥ္စကြီး၏ အဆဲခံရတော့မှာ သေချာသလောက်ရှိသည်။

နောက်တော့ မေကြည်ဦးအခန်းမှ ပြတင်းပေါက်ပိတ်သွားသည်။ မီးလည်းမှိတ်သွား၏။ သို့သော် သူမ ရင်ခုန်သံတွေကတော့ ဆက်လက်ခုတ်မောင်းလျက်ရှိပါသည်။

* * *

http://www.cherrythitsar.org

# အခန်း (၁၀)

"ကလင် . . . ကလင် . . ."

မေကြည်ဦး၏အခန်းထဲမှ ဖုန်းသံသည် ထိုကဲ့သို့သာမြည်ပါသည်။ အချိန်က မနက်ရှစ်နာရီကျော်စပြုနေပြီမို့ သူမ အိပ်ရာမှ ထပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။

"ဟဲလို . . . အမိန့်ရှိပါရှင် "

"မေကြည်ဦးလား"

"ဟုတ်ကဲ့ . . . မေကြည်ဦးပါ'

"ကျွန်တော် စည်သူပါ . . . "

မေကြည်ဦးမှာ စည်သူဆိုသည့်နာမည်ကြောင့် လှစ်ခနဲ ရင်ခုန်မိသွားသည်။ သူမ ဘာပြန်ပြောရမည်ကို စဉ်းစားနေစဉ်မှာ စည်သူက ဆက်ပြော၏။

"ဘယ်လိုလဲ၊ ကိုယ့်ကိစ္စကိုစဉ်းစားပြီးပြီလား"

"ရှင်. . ."

"ဪ . . . ကိုယ့်ကိစ္စဆိုတာ ကိုယ်က မေကြည်ဦးကို မိတ်ဆွေတွေဖြစ်ချင်တယ်လို့ တောင်းဆိုထားတယ်လေ . . . အဲဒီကိစ္စ ကိုပြောတာပါ"

ထိုအခါ မေကြည်ဦးဆီမှ ရယ်သံများက ချိုလွင်စွာထွက်ပေါ် လာ၏။ ပြီးတော့ သူမက မေးခွန်းတစ်ခုကိုမေး၏။

"စည်သူက ဘာဖြစ်လို့ မိတ်ဆွေတွေဖြစ်ချင်ရတာလဲ"

"ဒါက ရှင်းပါတယ်၊ မင်းအနားမှာ နေချင်လို့ပေါ့ . . ."

ပွင့်လင်းလွန်းသော စည်သူစကားကြောင့် မေကြည်ဦးက နည်းနည်းရှက်သွားပါသည်။ ဒါပေမဲ့ အတင့်ရဲပြီး ပွင့်လင်းသည့် စည်သူ လိုယောကျ်ားမျိုးကို မိန်းကလေးတစ်ယောက်က ရှက်ကိုးရှက်ကန်းနှင့်သာ ရင်ဆိုင်မည်ဆိုပါက အလျှင်အမြန်ကျဆုံးသွားနိုင်၏။ ဒါကို မေကြည်ဦး က ပါးနပ်စွာသဘောပေါက်လေသည်။

"ရှင်က ကျွန်မအနားမှာ ဘယ်လောက်တောင်နေနိုင်မှာမို့လဲ"

"တစ်ဘဝလုံးစာ နေနိုင်တယ်"

အခုချိန်အထိတော့ ဒီလူ့ဒိုင်ယာလော့ခ်တွေက အမှားအယွင်း မရှိသေးဘူး ဟုသူမတွေးမိသည်။

"စည်သူက ကျွန်မအကြောင်းတွေကိုရော ဘယ်လောက် တောင်သိထားလို့လဲ . . ."

http://www.cherrythitsar.org



"သိတာပေါ့ . . . ဦးရဲမြင့်၊ ဒေါ်ခင်မေအောင် တို့ရဲ့တစ်ဦး တည်းသောသမီး၊ ကွန်ပြူတာနဲ့ဘွဲ့ရပြီးပြီ၊ ရည်းစားသနာလုံးဝမရှိဘူး၊ ဒါပေမဲ့ လောလောဆယ် အိမ်နီးချင်း ဘဲကြီးတစ်ဖွဲ့ရဲ့ ကြံစည်ခြင်းကို ခံနေရတယ်"

မေကြည်ဦးသည် စည်သူက ဦးမောင်ကို ထိုသို့ပြောတာကို တော့ လုံးဝမခံနိုင်ပေ။

"စည်သူနော် . . . ဦးမောင်ကိုတော့ အဲဒီလိုမပြောပါနဲ့ . . . သူက လူကြီးလူကောင်းတစ်ယောက်ပါ၊ နောက်တစ်ခါအဲဒါမျိုးထပ်ပြော ရင် စည်သူ့ကို မိတ်ဆွေအဖြစ်ကပါ၊ ရပ်စဲပစ်လိုက်မယ်"

"ဆောရီးကွာ . . . ကိုယ်တောင်းပန်ပါတယ်၊ အခုဒါဆိုမင်း နဲ့ ကိုယ်နဲ့က မိတ်ဆွေတွေဖြစ်သွားပြီပေါ့နော် . . . "

""ဟင်း ဘယ်သူကပြောသေးလို့လဲ"

"မင်းပဲပြောတယ်လေ . . . နောက်တစ်ခါ ဟိုစာရေးဆရာ ကြီးကို ကိုယ်ကမချေမငံပြောရင် မိတ်ဆွေအဖြစ်က ရပ်စဲမယ်ဆို . . . အဲဒါက မိတ်ဆွေအဖြစ်လက်ခံပြီးသား ဆိုတဲ့သဘောပဲ . . . "

ဒီတော့မှ မေကြည်ဦးက သူမအမှားကို သိသွားပြီး စည်သူရဲ့ ဖြတ်ထိုးဉာဏ်ကိုလည်း စိတ်ထဲကချီးကျူးလိုက်မိ၏။

"ဟွန်း . . . သိပ်လည်တာပဲ"

"ဒီလိုပဲပေါ့ . . ဟဲ ဟဲ ဟဲ"

"နေဦး၊ ရယ်မနေနဲ့ . . . စည်သူ့အကြောင်းတွေမေးဦးမယ်"

http://www.cherrythitsar.org



"ဒီလိုလုပ်လေ . . . မင်းကိုယ့်အကြောင်းတွေမေးချင်တယ်ဆိုရင် အခု ကိုယ်မင်းအိမ်ကိုလာခဲ့မယ်"

"ဟာ . . . ဘယ်ဖြစ်မှာလဲ၊ အိမ်မှာ ဒီအချိန် ဖေဖေ မရှိပေမယ့် မေမေကရှိတယ်၊ ကျွန်မက အိမ်ကို သူစိမ်းယောကျ်ားလေးတစ်ခါမှ ခေါ်လာဖူးတာမဟုတ်ဘူး။ တစ်မျိုးအထင်ခံရမှာပေ့ါ . . . ဘယ်ဖြစ်မလဲ"

"ဒါဆို ဟိုလူကြီးကျတော့ရော . . . "

စည်သူဆိုလိုသည့် ဟိုလူကြီးဆိုသည်မှာ ဦးပဥ္စမှန်း မေကြည်ဦးကသဘောပေါက်ပြီးဖြစ်ပါသည်။

"ဟာ . . . အဲဒီလိုမပြောနဲ့လေ. . . ဦးမောင်က အိမ်နီးချင်းပဲ၊ ပြီးတော့ သူက တစ်အိမ်လုံးနဲ့လည်းသိတယ် . . . ကျွန်မမိတ်ဆွေလည်းဖြစ်တယ်"

"ကိုယ်လည်း မေကြည်ဦးမိတ်ဆွေပဲ . . . "

စကားကို အတင်းရအောင်ကတ်ပြောနေသော စည်သူကို မေကြည်ဦးက ရယ်ချင်လာ၏။ ထိုအချိန်မှာပဲ ဦးပဥ္စ၏ မျက်နှာကို မြင်ယောင်မိသွားတော့ သူမနည်းနည်း တွေဝေသွားသည်။

"စည်သူ . . . ကျွန်မပြောမယ်၊ အခုတော့ အိမ်ကို စည်သူလာလည်လို့မရသေးဘူး . . . အဲဒီကိစ္စကို ကျွန်မစဉ်းစားဦးမယ်"

အခြေအနေကို စည်သူက ပါးနပ်စွာအကဲခတ်မိသည်။

"ရပါတယ် . . . မေကြည်ဦးရဲ့။ ကိုယ်က မင်းကို စချင်လို့တမင်လျှောက်ပြောနေတာပါ"

http://www.cherrythitsar.org


"စည်သူက အဲဒါမျိုးပဲလျှောက်ပြောနေကျလား . . . ဒါဆို စည်သူ့စကားကို အတည်ယူလို့မရတော့ဘူးပေါ့ . . . "

"မဟုတ်ပါဘူး၊ ကျွန်တော်က မေကြည်ဦး ကျွန်တော့်ကြောင့် တာဝန်တစ်ခုလိုစိတ်ထဲမှာ လေးနေမှာစိုးလို့ပြောတာပါ"

"ကျွန်မကလည်း စည်သူ့ကို အိမ်မခေါ်ချင်လို့ မဟုတ်ပါဘူး. . . လောလောဆယ် အခြေအနေအရ ခေါ်လို့မရသေးလို့ပါ . . . ဒါပေမဲ့ ကျွန်မတို့က မိတ်ဆွေတွေပဲ. . . အပြင်မှာတွေ့ရင် လာနှုတ်ဆက်ပေါ့"

မေကြည်ဦး၏စကားကြောင့် စည်သူကခပ်ဖွဖွရယ်မိသည်။ ပြီးတော့ သူကစကားတစ်ခွန်းပြော၏။

"မိတ်ဆွေတွေဆိုတော့ သတိရတဲ့အခါ ဖုန်းတော့ဆက်လို့ရတယ်မဟုတ်လား. . . "

"အဲဒီလောက်တော့ရပါတယ်"

"ဟုတ်ကဲ့ . . . အခုလို သိရတာကျေးဇူးတင်ပါတယ်"

"ဒါဆို ဘိုင့်ဘိုင် . . . "

"အိုကေ . . . ဘိုင် . . . "

ဖုန်းကိုချလိုက်ပြီးတော့ စည်သူက ကျေနပ်စွာ ပြုံး၏။ ဦးပဥ္စ ဆိုတဲ့ လူကြီးကို ယှဉ်ပြိုင်ဖို့ သူသည် ပထမဆုံးခြေလှမ်းတစ်လှမ်းကို စလှမ်းနိုင်ခဲ့ပြီမဟုတ်ပါလား။

သူသည် ဦးလေးဖြစ်သူကို ပြန်လက်စားချေဖို့ နိုင်ငံခြားမှ

http://www.cherrythitsar.org


ပြန်လာပြီးကတည်းက အမြဲလိုလိုကြိုးစားနေတာဖြစ်သည်။ ဦးပဥ္စသည် တစ်ချိန်တုန်းက သူ့ကိုလူတွေကြားထဲမှာ မေမေ့အသုဘနေ့မှာ ပြင်းပြင်း ထန်ထန်ရှုတ်ချခဲ့သူဖြစ်၏။ ဦးပဥ္စက မေမေ့အစ်ကိုကြီး၊ မောင်နှမနှစ် ယောက်တည်းမို့ သိပ်ချစ်ကြသည်။

အဲဒီတုန်းက စည်သူသည် လူငယ်တစ်ယောက်မို့ ဆိုးခဲ့၏။ မိုက်ခဲ့၏။ ဆေးတွေ ဘာတွေလည်းသုံးခဲ့ဖူးသည်။

ဦးပဥ္စ၏ ငါ့ညီမသေရတာမင်းကြောင့်ဆိုသည့် ကြောက်စရာ စွပ်စွဲချက် . . . စည်သူဘယ်တော့မှ မမေ့။ အမှန်တော့ မေမေက သူ့ နှလုံးရောဂါနှင့်သူ ဆုံးခဲ့တာဖြစ်၏။ စည်သူက ဆေးမှုနှင့်ထောင်နှစ် နှစ်ကျခဲ့သည်။ မေမေက သူ့စိတ်နှင့် မအိပ်နိုင် မစားနိုင် . . . ဖေဖေ ကလည်း စည်သူခပ်ငယ်ငယ်လောက်တုန်းက ကားအက်စီဒင့်ဖြစ်ပြီး ဆုံးခဲ့ရသည်။

အမေတစ်ခု သားတစ်ခုဘဝတွင် ဦးပဥ္စက သူတို့သားအမိ ကြားမှာ အမြဲဝင်ရောက်စွက်ဖက်သူ၊ သူ့ကို အမြဲတမ်း အထင်သေးသူ၊ သူတို့မိသားစု၏ ပိုင်ဆိုင်မှုတွေကိုလည်း ချုပ်ကိုင်ထားသူ။

ထိုစဉ်တုန်းကတော့ မေမေ့မျက်နှာနှင့်စည်သူက အမြဲအလျှော့ ပေးခဲ့ရသည်။

စည်သူက ထောင်ထဲမှာ ကိုယ့်ကိုယ်ကိုယ်ပြုပြင်နိုင်ခဲ့၏။ မိမိ ကြောင့် စိတ်ဆင်းရဲခဲ့ရသော မေမေ့ကို အပြင်ပြန်ရောက်လျှင် အတိုး ချပြီး ပြန်ပျော်ရွှင်စေရမည်ဟု စည်သူကစဉ်းစားထား၏။ သို့သော် . . .

http://www.cherrythitsar.org


ကံဆိုးသည်မှာ စည်သူထောင်ကပြန်ထွက်လာသည့်နေ့မှာ မေမေက ဆုံး သွားခဲ့လေသည်။

နောက်တော့ မေမေ့ အသုဘမှာပဲ ဦးပဥ္စက သူ့ကို အော်ဟစ် ရှုတ်ချခဲ့၏။ အသုဘရှိ လူတွေအားလုံးကလည်း စည်သူ့ကို ဦးပဥ္စနှင့် တစ်ထေရာတည်းတူသည့် မျက်လုံးတွေနှင့် ဝိုင်းကြည့်ကြသည်။ စည်သူ သည် မေမေ့အသုဘတွင် တော်တော်ဝမ်းနည်းကြေကွဲခဲ့ရ၏။

ဒီလူတွေ၊ ဒီအသိုင်းအဝိုင်းတွေကြားတွင် စည်သူမနေချင်တော့ ပေ။ ထို့ကြောင့် စည်သူက နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ဖို့ ကြိုးစား တော့၏။ ပထမတော့ စင်ကာပူ၊ နောက် . . . ဂျပန်။

သူနိုင်ငံခြားမသွားခင် ဦးပဥ္စနှင့်ပတ်သက်သော ကြောက်စရာ သတင်းတစ်ခုကို သူရခဲ့၏။ စည်သူ လုံးဝမထင်မှတ်ထားသည့်ကိစ္စ။ ဦးပဥ္စက စည်သူထောင်ထဲရောက်အောင် ရဲကိုသတင်းပေးခဲ့သည်ဟု စည်သူကို ကိုစိုးနိုင်က အခိုင်အမာပြောပြသွားခဲ့သည်။ ကိုစိုးနိုင်သည် ဦးပဥ္စ၏တပည့်အရင်းဖြစ်သည်။

ဒါပေမဲ့ စည်သူက ကိုယ့်ကိုယ်ကိုယ်ရအောင် ပြန်ဆောက်ယူ သည်။ နိုင်ငံခြားမှာ ငါးနှစ်ကျော်ကြာသွားသည်။ သူ့စီးပွားရေးရည်ရွယ် ချက်တွေ အောင်မြင်ခဲ့သည်။

အခုတော့ ဦးပဥ္စကို လက်စားချေဖို့ သူပြန်လာခဲ့ချေပြီ။

http://www.cherrythitsar.org


စည်သူသည် လက်ဖျစ်တစ်ချက်တီးလိုက်၏။ မေကြည်ဦးဆို သည့် ကောင်မလေးကိုတော့ ဘာမှမဆိုင်ဘဲနှင့် ဒုက္ခပေးရဦးမည်။

ထိုအတွေးကြောင့် စည်သူတစ်ယောက်တည်း ခြောက်ကပ်စွာ ရယ်မောမိပါသည်။

* * *

http://www.cherrythitsar.org

# အခန်း (၁၁)

မေကြည်ဦးသည် အခုတလော သူမ ဖြစ်ပျက်နေသမျှကို သူငယ်ချင်းဖြစ်သူ အိသန္တာအား ရင်ဖွင့်နေ၏။

"အိရယ် . . . ငါတစ်ခါမှ ယောကျ်ားနှစ်ယောက်ကြား ဒီလို မျိုး တွေတွေဝေဝေမဖြစ်ခဲ့ဖူးဘူး . . . "

အိသန္တာက ပြုံးစိစိနှင့် မေကြည်ဦးကို ကြည့်သည်။ ပြီးတော့ မေး၏။

"အခု . . . နင်က သူတို့နှစ်ယောက်ကြားမှာ တွေဝေနေပြီ ပေါ့လေ . . . "

ထိုအခါ မေကြည်ဦး ရှက်သွားသလို ခေါင်းတစ်ချက်ယမ်းရင်း ဝန်ခံ၏။

"အေးပေါ့ဟ . . . ငါတွေဝေနေတာလို့ ပြောရင်ရတာပေါ့"

http://www.cherrythitsar.org


'မိဦး . . . နင်က အခုဘယ်သူ့ဖက်ကို အလေးသာနေတယ် ထင်သလဲ"

"ဟင့်အင်း . . . အဲဒါမျိုးတော့ ငါမပြောတတ်ဘူး . . ."

"ဒါဆို . . . နင်ပြောတတ်တာဘာရှိသလဲ . . ."

မေကြည်ဦးသည် အိသန္တာ၏ မေးခွန်းကြောင့် လက်ထဲက ဘောပင်လေးကို လှည့်ပတ်ကစားရင်း စဉ်းစားနေသည်။ ခဏကြာမှ စကားတစ်ခွန်းကို သူမပြော၏။

"ငါသိသလိုပြောရရင် ဦးမောင်ကို သံယောဇဉ်ပိုရှိတယ် . . . ဦးမောင်က ပိုရိုးသားတယ်လို့ ခံစားရတယ်၊ ဒါပေမဲ့ စည်သူ့ကိုကျတော့ ငါရင်ခုန်နေတယ်ထင်တယ်"

အိသန္တာသည် မေကြည်ဦးစကားကြောင့် တခစ်ခစ်နှင့်ရယ် လေသည်။

"နင့်ဟာက တစ်ခုမှလည်းမလွတ်ပါလား မိဦးရယ် . . ."

နှစ်ယောက်သားရယ်သံတွေ ဆူညံသွားကြပြန်သည်။ အားရ အောင်ရယ်ပြီးသွားတော့ အိသန္တာက အတည်စဉ်းစားကာပြောသည်။

"နင်ပြောသလိုဆို စည်သူက နင့်ကို အရင်ဖွင့်ပြောမယ့် သဘောရှိတယ်၊ ဦးပဥ္စကြီးက လူကြီးဆိုတော့ ဣန္ဒြေတွေ သိက္ခာတွေ ကြောင့် အရမ်းကာရောလုပ်မယ်မထင်ဘူး။ ဒါကြောင့် နင်က ကိုယ့်ဘဝ အတွက် သေချာစဉ်းစားပြီး . . . စဉ်းစဉ်းစားစားလုပ်ဖို့ လိုတယ်"

http://www.cherrythitsar.org



မေကြည်ဦးသည် လေးနက်စွာခေါင်းကို တစ်ချက်ချင်းညိတ်နေ၏။

ယောကျ်ားဆိုတာ တော်တော်ရှုပ်ထွေးသည်ဟု မေကြည်ဦးက သဘောပေါက်ထားပါသည်။ အခုလည်း သူမ ဝေခွဲရခက်နေသော ရှုပ်ထွေးသည့် ခံစားမှုကြီးကိုသူမစိတ်ညစ်၏။

သို့သော် သူမ သေချာပြန်တွေးကြည့်မိတော့လည်း ရင်ခုန်စရာကောင်းနေပြန်သည်။

ရုတ်တရက် တိတ်ဆိတ်နေသည့် အခြေအနေတွင် အိသန္တာက မေးလိုက်သည်။

"မိဦး . . . နင်ဦးပဥ္စကြီးနဲ့တွေ့ဦးမှာလား"

"တွေ့ဦးမှာပေါ့၊ ငါမနက်ဖြန် သူတို့ မဂ္ဂဇင်းတိုက်ကိုသွားမလို့. . ."

"ဘာသွားလုပ်မှာလဲ"

"ငါဘာသာပြန်ထားတဲ့ဆောင်းပါးတစ်ပုဒ်ကို ဦးမောင်ကို သွားပြမလို့. . . ပြီးတော့ ဘာတွေလိုသလဲဆိုတာ ဦးမောင်ဆီက ထင်မြင်ချက်တောင်းမယ်"

"နင်ကဆောင်းပါးတွေကိုတောင် ဘာသာပြန်နေပြီလား"

"ဒီလိုပဲပေါ့. . . စမ်းလုပ်ကြည့်တာပါ၊ ဦးမောင်က လိုအပ်တာတွေပြောပြပေးတာပေါ့"

"ကောင်းပါတယ်. . . နင် ဦးပဥ္စကြီးကို သေချာလေ့လာကြည့်

http://www.cherrythitsar.org


မိဦး. . . ငါ့အထင်ပြောရရင် သူက နင့်ကို တစ်ဘ၀လုံးစာ လမ်းပြပေးနိုင်မယ့်လူမျိုးပဲ. . . ”

“ဒါပေမဲ့ ငါရင်ခုန်ဖို့လည်း လိုသေးတယ်လေ. . . ”

“အေးလေ. . . ဒါကြောင့် ငါကပြောတာပေါ့. . . ဦးပဥ္စကြီးကိုနင် ရင်ခုန်လာအောင်ကြိုးစားစေချင်တယ်”

ထိုအခါ မေကြည်ဦးသည် ရယ်မောနေပြီး အိသန္တာကတော့နားမလည်သလို ခေါင်းယမ်း၏။ ဒီကိစ္စမှာ အရမ်းနားလည်ရခက်နေသည်။ ယောကျ်ားတွေ၏သဘောကို မေကြည်ဦးက ခန့်မှန်း၍ခက်ခဲသည်ဟု ထင်၏။

“အိ. . . ငါက ယောကျ်ားနှစ်ယောက်ကို တစ်ပြိုင်တည်းဖြားယောင်းနေတာမျိုးတော့ မဖြစ်ဘူးမှတ်လားဟင်”

မေကြည်ဦး၏စိုးရိမ်မှုကို အိသန္တာက နားလည်စွာ အဖြေပေးသည်။

“မဖြစ်ပါဘူး မိဦးရယ်၊ ငါတို့မိန်းကလေးတွေဟာ ယောကျ်ားနှစ်ယောက်ရဲ့အချစ်ကို တစ်ပြိုင်တည်း၊ တစ်ချိန်တည်း လက်ခံရရှိတဲ့အခါကိုယ့်ကိုယ်ကိုယ်အဲဒီလိုမျိုး သံသယ၀င်တတ်တယ်။ အမှန်ကတော့မဆိုင်ဘူးဟ. . .။ ကိုယ်က ကိုယ်နေတတ်သလိုနေတာပဲ။ နင် အဲဒါကိုစိုးရိမ်မနေနဲ့”

မေကြည်ဦးသည် အိသန္တာ၏အားပေးစကားကြောင့် နှစ်ခြိုက်စွာပြုံး၏။

http://www.cherrythitsar.org


"နင် ငါ့ကိုအခုလိုပြောပြပေးတာကျေးဇူးပဲ အိရာ. . ."

"ရပါတယ်၊ နင်ကလည်း. . . အချင်းချင်းတွေပဲဥစ္စာ. . ."

ထို့နောက် သူမတို့ပြိုင်တူရယ်မိကြသည်။ သို့သော်. . . ဘာကိုရည်ရွယ်ပြီး ရယ်မှန်းကိုတော့သူမတို့ ကိုယ်တိုင်မသိကြချေ။

ဒီလိုပဲ. . . လူဆိုတာ ကိုယ်သေချာမသိတဲ့ကိစ္စတွေကို စိတ်ပါလက်ပါလုပ်မိတတ်ကြလေသည်။

* * *

# အခန်း (၁၂)

ဦးပဥ္စ၏ ကွန်းမဂ္ဂဇင်းတိုက်ရုံးခန်းတွင် လူအနည်းငယ် ရှင်းလျက်ရှိ၏။ စောစောတုန်းကရောက်နေသော စာရေးဆရာအဖွဲ့က လည်းပြန်သွားပြီ။

ကိုဆွေနှင့် ဝိုင်ချိုမှာ စာမူတချို့ကို ဖတ်ချင်ယောင်ဆောင်ပြီး အိပ်ငိုက်နေကြ၏။ ဦးပဥ္စကတော့ ထုံးစံအတိုင်း ရုရှားဝတ္ထုတစ်ပုဒ်ကို ဘာသာပြန်လျက်ရှိသည်။

မေကြည်ဦးသည် ကွန်းမဂ္ဂဇင်းတိုက်သို့ရောက်လာ၏။ သူမသည် ဦးပဥ္စကို ဒီနေ့ စည်သူ့အကြောင်းနည်းနည်းပါးပါး ပြောပြဖို့ စိတ်ကူးထားမိ၏။

သူမကို ကိုဆွေက စမြင်သည်။ နောက်. . . ဝိုင်ချိုကလည်း မြင်သွားသည်။

http://www.cherrythitsar.org


"ဦးမောင်ရှိပါသလားရှင်. . . "

သူတို့သည် အံ့ဩစွာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကြသည်။ သူတို့ဆရာသည်ကောင်မလေးနှင့်အဆင်ပြေနေပြီဟု နားလည်သွားကြ၏။

"ဒီမှာမေးနေတယ်လေ. . . ဦးမောင်ရှိသလားလို့"

ကိုဆွေနှင့်ဝိုင်းချိုမှာ ဘာပြန်ဖြေရမည်မသိဘဲ ကြောင်အနေ၏။ ဦးပဥ္စ၏စားပွဲသည် မဂ္ဂဇင်းတိုက်၏ အပြင်အဆင်အနေအထား အသစ်ကြောင့် ဆင်နားရွက်တံခါး၏ အကွယ်တစ်ခုတွင်ရောက်နေပြီး အရင်တစ်ခါလို မေကြည်ဦးက အလွယ်တကူမတွေ့ရခြင်းဖြစ်သည်။

"ဦးမောင်ဆိုတဲ့နာမည်မျိုး ဒီမဂ္ဂဇင်းတိုက်မှာမရှိဘူးခင်ဗျ. . . "

ကိုဆွေ့စကားကြောင့် မေကြည်ဦးတစ်ယောက် ရှက်သွားပါသည်။ ဝိုင်းချိုကတော့ ကိုဆွေ၏ အကွက်မြင်မှုကို စိတ်ထဲကကျိတ်၍ သဘောကျနေ၏။

"ဪ. . . ဦးမောင်ဆိုတာ ဦးပဥ္စမောင်မောင်ကိုပြောတာပါ. . . "

" ဆရာရှိပါတယ်ခင်ဗျာ . . . "

ဦးပဥ္စသည် ဘာသာပြန်နေရာမှ သူ့နာမည်ကို နားစွန်နားဖျားကြားသွားပြီး ဝိုင်းချိုကို လှမ်းမေးသည်။

"ဝိုင်းချို. . . ဘယ်သူလဲ"

ဝိုင်းချိုက ဆင်နားရွက်တံခါးကိုဖွင့်ကာရောက်လာ၏။

"ဟိုလေ ဆရာ. . . Cross Words မှာ ခဏခဏအဖြေမှန်တဲ့ ကောင်မလေးပါ၊ အခု ဆရာ့ကိုမေးနေပါတယ် . . ."

ဦးပဥ္စတစ်ယောက် ချက်ချင်းပင် ရင်ထဲမှာ ပူနွေးလာ၏။ ဒီချာတိတ်မနှင့်ပတ်သက်လာရင် ငါကဒီလိုဖြစ်နေကျပဲ။ ဘာထူးဆန်းလို့လဲ။ တွေးရင်းနှင့် စိတ်ကိုဖြေသိမ့်နိုင်သော်လည်း တခြားလူတွေမရိပ်မိအောင် ဖုံးကွယ်ထားရသည်မှာ တော်တော်ခက်ခဲသောကိစ္စတစ်ခုသာ ဖြစ်၏။

"ကဲ . . . သူ့ကို ငါ့ဆီလွှတ်လိုက်ပါ . . ."

"ဟုတ်ကဲ့ . . . ဆရာ"

ဆင်နားရွက်တံခါးချပ်များကို မေကြည်ဦး တွန်းဖွင့်ဝင်ရောက်လာခဲ့သည်။

"ထိုင် . . . ကလေးမ"

မေကြည်ဦးသည်ချိုသာစွာ ပြုံးရင်း ဦးပဥ္စ စားပွဲရှေ့ရှိ ခုံအလွတ်တစ်လုံးတွင်ဝင်ထိုင်သည်။

"ဦးမောင် . . . အလုပ်တွေရှုပ်နေလား . . ."

"ဟုတ်တယ်. . . ဒီမှာ ဝတ္ထုတစ်ပုဒ်ဘာသာပြန်နေတာ . . ."

"ကျွန်မလည်း အခု ဆောင်းပါးတစ်ပုဒ်ကို ဘာသာပြန်ထားတယ် . . . အဲဒါဦးမောင်ကို ပြကြည့်မလို့ . . ."

ပြောရင်း မေကြည်ဦးက သူမအိတ်ထဲမှ စာမူတွေကို ထုတ်လိုက်ပါသည်။

http://www.cherrythitsar.org


"ရော့ . . . ဦးမောင် . . . ဒါက အော်ရယ်ဂျင်နယ်ပေါ့ . . ."

ဦးပဥ္စသည် ပြုံးရင်းနှင့် မေကြည်ဦးပေးသော စာမူတွေကို လှမ်းယူထားလိုက်၏။

"နောက်မှ ကိုယ်ဖတ်ကြည့်မယ် . . . ထားခဲ့လေ . . . နော် . . . ကလေးမ"

မေကြည်ဦးကသိမ်မွေ့စွာ ခေါင်းညိတ်ပြဖြစ်သွားသည်။ ထိုစဉ် ဦးပဥ္စစားပွဲပေါ်မှ တယ်လီဖုန်းအနီရောင်လေးသည် ထမြည်လေသည်။ ဦးပဥ္စကချက်ချင်းမကိုင်သေးဘဲ မေကြည်ဦး၏ ဘာသာပြန်ဆောင်းပါးစာမူကို အံဆွဲထဲမှာ ထည့်သိမ်းနေ၏။

ပြီးတော့ . . . ဦးပဥ္စက ဖုန်းကိုကိုင်လိုက်မိပါသည်။

"ဟဲလို . . ."

" . . . . . . . . "

"ဟုတ်ကဲ့ . . . ကျွန်တော် ပဥ္စမောင်မောင်ပါခင်ဗျား . . ."

" . . . . . . . . ."

တစ်ဖက်မှ တစ်ခုခုကို ပြောလိုက်ပုံရ၏။ ဦးပဥ္စမျက်မှောင်ကုတ်ကာ သေချာစူးစိုက်နားထောင်နေ၏။

မေကြည်ဦးသည် ဦးပဥ္စကို မသိမသာ အကဲခတ်ကြည့်နေမိသည်။

ဦးပဥ္စမှာ မျက်နှာကြီး နီရဲလာပြီး၊ နားထင်ကြောတို့ကလည်း ထောင်လာသည်။

http://www.cherrythitsar.org


"ဟော့ကောင် . . . မင်းဘယ်တုန်းက ပြန်ရောက်လာသလဲ"

" . . . . . . . . . . . "

တစ်ဖက်မှ ဘာတွေပြန်ဖြေသည်မသိ . . . ဦးပဋ္ဌသည် ပို၍ ရှုံးရှုံးရှဲ့ရှဲ့ဖြစ်လာ၏။ သူသည် မေကြည်ဦးရှေ့မှာထိုင်နေသည်ဆိုသည့် အချက်ကို ခဏမျှမေ့လျော့သွားသည်။

ဦးပဋ္ဌသည် တစ်ဖက်လူကို စကားပြောဖို့ဘာမှ ကြိုတင်ပြင်ဆင်ထားခြင်းမရှိတာ သိပ်သေချာပါသည်။

"ဟာ . . . မဟုတ်ဘူး၊ အဲဒီကိစ္စဟာ လုံးဝမဟုတ်ခဲ့ပါဘူး"

" . . . . . . . . . . . . . . . . . . . . . "

သူသည်ခေါင်းကို သွက်လက်စွာခါယမ်းပစ်လိုက်၏။ မေကြည်ဦးသည် ပိုပြီး စိတ်ဝင်စားလာမိတော့သည်။

"ဒီမှာဟော့ကောင် . . . ငါပြောနိုင်တာတစ်ခုပဲရှိတော့တယ်၊ အဲဒီကိစ္စမှာ မင်း ငါ့ကိုအထင်မှားနေပြီ"

" . . . . . . . . . . . . . . . "

"မင်းငါ့ကိုအဲဒီလို မသရော်ပါနဲ့ . . . "

" . . . . . . . . . . . . . "

"အေး . . . မင်းအမေဆိုတာ ငါ့ညီမပဲကွ၊ မင်းအသုံးမကျပေမယ့် ငါ့ညီမကိုတော့ ဘယ်နည်းနဲ့မှ အထိခိုက်မခံနိုင်ဘူး၊ တော်ပြီ ဟော့ကောင် မင်းနဲ့စကားပြောရတာ လေကုန်တယ် . . . "

http://www.cherrythitsar.org


" . . . . . . . . . . . . . . . "

"အေး . . . မင်းထင်ချင်သလိုထင်လို့ရတယ်။ တစ်နေ့ မင်း ငါ့ကိုနားလည်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်ကွာ . . . "

ဦးပဋ္ဌသည် ထိုနောက်ဆုံးစကားကို လေသံပျော့လေးနှင့်ပြော ပြီး ဖုန်းကိုချလိုက်သည်။ ပြီးတော့ နွမ်းလျစွာ ကုလားထိုင်နောက်မှီပေါ် သို့ စိတ်လွတ်ကိုယ်လွတ် မှီချလိုက်၏။

"ဒီကောင်ကွာ . . . "

မေကြည်ဦးသည် သူဖုန်းပြောနေပုံကို ကြည့်ပြီး မိသားစု ပြဿနာ တစ်ရပ်ဟုသာ ယေဘုယျအားဖြင့် နားလည်ထားမိသည်။ သူမသည် ဦးပဋ္ဌကိုမေးဖို့ မသင့်လျော်သဖြင့် ထိုကိစ္စကို မသိချင်ယောင် ဆောင်နေလိုက်ပါသည်။

"ကလေးမမှာ ဒီနေ့တခြားကိစ္စတွေ သွားစရာရှိသေးလား"

"ဟင့်အင်း . . . မရှိဘူးဦးမောင်၊ ဒီနေ့ တစ်နေကုန်အားတယ်"

"ဒါဆို အေးအေးဆေးဆေးပေါ့. . . ကားရောပါလာသလား"

"ကားမပါဘူး. . . Taxi နဲ့လာတာ"

"ဩော် . . . ဒါဆို ကိုယ်နဲ့အတူတူပြန်လိုက်ပေါ့ . . . ညနေကျရင် ကိုယ်တို့ ဆိုင်တစ်ဆိုင်မှာ တစ်ခုခုဝင်စားကြမယ်၊ ဘယ်လို လဲ"

"အင်း . . . ကောင်းတယ်"

ဒီလိုနှင့် သူတို့နှစ်ယောက် သဘောတူညီမှုတစ်ခုကို ရသွားပြီး

http://www.cherrythitsar.org



မေကြည်ဦးက မဂ္ဂဇင်းတိုက်ထဲမှာ လျှောက်စပ်စုတော့သည်။ ခဏ အတွင်းမှာပင် ကိုဆွေတို့ ဝိုင်ချိုတို့နှင့်လည်း ရင်းနှီးသွား၏။ ဦးပဥ္စကြီးက အတွင်းခန်းထဲမှာ မပြီးသေးသော ရုရှားဝတ္ထုကို ဆက်၍ ဘာသာပြန်နေ၏။

မေကြည်ဦးကသာ အပြင်ဘက်တွင် ကိုဆွေတို့နှင့် အဖွဲ့ကျနေသည်။ ကိုဆွေနှင့် ဝိုင်ချိုလည်း အယ်ဒီတာအလုပ်ကိုမလုပ်ရတော့။ မေကြည်ဦးနှင့်အတူ လက်ဖက်ရည်ဆိုင်လိုက်ထိုင်ရသည်။ ကျားထိုးရသည်။ သူမကစား၍ဝလျှင် ကိုဆွေနှင့် ဝိုင်ချိုကို ကျားကစားစေပြီး သူမက ဘေးမှထိုင်ကြည့်သည်။ မြှောက်ပေးတာတွေ ရန်တိုက်ပေးတာတွေလည်း လုပ်သည်။

"ကိုဆွေကအကြီးလုပ်ပြီး ဝိုင်ချိုကိုတောင်မနိုင်ဘူးလား" ဆိုတာမျိုး၊ "ကိုဆွေက ဒါမျိုးတွေအံ့တိုနေပြီ" ဆိုတာမျိုး။ ကြာလာတော့ ကိုဆွေနှင့် ဝိုင်ချိုသည်လည်း ကိုယ်အသာစီးရသွားလျှင် ရိတတ်လာတော့၏။

ယခုလည်း နိုင်တဲ့လူကို ရှုံးတဲ့လူက လက်ဖက်ရည်တိုက်ကြေး။ မေကြည်ဦးက ဒိုင် . . .၊ သူမက ဘယ်သူနိုင်နိုင်လိုက်သောက်မှာဖြစ်သည်။ ဦးပဥ္စကတော့ အခန်းထဲမှာ ဝတ္ထုတစ်ပုဒ်ဘာသာပြန်ရင်းအလုပ်ရှုပ်နေလေသည်။

ကိုဆွေသည် လူကြီးမို့ ကိုယ့်ဂုဏ်သိက္ခာအတွက်မရှုံးအောင် ဝိုင်ချိုကိုအသည်းအသန်ကစားနေ၏။ ဝိုင်ချိုကတော့ကပ်စေးနဲ ။ သူလက်ဖက်ရည်တိုက်ရမည့်အရေးကို အသေအလဲခုခံနေသည်။

ကစားရင်းမှ ကိုဆွေက အနည်းငယ်အသာစီးရသွားသည်။

"မင်း ငယ်ပါသေးတယ် ဝိုင်ချိုရာ . . "

ဝိုင်ချိုကလည်း မခေပါ။

"ဟုတ်ပါတယ် . . . ကျွန်တော်က ငယ်ပါသေးတယ်၊ . . . . . . . . . . . "

ထိုအခါ မေကြည်ဦးက သဘောပေါက်စွာ အားရပါးရကြီး အော်ရယ်နေတော့သည်။ ရှက်သွားတာမျိုးသူမဆီမှာမရှိ။ ကိုဆွေနှင့် ဝိုင်ချိုတို့ကလည်း မေကြည်ဦးကို ခင်မင်ရဲတင်းစွာပြောဆိုဆက်ဆံလာ၏။

ထိုနေ့အဖို့ စာရင်းချုပ်လျှင် ကိုဆွေ၊ ဝိုင်ချိုနှင့် မေကြည်ဦးတို့ သည် အပေါင်းအသင်းအရင်းအချာများကဲ့သို့ ရင်းနှီးသွားခဲ့ပြီ၊ ဦးပဉ္စက လည်း ဝတ္ထုတစ်ပုဒ်ကို အောင်မြင်စွာဘာသာပြန်နိုင်ခဲ့သည်။

ညနေစောင်းတော့ ဦးပဉ္စနှင့် မေကြည်ဦးတို့က ကားဖြင့်အတူ တူပြန်လာကြ၏။ ဦးပဉ္စက ကားမောင်းရင်းနှင့် မေကြည်ဦးကိုမေးပါ သည်။

"ကဲ . . . ကလေးမ၊ မင်းဘယ်ဆိုင်မှာစားချင်သလဲ"

မေကြည်ဦးက ဆိုင်ကြီးတွေကို မရွေးချယ်ချင်ဘဲ Main ထဲက ကန်တင်းများကို ရွေးချယ်လိုက်၏။

"ဦးမောင် . . . Main ထဲက အရှည်ကြီးဆိုင်ကိုမောင်း . . "

ဦးပဉ္စကြီးက သူမအလိုကျမိန်းထဲကိုမောင်းလာ၏။ အမှန်တော့

# ၁၁၇ ဝေမျှုံးသွင်

သူက အေးအေးတိတ်ဆိတ်သည့် ဆိုင်ကောင်းကောင်းတစ်ဆိုင်မှာ ငြိမ်သက်စွာ စကားပြောချင်တာဖြစ်သည်။ သို့သော် . . . သူ့ဆန္ဒများအားလုံးကို မေကြည်ဦး၏အမိန့်အောက်မှာ အရှုံးပေးခဲ့မိပြီ။

ဦးပဥ္စသည် ရာမညဆောင်ကို ပတ်မောင်းလာပြီး တောင်ပိန္နဲပင်များအောက်မှာ ကားကိုရပ်လိုက်၏။ သစ်ရွက်ကြွေများက လေရူးကြောင့် ဟိုဟိုသည်သည် ပြေးလွှားဆော့ကစားနေကြသည်။

နှစ်ယောက်သား အရှည်ကြီးဆိုင်ကို ရောက်လာ၏။ ဦးပဥ္စကြီးက ပတ်ဝန်းကျင်၏ လွမ်းဆွတ်ဖွယ်အနေအထားကို ငေးကြည့်ကာ သူတို့ကျောင်းသားဘဝတုန်းက ပျော်စရာဖြတ်သန်းမှုများကို ပြန်စဉ်းစားနေမိသည်။ မေကြည်ဦးက ရောက်လာသော စားပွဲထိုးလေးကို စားသောက်ဖွယ်ရာတွေကို မှာနေ၏။

" ဒံပေါက်တစ်ပွဲ၊ ရှန်ပိန်တစ်ခွက်၊ ပြီးတော့ အင်းဝကြော်ရော ရသေးရဲ့လား"

"မရတော့ဘူး ဆရာမ . . . ကြက်ဥကုန်နေလို့ . . . "

"ဒါဖြင့် ကုန်းဘောင်တစ်ပွဲ ကြက်သားနဲ့နော် . . . နေဦး ဦးမောင်ရော ဘာစားမလဲ . . . "

သူမက ဦးပဥ္စဖက်လှည့်မေးပါသည်။

"ကိုယ်က ဘာမှမစားသေးဘူး၊ လက်ဖက်ရည်ပုံမှန်တစ်ခွက်ပဲပေး . . . "

http://www.cherrythitsar.org


စားပွဲထိုးကောင်လေးကပြန်ထွက်သွားသည်။ ဒီတော့မှ ဦးပဥ္စ မျက်နှာပေါ်က အရိပ်တချို့ကို မေကြည်ဦး သတိထားမိ၏။

"ဦးမောင် . . . ဘာဖြစ်နေတာလဲ"

"အံ့သြနေတာပါ"

"ဘာကို အံ့သြနေတာလဲဟင်"

"မင်းမှာလိုက်တဲ့စားသောက်စရာတွေကိုလေ . . အဲဒါမျိုးတွေ ဒီဆိုင်မှာရလို့လား"

"ရတာပေါ့ . . . "

"ရှန်ပိန်ကို တက္ကသိုလ်ကန်တင်းမှာ ရောင်းတယ်ဟုတ်လား"

"ခစ်ခစ် . . . ခစ်ခစ် . . . "

မေကြည်ဦးဆီမှ ရယ်သံတွေထွက်လာသည်။ ဦးပဥ္စကြီးက ဒါကြောင့် အံ့သြနေတာကိုး . . . ။

"ဦးမောင်က စာရေးဆရာလုပ်ပြီး ဒါလေးတောင်မသိဘူး. . . ဒီလို ဦးမောင်ရဲ့၊ အင်း. . . ပြောပြနေရင်ကြာတယ်။ ဟိုမှာ . . . လာနေပြီ၊ မှာထားတာတွေဘာတွေလဲဆိုတာ အဲဒီမှာကြည့် . . . "

ဦးပဥ္စသည် စားပွဲထိုးကောင်လေး သယ်လာသောအရာများကို အလျင်စလိုလှမ်းကြည့်လိုက်ပါသည်။ သူမြင်ရသည်မှာ ကြက်သားကုန်းဘောင်ကြော်တစ်ပွဲ၊ ထမင်းဖြူတစ်ပွဲနှင့် ရေခဲကို အရောင်ဆိုးထားသော အအေးခွက်သာဖြစ်သည်။

"ဘယ်မှာလဲ ရှန်ပိန်"

http://www.cherrythitsar.org



"ဒီမှာလေ . ."

ဦးပဥ္စက မေကြည်ဦးညွှန်ပြသော အအေးခွက်ကိုသေချာ ကြည့်လိုက်ပါ၏။

"ဟင် . . . အဲဒါက ရေခဲခြစ်ကြီးပဲဥစ္စာ"

"ခစ်ခစ် . . . ခစ် . . . ဦးမောင်ကို အဲဒါကြောင့် ပြောတာပေါ့ . . . ဘာမှလည်းမသိဘူး"

"ဟုတ်ပါပြီ ကိုယ်မသိဘူး၊ ဒီတော့ ကလေးမက ပြောပြပေါ့"

"ဒီကျောင်းထဲမှာ ဒီလိုရေခဲခြစ်ကို ရှန်ပိန်လို့ခေါ်တယ်၊ ဒီ ထမင်းဖြူကို ဒံပေါက်လို့ခေါ်တယ်၊ ထမင်းဖြူကို ဆီဆမ်းပြီး ကြက်ဥကြော်မိုးထားရင် အင်းဝလို့ခေါ်တယ်. . . ထမင်းရယ်၊ အသားရယ် ခရမ်းချဉ်သီး၊ ကြက်ဥ၊ ငရုတ်သီး အဲဒီလိုနည်းနည်း နည်းနည်းထည့်ပြီး ကြော်ထားရင် စိုးမြင့်ကြော်လို့ခေါ်တယ်၊ ပဲပြုတ်နဲ့ထမင်းကို ကြက်ဥကြော် ထပ်ပြီးအုပ်ထားရင် လွှမ်းမိုးလို့ခေါ်တယ် မှတ်ထားနော် ဦးမောင်"

ဦးပဥ္စခမျာ မေကြည်ဦး ပြောသမျှကို ရင်သပ်ရှုမော နားထောင်နေ၏။ ဘာမှပြန်မပြောနိုင်ဘဲ အံ့ဩနေရုံသာ သူ တတ်နိုင်တော့သည်။

သူကြားရသမျှမှာ ထူးဆန်းနေ၏။ သူတို့ခေတ်တုန်းက တက္ကသိုလ်ဆိုတာဒါမျိုးမှမဟုတ် ။ ဟိုတုန်းက ပျော်စရာနှင့်ယနေ့ပျော်စရာမှာ ကွာခြားသည်။

http://www.cherrythitsar.org


ဦးပဥ္စသည် ခေတ်ကာလကို နားလည်သဘောပေါက်စွာ ခေါင်းတညိတ်ညိတ်လုပ်နေမိသည်။ မေကြည်ဦးက ဒီနေ့ တစ်နေ့လုံး စိတ်တိုင်းကျ နေရသဖြင့် ကျေနပ်နေ၏။ ထိုစဉ် ဦးပဥ္စမှာထားသော လက်ဖက်ရည်ရောက်လာသည်။

သူတို့နှစ်ယောက်သား မှာထားသော အစားအသောက်တွေကိုစားကြ၏။ ဦးပဥ္စက ကလေးဆန်စွာ ကြည်နူးနေမိတော့သည်။

နေ့လယ်တုန်းကတော့ သူအနှောင့်အယှက်တစ်ခုဖြစ်ခဲ့၏။ စည်သူမြန်မာပြည်သို့ပြန်ရောက်လာပြီဆိုပါလား။ ဒီကောင်က ဖုန်းထဲမှာ သူ့ကိုရိသွားသေးသည်။ နှစ်ကာလတွေကြာခဲ့ပေမယ့် စည်သူ၏ဦးပဥ္စ အပေါ်ထားသည့် မကျေနပ်မှုမှာ အရင်တုန်းကအတိုင်းသာ ဖြစ်ပါသည်။

အင်းပေါ့လေ. . . နောက်တော့ ဒီကောင် ငါ့အပေါ် သဘောပေါက်နားလည်လာပါလိမ့်မယ်။

"ဦးမောင် . . ."

ရုတ်တရက် မေကြည်ဦး၏ ခေါ်သံကြောင့် သူလန့်သွား၏။

"ဘာတွေစဉ်းစားနေတာလဲ ဦးမောင်ရဲ့ . . ."

"ဩော် . . . ကိုယ့်ကို အထင်လွဲနေတဲ့ တူလေးတစ်ယောက်အကြောင်းပါ . . . အခု သူမြန်မာပြည် ပြန်ရောက်နေပြီတဲ့ . ."

http://www.cherrythitsar.org


"တွေးတာလည်းတွေးပေါ့ဦးမောင်ရယ် . . . စားတာလည်း စားပေါ့၊ ဒီမှာ လက်ဖက်ရည်တွေတောင်အေးကုန်ပြီ"

ဦးပဥ္စကြီး နှစ်ခြိုက်စွာပြုံးရင်းမှ လက်ဖက်ရည်တစ်ငုံကိုငုံ့ သောက်၏။ မေကြည်ဦးသည် ခပ်တည်တည်ဖြင့် သူ့ကိုကြည့်နေသည်။ သစ်ရွက်ခြောက်တချို့သည် မြေပေါ်မှာ ကြွေကျခဲ့ပြီ။ တိတ်ဆိတ်သည့် ဒီလိုမျက်ဝန်းချင်းဆုံစည်းမှုတွင် ဦးပဥ္စကြီးက အရာရာကို မေ့ပစ်ထား လိုက်ပါသည်။

"ကလေးမ . . . "

"ရှင် . . . "

လေတိုက်သောကြောင့် တောင်ပိန္နဲရွက်များက လှုပ်ရှားနေ၏။ သဘာဝတရားသည် အဖွဲ့အနွဲ့ကောင်းသော ကဗျာဆရာတစ်ဦး၏ ကဗျာတစ်ပုဒ်လို ပြေပြစ်စွာ ရင်ခုန်ဖို့ကောင်းသည်။

"အခု ကိုယ်ဘာဖြစ်နေမလဲဆိုတာ မင်းခန့်မှန်းကြည့်ပါလား"

မေကြည်ဦးသည် ဦးပဥ္စ၏ရင်ခုန်သံတွေကို ခန့်မှန်းမိပါသည်။ ဒါပေမဲ့ ဦးမောင် ရင်တွေခုန်နေတာလားလို့ သူမ ဘယ်လိုသတ္တိဖြင့် ပြောထွက်ပါမည်နည်း။

သူမ ညင်သာစွာ ခေါင်းယမ်းလိုက်မိသည်။

"ကျွန်မ . . . မခန့်မှန်းတတ်ပါဘူး"

"ရော် . . . "

http://www.cherrythitsar.org



ထို့နောက် နှစ်ယောက်စလုံးချုပ်တည်းထားသော ဟန်ဆောင်မှု တစ်ခုအောက်တွင် ခပ်ဖွဖွရယ်မောဖြစ်ကြသည်။ နေဝင်ချိန်ဆည်းဆာ သည် နတ်သမီးဖန်ဆင်းသည့် သီချင်းတစ်ပုဒ်ဖြစ်၏။

"ကလေးမ . . . မခန့်မှန်းတတ်ရင် ကိုယ်ပြောပြမယ်"

အကြည့်ချင်းဆုံကြပြန်၏။ လေထဲတွင် ဝတ်မှုန်လေးတွေက လှပစွာကူးခပ်နေကြသည်။ သူမကိုကြည့်ရတာ အနူးညံ့ဆုံးပန်းလေး တစ်ပွင့်လိုသူ့စိတ်ထဲမှာ ထင်ချင်လာသည်။

"မင်းကို ကိုယ်ချစ်နေမိပြီ"

မေကြည်ဦးသည် ရုတ်တရက်ကြားလိုက်ရသော ဦးပဥ္စ၏ စကားကြောင့် အနည်းငယ်ရှက်သွားပါသည်။ ဒါပေမဲ့ ဘာမှမဖြစ်သလို ဟန်ဆောင်နေလိုက်၏။

အို ငါတကယ်ပဲရင်တွေခုန်နေပါလား။

သူမသည် ထိုခဏမှာပင် ကိုယ့်ကိုယ်ကိုယ် သိသွားသည်။ ထို အသိကြောင့် သူမမျက်နှာမှာ ပူနွေးသွားပြီး ခပ်အမ်းအမ်းဖြစ်သွား၏။

"ကလေးမ"

"ရှင် . . "

"ဘာမှမပြောတော့ဘူးလား၊ ဒါမှမဟုတ် မင်းစဉ်းစားချင်သေး သလား. . ."

http://www.cherrythitsar.org


မေကြည်ဦးသည် ဘာပြန်ပြောရမည်မသိဘဲ ခေါင်းညိတ်ပြမိလျက်သားဖြစ်သွားသည်။

“ကောင်းပြီလေ . . ကလေးမ စဉ်းစားပေါ့ ”

တစ်ယောက်ကိုတစ်ယောက် မသိမသာစူးစမ်းကြည့်နေမိကြ၏။ တိတ်ဆိတ်သောပတ်ဝန်းကျင်သည် နှစ်ယောက်စလုံး၏ စကားလုံးများကို ခိုးယူသိမ်းဆည်းထားသည်။

မျက်လုံးများသည် ဘာကိုမျှ စိုးရိမ်စရာမရှိသလို လွတ်လပ်ပေါ့ပါးနေကြသည်။ သူမသည် ဒီ့အတွက်ကြောင့် ဦးပဉ္စကိုကျေးဇူးတင်ပါသည်။

ဒီလူဟာ သိပ်ကိုကြင်နာတတ်မဲ့လူတစ်ယောက်ပဲ။

ရုတ်တရက် သူမအတွေးထဲသို့ စည်သူဆိုသည့် နာမည်ကဝင်လာသည်။ ဒီနေ့ ဦးပဉ္စကို စည်သူ့အကြောင်းပြောပြဖို့ စိတ်ကူးကိုလည်း ဖျက်ပစ်လိုက်ပါသည်။ သူမ ဦးနှောက်ထဲတွင် ဦးပဉ္စနှင့် စည်သူတို့က ရှုပ်ထွေးစွာပြေးလွှားနေ၏။

မေကြည်ဦးသည် စည်သူကအရင်ဖွင့်ပြောလိမ့်မည်ဆိုသောအိသန္တာ၏ခန့်မှန်းမှုကြောင့် ပြုံးမိသွားသေး၏။

“ဦးမောင် . . . ကျွန်မတို့ ပြန်ကြရအောင်”

“အိုကေ . . . ”

နောက်တော့ နှစ်ယောက်သား ပိုက်ဆံရှင်းပေးပြီးအတူပြန်လာ

http://www.cherrythitsar.org


ခဲ့ကြသည်။ ဦးပဥ္စ၏ကားနောက်တွင် အနက်ရောင် Mark II ကြီးတစ်စီး ပါလာသည်ကို နှစ်ယောက်စလုံးသတိမထားမိဘဲ ရှိ၏။

ကံကြမ္မာတွေလည်း အနည်းငယ်လောင်းကစားဆန်တတ်ပါသည်။

* * *

# အခန်း (၁၃)

မေကြည်ဦးသည် ခြံရှေ့ရှိမြေကွက်လပ်တွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေ၏။ သူမသည် အနည်းငယ်စိတ်လှုပ်ရှားလျက်ရှိသည်။ မျက်လုံးတွေကလည်း လမ်းမဖက်သို့ လှမ်းကြည့်ရသေးသည်။

စည်သူသည် တစ်ခဏအတွင်းမှာ ဒီအိမ်ကိုရောက်လာတော့မည်မဟုတ်လား။ စောစောတုန်းက ဖုန်းထဲတွင် စည်သူသည် နာရီဝက်အတွင်းသူမဆီကိုရောက်လာခဲ့မည်ဟု ပြောသွားခဲ့သည်။ မလာခဲ့ပါနဲ့ဟုတားလည်းမရ။ အတင်းတစ်ဖွတ်ထိုး တွေ့ချင်သည်ဟုဆိုနေ၏။

ထိုစဉ် စည်သူ့ ကားအနက်ရောင်ကြီးကို ခပ်လှမ်းလှမ်းတွင် မေကြည်ဦးလှမ်းမြင်လိုက်ရသည်။ မေကြည်ဦးသည် ခြံပေါက်ဝသို့ လျှောက်လာခဲ့သည်။

http://www.cherrythitsar.org


စည်သူက ကားပေါ်မှ ဆင်းလိုက်၏။

"ရှင် ဘယ်လိုလူလဲ. . . ပြောမရဆိုမရနဲ့။ အိမ်ထဲမှာ မေမေရှိတယ်"

မေကြည်ဦးက အံကြိတ်ရင်း စည်သူကို ဆီးပြီးမာန်သည်။ စည်သူသည် ချိုမြသော မျက်နှာကို အကြည်လင်ဆုံးဖြစ်အောင်ပြင်ဆင်ထားမိ၏။

"ကိုယ့်ကိုခွင့်လွှတ်ပါ မေကြည်ဦး၊ ကိုယ်ဘယ်လိုမှ မနေနိုင်တော့လို့ပါ။ မင်းကိုအရမ်းတွေ့ချင်နေတာ၊ ကိုယ်ဘယ်လိုမှ အဲဒီစိတ်ကို မထိန်းချုပ်နိုင်တော့ဘူး"

မေကြည်ဦးသည် စည်သူ့မျက်နှာကို သေချာစိုက်ကြည့်မိ၏။ သူအမှန်တကယ်ပြောနေတာဟုပဲခံစားရပါသည်။ စည်သူ့ကို သူမ နည်းနည်းသနားသွား၏။

"ကိုယ်မင်းကို စကားနည်းနည်းလောက်ပြောချင်ပါတယ်"

"နည်းနည်းဆိုတာ ဘယ်လောက်ကြာမှာလဲ"

"နာရီဝက်လောက်ပေါ့"

"ဟာ . . . အဲဒီလောက်အကြာကြီး ဒီနေရာမှာ ရပ်ပြီးနေလို့ ဘယ်ဖြစ်မှာလဲ။ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာပေါ့။ တော်ကြာနေရင် ဖေဖေကလည်း ပြန်လာတော့မှာ"

http://www.cherrythitsar.org


သူမစကားကြောင့် စည်သူသည် ခဏတွေဝေသွားပြီးစဉ်းစား နေ၏။

"ဒီလိုလုပ်ပါလား ... မေကြည်ဦးက ကျွန်တော်နဲ့တစ်နေ ရာရာကို ခဏလိုက်ခဲ့ပါလား၊ နာရီဝက်ပဲ ... ကျွန်တော် နာရီဝက် ပြည့်ရင် ဒီကိုပြန်ပို့ပေးမယ်လို့ ကတိပေးတယ်"

မေကြည်ဦးသည် သူ့ကို သနားစွာ တစ်ချက်ကြည့်လိုက်၏။

"အိုကေ ... စည်သူ၊ ကတိတော့တည်ပါစေနော်"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် ခင်ဗျားကို ကားတင်မပြေးပါဘူး"

မေကြည်ဦးက စည်သူ့စကားကြောင့် မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်၏။ နောက်တော့ နှစ်ယောက်သားကားနှင့်ထွက်လာခဲ့ ကြသည်။

သူမစိတ်ထဲတွင် ဘာဝန်ထုပ်ဝန်ပိုးမှ မရှိဘဲ ပေါ့ပါးနေ၏။ စည်သူကကားကို ပြည်လမ်းအတိုင်း ရှစ်မိုင်ဖက်သို့မောင်းသွားသည်။ ရှစ်မိုင်လမ်းဆုံကျော်တော့ ပြည်လမ်းပေါ်က လူအနည်းငယ်ရှင်းသော စားသောက်ဆိုင်တစ်ဆိုင်မှာ စည်သူက ကားကိုရပ်လိုက်ပါသည်။

ဆိုင်ထဲကိုရောက်သောအခါ သူမကို စည်သူက ဘီယာသောက် ချင်ကြောင်းခွင့်တောင်း၏။

"မေကြည်ဦး ... ကို ဘီယာသောက်ရမလား သိပ်မများပါ ဘူး. . . တစ်ဘူး နှစ်ဘူးလောက်ပါပဲ"

"သောက်ပါ . . . ရပါတယ်"

ခဏကြာတော့ မှာထားသော ဘီယာဘူးနှင့် လိမ္မော်ရည်တစ်ခွက်ရောက်လာ၏။ စည်သူသည် စိတ်လှုပ်ရှားနေပြီး တစ်ခုခုပြောဖို့ အားယူနေပုံရသည်။

"စည်သူ . . . ကျွန်မကို ပြောစရာရှိရင်ပြောလေ"

ပြောပြီး မေကြည်ဦးက နောင်တရချင်သွား၏။ ဒီစကားကို သူအဓိပ္ပာယ်တစ်မျိုးတွေးလိုက်ရင်တော့ ဒုက္ခပဲ။

သို့သော် စည်သူသည် သူ့စိတ်ထဲမှာ အစကတည်းက ပြောပြဖို့ရည်ရွယ်ထားသည့်စကားကိုသာ ပြောဖြစ်သွားပါသည်။

"ကျွန်တော်. . . ခင်ဗျားကိုချစ်တယ်"

စည်သူ၏ ရည်းစားစကားပြောပုံကို မေကြည်ဦး ရယ်ချင်နေမိ၏။ ကြည့်ပါလား. . . ရည်းစားစကားပြောတာကလည်း ဂမူးရှူးထိုးနဲ့။

သူမသည် အခုရက်ပိုင်းအတွင်း လူနှစ်ယောက်၏ရည်းစားစကားအပြောခံထားရ၏။ မေကြည်ဦးက ထိုကိစ္စများကို မအံ့သြသော်လည်း မျှော်လင့်မထားသည့် ပုံစံတွေဖြစ်နေတာကတော့ အမှန်ပဲဖြစ်သည်။

ရုတ်တရက် စည်သူဆီမှ စကားသံထွက်လာ၏။

"ကျွန်တော့်ကို ဘယ်လိုသဘောရလဲဟင် . . ."

http://www.cherrythitsar.org


"ဘယ်လိုမှ သဘောမရသေးဘူး၊ ကျွန်မ စဉ်းစားဦးမှာ"

စည်သူငိုင်သွား၏။ သူက မေကြည်ဦးကို ချက်ချင်းအဖြေပြန်ပေးစေချင်တာ ။ အစတုန်းက ဦးလေးလုပ်သူကို မကျေနပ်၍ မေကြည်ဦးထံ ချဉ်းကပ်ခဲ့သော်လည်း စည်သူက သိပ်စိတ်မပါလှပေ။

ဒါဖြင့်ခုတော့ ။ ဟုတ်သည်။ အခုတော့ စည်သူသည် သူမအပေါ် တကယ်ခံစားနေမိပြီ။ ကိုယ့်အကြောင်း ကိုယ်ပဲသိသည် မဟုတ်ပါလား။ ဦးလေးနှင့် အဆင်ပြေသွားမှာကို သူအကြီးအကျယ် စိုးရိမ်နေမိ၏။

သူတို့နှစ်ယောက် တွဲသွားတွဲလာလုပ်နေတာကို မြင်ရလျှင် စည်သူက သူ့ရင်ထဲက အဆုံးအရှုံးတွေအတွက် အစိုးရိမ်ကြီးနေခဲ့သည်။ အခြေအနေက ပြောစရာစကားရှာမတွေ့ဘဲ တိတ်ဆိတ်နေ၏။

"နာရီဝက်ပြည့်ပြီ"

မေကြည်ဦး၏စကားကြောင့် သူက ခေါင်းတစ်ချက်ညိတ်ပြရင်း လက်ကျန်ဘီယာတွေကို အကုန်မော့သောက်ပစ်လိုက်ပါသည်။

စည်သူက ကတိအတိုင်း နာရီဝက်ပြည့်သွားပြီမို့ မေကြည်ဦးကို အိမ်ပြန်ပို့ပေးရသည်။ သူသည် မေကြည်ဦး၏ လည်တိုင်လှလှလေးကို မသိမသာခိုးကြည့်မိ၏။ စည်သူသည် မိမိ၏ အချစ်စိတ်ကို မိမိသတိထားမိသွားပြီး ထိတ်လန့်လာ၏။

http://www.cherrythitsar.org



ဖြူစင်သောမေတ္တာတရားဆိုသည်မှာ ဒီထက်တော့ရိုးသားဖို့လိုအပ်သည်ဟု စည်သူတွေးကြည့်မိပါသည်။

* * *

http://www.cherrythitsar.org

# အခန်း (၁၄)

လေတွေက စည်သူ့ဆံပင်တွေကို ဆော့ကစားလျက်ရှိ၏။ သူ့မျက်နှာသည် အနည်းငယ်နွမ်းရိနေ၏။ စည်သူသည် ဦးပဥ္စကို ပို၍မကျေမနပ်ဖြစ်လာ၏။ ရုတ်တရက်မေကြည်ဦးရဲ့မျက်နှာလေးက ဖျတ်ခနဲပေါ်လာပြန်သည်။

ဒီစွဲလမ်းမှုသည် ကြာရှည်ဆိုလျှင် သူခံနိုင်ရည်မရှိဘဲ ပေါက်ကွဲလာနိုင်သည်။ အဲဒီအခါကျရင် မေကြည်ဦးက ဘယ်သူ့ဖက်ကလိုက်မှာလဲ၊ ဒီလိုတွက်ကြေးဆိုရင်တော့ ဦးပဥ္စကြီးက သူ့ထက်စာလျှင် ပိုအလေးသာနေ၏။ ထိုအတွေးကြောင့် စည်သူသည် စိတ်ပူလာပြန်သည်။

မဖြစ်ဘူး၊ မဖြစ်ဘူး ။ မြန်မြန်အဖြေရအောင်ကြိုးစားမှ . . ။ အခု စည်သူသည် ဦးပဥ္စအပေါ်အနိုင်မရလဲနေပါစေတော့။ ကလဲ့စားလည်း မချေလိုတော့။ မေကြည်ဦးကိုသာ ပိုင်ဆိုင်ခွင့်ရလျှင် သူကျေနပ်ပြီ။

http://www.cherrythitsar.org



နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများတည်ဆောက်ခဲ့ရသော ဦးပဉ္စ အပေါ်မကျေနပ်ချက်များကို မေကြည်ဦးဆိုသည့် နာမည်တစ်ခုကြောင့် အားလုံးကို စည်သူသင်ပုန်းချေပစ်လိုက်နိုင်သည်။ သို့သော် ကိုစိုးနိုင်၏ စကားကတော့ ဆယ်နှစ်ကျော်ကြာခဲ့သည့်တိုင်အောင် သူ့နားထဲမှာ စွဲနေခဲ့၏။

"မင်းကို ထောင်ကျအောင် ဆရာက ရဲကိုသတင်းပေးခဲ့တာ"

စည်သူသည် ခေါင်းကို အပြင်းအထန်ခါယမ်းပစ်လိုက်၏။ နောက် သူသည် အိမ်ပေါ်ထပ်မှ ကားဂိုဒေါင်ဆီသို့ ဆင်းလာခဲ့သည်။ ဆယ်မိနစ်ခန့်ကြာသောအခါ MarK II အနက်ရောင်ကြီးသည် မြို့ပြင်သို့ ဦးတည်၍မောင်းနှင်နေလေသည်။

ညဦးပိုင်းမို့ လူတွေက စည်ကားရှုပ်ထွေးနေဆဲ။ စည်သူသည် ငါးမုန့်ကြော်ထုပ်များနှင့် ဘီယာဘူးများကို ဆိုင်တစ်ဆိုင်မှာ ဝင်ဝယ်လိုက်၏။ သူသည်ကားကို လူခြေတိတ်ဆိတ်သော မြို့ပြင်တစ်နေရာသို့ မောင်းလာခဲ့သည်။ အဝေးပြေးလမ်းမဖို့ ဖြတ်သွားသည့်ကားအချို့တော့ ရှိသည်။ စည်သူသည် ကားကိုလမ်းဘေး၌ ထိုးရပ်လိုက်၏။ ကားမီးတွေကိုတော့ မပိတ်ဘဲ ဒီအတိုင်းထားလိုက်ပါသည်။

နောက်တော့ စည်သူသည် ဝယ်လာသော ဘီယာတွေကို သောက်ရင်းလေညင်းခံနေ၏။ သူ့စိတ်ထဲမှ တင်းကျပ်မှုများသည် အနည်းငယ် ရီဝေလာသောအခါ လျော့ပါးလာသလိုသူခံစားရသည်။

http://www.cherrythitsar.org


သူသည်မိန်းမတစ်ယောက်ကို ချစ်တတ်သော်လည်း ထိုမိန်းမက ပြန်ချစ်လာအောင် မလုပ်တတ်ပေ။

မေကြည်ဦး၏ မျက်နှာလေးသည် စည်သူ့အာရုံထဲတွင် အမှတ်တမဲ့ ပေါ်လာ၏။ သူယောင်ယမ်း၍ မျက်လုံးများကို မှိတ်ပစ်လိုက်သော်လည်း သူမ၏ ပုံရိပ်သည် ပျောက်မသွားဘဲ သူ့ကိုပင် ရယ်ပြလိုက်သေး၏။ နောက် . . . ဦးပဥ္စဆိုသော နာမည်ကြီးက သူ့အတွေးထဲဝင်လာပြန်သည်။

စည်သူသည် ဒီလောက်နှိပ်စက်နေသော အတွေးများကို သည်းမခံတော့ဘဲ ဖွင့်ထားသော ကားတံခါးကို ပြင်းထန်စွာဆောင့်ပိတ်ပစ်လိုက်၏။ ကက်ဆက်ကိုလည်း အကျယ်ကြီးဖွင့်လိုက်၏။ ကတ်ကိုဘိန်း၏ ပညာသားပါသော သီချင်းဆိုဟန်ကို သူသဘောကျပါသည်။

နောက်တော့ သူသည် ဘာမှ သတိမရတော့ဘဲ အိပ်ပျော်သွားလေသည်။

* * *

http://www.cherrythitsar.org

# အခန်း (၁၅)

“သေချာရဲ့လား . . . မောင်ဝင်း”

ဦးပဥ္စသည် ဧည့်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေရင်းမှ ရုတ်တရက်ရပ်ပြီး မောင်ဝင်းကို မေးလိုက်ခြင်းဖြစ်သည်။ မောင်ဝင်းက အထစ်ထစ်အငေါ့ငေါ့မဖြစ်စေရန် သတိနှင့် ကြိုးစားဖြေပါ၏။

“သေချာပါတယ်ဆရာ. . . စည်သူမှ စည်သူပါ။ မတွေ့ရတာနှစ်တွေကြာပြီဆိုပေမယ့် စည်သူက ငယ်ရုပ်ပျောက်မသွားပါဘူး၊ ကျွန်တော်တို့ လက်ပေါ်တင်ကြီးလာတဲ့ကောင်လေးကို ကျွန်တော်မှတ်မိပါတယ်ဆရာ . . . ”

ဟုတ်တော့လည်း ဟုတ်သည်။ မောင်ဝင်းသည် ဦးပဥ္စတို့မိဘများရှိစဉ်ကတည်းက အိမ်ရဲ့ထမင်းချက်တာဝန်ကိုယူခဲ့သူဖြစ်သည်။

http://www.cherrythitsar.org


မောင်ဝင်းသည် ဦးပဥ္စထက် တစ်နှစ်သာငယ်သည်။ မောင်ဝင်းသည် စည်သူ့ကို ကောင်းကောင်းမှတ်မိနိုင်သည်။ အာပွရာဟူးက အိမ်ကို ရောက်တာသုံးနှစ်လောက်သာရှိသေးသဖြင့် စည်သူ့ကို သေချာမသိ။

"မောင်ဝင်း . . . "

"ခင်ဗျာ . . . ဆရာ"

"စည်သူက မေကြည်ဦးကို ကားနဲ့လာခေါ်တော့ ကောင်မလေးက ကြည်ကြည်ဖြူဖြူပဲ လိုက်သွားသလား။ ဒါမှမဟုတ် အချေအတင် စကားများတာတွေ ရုတ်ရုတ်သဲသဲတွေရောဖြစ်သေးလား"

"ဟင့်အင်း . . . မဖြစ်ဘူးဆရာ . . . ကောင်မလေးက အေးအေးဆေးဆေးပဲ စည်သူ့ကားပေါ်တက်လိုက်သွားတယ်"

ဦးပဥ္စသည် နားထင်ကြောတွေထောင်လာအောင်စဉ်းစားနေပြန်၏။ မောင်ဝင်းနှင့် အာပွရာဟူးက ကိုယ်စီငြိမ်သက်စွာထိုင်နေကြသည်။

"မောင်ဝင်း . . . သူတို့နှစ်ယောက်က ဘယ်လိုလုပ်သိသွားသလဲ၊ ဆိုလိုတာကကွာ. . . ဘယ်လိုရင်းနှီးသွားသလဲ"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူးခင်ဗျ"

ဦးပဥ္စသည် စိတ်ပျက်စွာ ခေါင်းယမ်းလိုက်၏။ သူသည်တစ်ယောက်တည်းပဲပြောသလို၊ မောင်ဝင်းတို့ကိုပဲပြောသလိုနှင့် ပြောပြန်သည်။

"ဒီကိစ္စဟာ လုံးဝမရိုးသားဘူး"

http://www.cherrythitsar.org



"ဟုတ်တယ်ဆရာ . . . ကျွန်တော်လည်းအဲဒီလိုပဲထင်တယ်၊ စည်သူဟာ ရည်ရွယ်ချက်တစ်စုံတစ်ရာနဲ့ကောင်မလေးနားကို ချဉ်းကပ်ခဲ့တာသေချာတယ်"

ဦးပဥ္စသည် မောင်ဝင်းစကားကြောင့် မေကြည်ဦးအတွက် ပို၍ စိုးရိမ်သွား၏။ စည်သူသည် ဟိုတစ်နေ့ကလည်း ဖုန်းဆက်ပြီး သူ့ကို ခြိမ်းခြောက်သလို စကားတွေ ပြောသွားခဲ့သေးသည်။ အခုလည်း မေကြည်ဦးကို ရင်းရင်းနှီးနှီးပတ်သက်နေပြန်ပြီ။

စည်သူ့အကြောင်းတွေကို ဦးပဥ္စက ကောင်းကောင်းသိသည်။ အခုကိစ္စမှာလည်း စည်သူ့ရည်ရွက်ချက်ကို အမှန်အတိုင်းသူသိဖို့ ကြိုးစားရမည်။

ရိုးရိုးသားသား မတော်တဆတိုက်ဆိုင်ပြီး သူတို့နှစ်ယောက် ပတ်သက်နေကြတာပဲဖြစ်ပါစေ။

သိပ်မဖြစ်နိုင်သော်လည်း ဦးပဥ္စက ဆုတောင်းနေမိသည်။

ထိုနေ့က မိုးတိမ်တွေ ဖြည်းညင်းစွာ ရွေ့လျားနေပုံကို ဦးပဥ္စတစ်ယောက် သေချာကြည့်နေမိခဲ့၏။ သူသည် တစ်နေကုန်ကောင်မလေး၏အရိပ်အခြည်မှ မတွေ့ရသေးဘဲဖြစ်နေ၏။

အို . . . ငါလွမ်းနေတာပါလား။

ဦးပဥ္စသည် ထိုအတွေးကို တုန်လှုပ်စွာတွေးတောမိသွား၏။ အချစ်ဆိုသော အံ့ဩဆန်းကြယ်မှုကို ဦးပဥ္စတစ်ယောက် ရင်ခုန်စွာလက်

ခံလိုက်မိပြီ။ သူ့စိတ်ထဲတွင် ကောင်မလေးအတွက် အစစအရာရာ သူရဲကောင်းဖြစ်ချင်လာသည်။

ဦးပဉ္စသည် တစ်ဖက်ခြံထဲသို့ မကြာခဏလှမ်းအကဲခတ်နေ၏။ သူတစ်နေကုန်ရင်မောနေရသည်။ တိတ်ဆိတ်သော နှလုံးသားထဲတွင် မေကြည်ဦးက ကြီးစိုးနေတော့သည်။

ရုတ်တရက် တစ်ဖက်ခြံရှေ့တွင် Taxi တစ်စီးထိုးဆိုက်လာ၏။ သူဖျတ်ခနဲရင်ခုန်သွားပြီး ကမန်းကတန်း ထကြည့်မိသည်။ မေကြည်ဦးက ကားပေါ်မှ ဆင်းလာပြီး ကျန်သည့် တစ်ယောက်ကို စကားပြောရင်း နှုတ်ဆက်နေ၏။ ဦးပဉ္စ ထိုတစ်ယောက်ကို ဘယ်သူလဲဟု စိုးရိမ်တကြီး သေချာလိုက်ကြည့်သေးသည်။ အိသန္တာမှန်း သိသွားမှ သူ သက်ပြင်းချနိုင်သည်။ နောက် . . . အိသန္တာက Taxi နှင့်ပင် ပြန်ထွက်သွား၏။

ဦးပဉ္စက ခြံဝသို့ လျှောက်လာခဲ့သည်။

"ကလေးမ . . ."

နူးညံ့တိုးတိတ်သည့် ခေါ်သံကြောင့် မေကြည်ဦးက ဖျတ်ခနဲ လှည့်ကြည့်မိသည်။ သူမမြင်ရသည်မှာ ညိုးနွမ်းနေသော မျက်နှာနှင့် ဦးပဉ္စကြီးဖြစ်နေ၏။

"ဦးမောင် . . ."

မေကြည်ဦးသည် နှုတ်ခမ်းလှုပ်ရုံမျှ တီးတိုးရေရွတ်လိုက်မိပါသည်။ အံ့သြမှုသည် သူမကို ကြီးစိုးထားပြီး ဦးပဉ္စကို ငေးကြည့်နေလိုက်၏။ တစ်မိနစ်. . . နှစ်မိနစ်. . .။

http://www.cherrythitsar.org


ဦးပဥ္စသည် မေကြည်ဦးနှင့် မျက်နှာချင်းဆိုင်မိသောအခါ ဘယ်စကားကို စပြောရမည်မသိဘဲ အူကြောင်ကြောင်ဖြစ်နေ၏။ သူ့စိတ်ထဲတွင် ဝမ်းနည်းနေသလိုပင်။

"ဦးမောင် . . . ပြောစရာရှိရင် နောက်မှပြောပါလား။ အခု ကျွန်မ ပင်ပန်းလာလို့ . . . ပြီးတော့ အဝတ်အစားတွေလည်း မလဲရသေးဘူး"

မေကြည်ဦးက ဘာမှန်းမသိသော အခြေအနေကြီးပြီးဆုံးသွားစေချင်သည်။ ဦးပဥ္စက ခေါင်းညိတ်ပြရင်းသဘောတူလိုက်၏။ မေကြည်ဦးသည် အိမ်ထဲသို့ ဝင်သွားသည်။

ဦးပဥ္စက ဘာရဲရင့်မှုမှ မရှိသော ခြံထဲက သစ်ရွက်ကြွေတွေကို လျှောက်ကြည့်နေခဲ့သည်။ ကောင်းကင်အပြာရောင်သည် သူ့အတွက်အဓိပ္ပာယ်မဲ့နေ၏။ နောက်တစ်ကြိမ် မေကြည်ဦးနှင့်တွေ့လျှင် ပြောရမည့်စကားများကို သူကစိတ်ကူးနှင့် တန်းစီထားမိသည်။

သို့သော် စိတ်ကူးများသည် စိတ်ကူးများသာဖြစ်ပါသည်။

* * *

http://www.cherrythitsar.org

# အခန်း (၁၆)

ဒီနေ့အဖို့ အင်းလျှားသည် လေငြိမ်လွန်းလှ၏။ လှိုင်းကြက်ခွပ်ကလေးများသည် ကမ်းစပ်သို့ နှေးကွေးစွာ ပြေးလွှားနေကြသည်။ မေကြည်ဦးသည် ရှေ့တွင် ထိုင်နေသော စည်သူ့ကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

စည်သူသည် မေကြည်ဦး၏ နူးညံ့သောအကြည့်များကို ပိုမိုတပ်မက်နေမိတော့သည်။ ငှက်တစ်ကောင်က ရေလယ်ကျွန်းဖက်ဆီသို့ ပျံသန်းသွား၏။ ရေဘဲတချို့သည် ငုပ်သွားလိုက်၊ ပေါ်လာလိုက်နှင့်ရှိ၏။

"ကျွန်တော့်ကို စဉ်းစားပြီးသွားပြီလားဟင်"

ရုတ်တရက်စည်သူ့ဆီမှ ထွက်လာသော မေးခွန်းကြောင့် မေကြည်ဦးက မျက်မှောင်ကုတ်ပစ်လိုက်ပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မေးခွန်းတစ်ခုပြန်မေးမိသည်။

http://www.cherrythitsar.org


ငါ သူ့ကို စဉ်းစားခဲ့ပြီးပြီလား၊ ဟင့်အင်း မဟုတ်ပါ၊ တကယ်တော့ သူမသည် အချစ်ကို ဦးနှောက်ဖြင့်စဉ်းစားခဲ့သူမဟုတ်ပေ။

မေကြည်ဦးသည် ခေါင်းကို မတော်တဆ ထယမ်းလိုက်မိသည်။ စည်သူက ထိုကိစ္စကို တစ်မျိုးအဓိပ္ပာယ်ပေါက်သွား၏။

"ဩော် . . . မစဉ်းစားရသေးဘူးလား"

သူမသည် ဘာမှမပြောဘဲခေါင်းကိုငုံ့ထားလိုက်မိပါသည်။ မေကြည်ဦးက ခေါင်းငုံ့ထားရင်း လက်မှာနာရီကို မသိမသာခိုးကြည့်လိုက်မိ၏။

ကိုးနာရီ နှစ်ဆယ်မိနစ်၊ (၉း၂၀) . . .။

နောက်ထပ်ဆယ်မိနစ်ဆို ဦးပဥ္စကြီးဒီနေရာကိုရောက်လာတော့မည်။ သူမသည် စည်သူ့မျက်လုံးတွေကို အိပ်မက်မက်နေသူတစ်ယောက်လို ကယောင်ကတမ်းကြည့်မိသည်။

စည်သူသည် ဘာမှမသိသေးဘဲ မေကြည်ဦးကိုသာ တုံ့ပြန်၍ကြည့်လိုက်၏။ မေကြည်ဦးမှာ ညတုန်းက ဦးပဥ္စကြီးနှင့် ဖုန်းပြောခဲ့၏။ ဖုန်းထဲမှာ စည်သူနှင့်ပတ်သက်၍ပြောသော ဦးပဥ္စအသံတွေသည် တုန်ခါနေတာ သူမ သတိထားမိသည်။ ဦးပဥ္စကြီးကို သူမအကဲခတ်မိသလောက်တော့ ရိုးသားစွာ စိုးရိမ်နေခြင်းသာဖြစ်သည်။ မေကြည်ဦး အံ့သြရသည်မှာ စည်သူသည် ဦးပဥ္စတူအရင်းဖြစ်ခြင်းပင်။ ဟိုတစ်ခါ မေကြည်ဦး ကျွန်းမဂ္ဂဇင်းသွားစဉ်တုန်းက ဦးပဥ္စနှင့် ဖုန်းပြောနေသော

http://www.cherrythitsar.org


သူက စည်သူပဲ ဖြစ်ရမည်။ ဦးပဥ္စသည် စည်သူကို သိပ်မယုံဖို့ သူတို့ သုံးယောက် မျက်နှာချင်းဆိုင်ဆုံဖို့ မေကြည်ဦးကို တောင်းဆိုခဲ့သည်။

ဘာတွေ ဘယ်လိုကြောင့်လဲတော့ သူမလည်း သေချာမသိ။ ဦးပဥ္စကြီးက နောက်မှ အေးအေးဆေးဆေး ရှင်းပြမယ်ဟု ပြောခဲ့သည်။ အခုတော့ သူမသည် စည်သူ့ကို ညာပြီး ခေါ်ထားသည့်သဘော ဖြစ်နေသည်။

“မေကြည်ဦး . . . ကျွန်တော့်ကို တစ်ခုခုပြောစရာရှိတယ်ဆို”

ရုတ်တရက်ထွက်လာသော စည်သူ့အသံကြောင့် သူမသည် ဖုန်းဆက်၍ ချိန်းတုန်းက အဆင်ပြေအောင်လျှောက်ပြောခဲ့တာကို သတိရ သွား၏။

အို ဟုတ်ပါရဲ့။ သူ့ကို ငါပြောစရာရှိတယ်ဆိုပြီးချိန်းခဲ့တာပဲ၊ ငါဘာပြောရင်ကောင်းမလဲ။

စဉ်းစားရင်းမှ မေကြည်ဦးသည် ဦးပဥ္စကြီးလာမည့်ဘက်ကို မျှော်ကြည့်မိလိုက်သေးသည်။ အခုဆို ကိုးနာရီထိုးဖို့ ငါးမိနစ်လောက်သာ လိုတော့သည်။ မေကြည်ဦးသည် ထိုငါးမိနစ်ကို အချိန်ဆွဲဖို့ ရုတ်တရက် အကြံရသွားပါသည်။

“စည်သူ့အကြောင်းတွေကို ဟိုတစ်ခါတုန်းက ကျွန်မမေးမယ်လို့ပြောထားတာ မှတ်မိလား”

စည်သူသည် အလျင်အမြန်ပဲ ခေါင်းညိတ်ပြလိုက်၏။

"အဲဒါ. . . ကျွန်မ အခုမေးမယ်"

"မေးပါ . . . မင်းသိချင်တာ အားလုံးကိုယ်ဖြေပေးမယ်"

မေကြည်ဦးသည် မမေးခင် စဉ်းစားနေ၏။ ငါဘယ်က စမေးရင်ကောင်းမလဲ။

"စည်သူ့မှာ မိဘတွေရှိသေးသလား"

"မရှိတော့ဘူး. . . နှစ်ယောက်စလုံး ဆုံးသွားပါပြီ"

စည်သူ၏ အဖြေစကားကြောင့် သူမသည် အားနာသွားပါသည်။

"ဆောရီး . . . "

"ရပါတယ်. . . ကိစ္စမရှိပါဘူး"

ထိုအခါ သူမက မေးစရာရှိတာ ဆက်မေးဖို့စဉ်းစားရသည်။

"မောင်နှမက စုစုပေါင်းဘယ်နှယောက်ရှိသလဲ"

"ကျွန်တော်တစ်ယောက်တည်းပါ"

"ကျောင်းရော ဘာနဲ့ပြီးသလဲ"

"ကျွန်တော်က ဆယ်တန်းကတည်းက ကျောင်းထွက်ရပြီး ထောင်ကျခဲ့ပါတယ်"

သူမ အံ့ဩသွားပြန်၏။ ဦးပဥ္စ၏စည်သူကို မယုံနဲ့ဆိုသော စကားကိုကြားယောင်လာမိသည်။ မေကြည်ဦးက ခပ်တည်တည်ပဲဆက်မေးလိုက်၏။

http://www.cherrythitsar.org


"ဘာအမှုနဲ့လဲ. . . ဘယ်နှနှစ်လဲ"

"ဆေးသုံးလို့ပါ. . . နှစ်နှစ်ပါ"

"နောက်တော့ရော"

"နောက်တော့ ကျွန်တော်ထောင်က ပြန်ထွက်လာတော့ မြန်မာပြည်မှာ မနေတော့ဘဲ နိုင်ငံခြားမှာ အလုပ်သွားလုပ်ပါတယ်"

"ဘာဖြစ်လို့ မြန်မာပြည်မှာ မနေတာလဲ"

"မိသားစုအတွင်းရေးတချို့ကြောင့်ပါ"

မေကြည်ဦးသည် ဆက်မေးမည့် မေးခွန်းကိုစဉ်းစားနေဆဲ ဦးပဥ္စ၏ကားဝင်လာတာကို လှမ်းမြင်လိုက်ရသည်။ စည်သူသည်လည်း မေကြည်ဦးကြည့်ရာနောက်သို့ လှည့်လိုက်၏။

ထိုစဉ်မှာပဲ ဦးပဥ္စက ကားပေါ်မှဆင်းလာပါသည်။ နောက်သူသည် သူတို့ကိုမြင်သွားပြီး ထိုဝိုင်းကို တည့်မတ်စွာလျှောက်လာ၏။ စည်သူကရိပ်မိသွားကာ မေကြည်ဦးအား အံ့ဩတကြီးကြည့်လိုက်ပါသည်။ ပြီးတော့ စည်သူသည် နာကျင်သွားသူတစ်ယောက်လို ခပ်ထွေထွေပြုံးလိုက်၏။

အစစအရာရာကို သဘောပေါက်သွားသော စည်သူသည် ဘာကိုမှ မမှုတော့ဟန်ဖြင့် ဦးပဥ္စကိုရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

မေကြည်ဦးရှေ့မှာပဲ ဦးပဥ္စကြီးကို နောက်ကျောခားနဲ့ထိုးပြီး လုပ်ကြံသူတစ်ယောက်အဖြစ် သူဖော်ထုတ်ပြောပြရတော့မည်။

တိတ်ဆိတ်နေသော လူနှစ်ယောက်ရှိရာသို့ ဦးပဥ္စသည်

http://www.cherrythitsar.org



တတိယမြောက်လူသားတစ်ဦးအဖြစ် တည်ငြိမ်စွာရောက်ရှိလာသည်။ သူက နှစ်ယောက်စလုံးနှင့် မျက်နှာချင်းဆိုင်အနေအထားတွင် ဝင်ထိုင်လိုက်၏။

အချိန်ကာလသည် သူတို့အားလုံးကို ခဏမျှဖမ်းစားထားသည်။ သုံးယောက်စလုံး ဘာစကားမှမပြောကြသေးဘဲ တစ်ယောက်ကို တစ်ယောက် မျက်လုံးချင်းအကဲခတ်နေကြ၏။ နောက်တော့ ဦးပဥ္စနှင့် စည်သူသည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်မိသွားသည်။ အေးစက်မှု၊ သံယောဇဉ်၊ မာန၊ မုန်းတီးခြင်း၊ သွေးသားတော်စပ်မှုဆိုသည့်အသိအစရှိသဖြင့် အားလုံးသည် သူတို့၏အားပြိုင်မှုထဲတွင် ရှုပ်ထွေးနေလေသည်။

မေကြည်ဦးသည် ငြိမ်သက်မှုကို သူမက စတင်အချက်ပေးရင်ကောင်းမလားဟု စဉ်းစားနေဆဲ ဦးပဥ္စကြီးဆီက အသံထွက်လာပါ သည်။

"မင်းနဲ့ငါကြားမှာ တခြားစကားတွေ ဘာမှရှည်ရှည်ဝေးဝေးပြောစရာမလိုဘူးလို့ ငါထင်တယ်၊ ဒီတော့ မင်းကို ငါလိုရင်းပဲ မေးမယ်၊ မင်းဘာလုပ်ချင်တာလဲ၊ မင်းငွါကို မကျေနပ်တာနဲ့ ဒီကလေးမကိုတော့ မနှောင့်ယှက်သင့်ဘူး စည်သူ"

စည်သူသည် ဦးပဥ္စဆီမှ ထိုစကားကိုကြားလျှင် တည်ငြိမ်နေမှုများ အကုန်ပျောက်ကွယ်သွားပြီး တော်တော်လှုပ်ရှားသွားသည်။

"ဦးကြီး. . . ကျွန်တော့်ကို အဲဒီလိုမပြောပါနဲ့၊ သူ့ကို ကျွန်တော် တကယ်ချစ်တာ"

http://www.cherrythitsar.org



မေကြည်ဦးသည် ရှက်အမ်းအမ်းဖြစ်သွားပြီး မျက်နှာကို ခပ်တည်တည်ပြန်ဖြစ်အောင်ကြိုးစားလိုက်ပါသည်။ ဦးပဥ္စကြီးကစည်သူ့မျက်လုံးတွေကို သေချာစိုက်ကြည့်လိုက်ပြီး အားရပါးရရယ်ချလိုက်၏။

"အေး . . . ထားပါတော့ကွာ၊ မင်းက မနေ့တစ်နေ့ကမှ မြန်မာပြည်ကိုပြန်လာတာ၊ မင်းကဒီကလေးမကို ဘယ်လိုစတွေ့ပြီး ဘယ်လိုစချစ်ခဲ့သလဲ၊ အဲသည်မေးခွန်းကိုဖြေစမ်း စည်သူ"

ထိုမေးခွန်းသည် စည်သူ့ကို အဲဒီနေရာမှာပဲ သေဆုံးသွားစေခဲ့ပါသည်။ စည်သူ လုံးဝမမျှော်လင့်ထားသောမေးခွန်း။

မေကြည်ဦးသည် နှစ်ယောက်စလုံးကို ပါးနပ်စွာ အကဲခတ်နေ၏။ သူမ မှတ်မိနေသည်။ တစ်ချိန်တုန်းက ဦးမောင်နဲ့အတူ အင်းလျားမှာ ရခိုင်မုန့်တီသွားစားစဉ် စည်သူသည် Mark II ကားအနက်ရောင်ကြီးနှင့် သူမတို့ကို လိုက်ကြည့်နေခဲ့၏။

စည်သူသည် ဦးပဥ္စ၏မေးခွန်းကို အဖြေရခက်နေပြီး မျက်နှာပျက်လျက်ရှိသည်။ သူသည် ဦးပဥ္စကို နှောင့်ယှက်ရန် မေကြည်ဦးကို စတင်ချဉ်းကပ်ခဲ့သည်မှာမှန်သည်။ အခုတော့ သူ ကောင်မလေးကို ရင်ထဲမှာ တကယ်ချစ်မိသွားခဲ့ပြီ။ သို့သော် ဒီအကြောင်းတွေကို သူတို့နားလည်အောင် ဘယ်လိုရှင်းပြရမည်နည်း။ သူသည် မေကြည်ဦးရှေ့မှာတင် ဦးပဥ္စကို ထပ်မံရှုံးနိမ့်ရတော့မည်။

"ကျွန်တော် သူ့ကို ဦးကြီးနဲ့တွဲပြီး ပထမဆုံးစတွေ့ဖူးတာပါ။ ဒါပေမဲ့ . . . "

စည်သူ့စကားမဆုံးခင် ဦးပဥ္စက လက်ကာရင်း ဝင်ပြော၏။

"တော်ပြီစည်သူ၊ မင်းဘာပြောမလဲဆိုတာ ငါသိတယ်၊ မင်းကလေးမကို တကယ်ချစ်တာပါလို့ပြောမယ်၊ လုပ်မနေပါနဲ့ကွာ . . "

စည်သူသည် မေကြည်ဦးကို အားကိုးတကြီးလှမ်းကြည့်လိုက်၏။ ငါ့ကို သူမုန်းသွားပြီလား။

မေကြည်ဦးသည် ထူးခြားစွာ စည်သူ့ကို စိတ်မဆိုးမိ . . ။ တကယ်ဆို သူတို့ တူဝရီး ရန်ငြိုးရှိတဲ့ကိစ္စအား ဘာမှမဆိုင်သော မေကြည်ဦးကို ခုတုံးလုပ်ခြင်းဖြစ်သည်။ ဒါကို သူမဒေါသဖြစ်ရမည်။ နာကျင်ရမည်။ စိတ်ဆိုးရမည်။

အခုတော့ အဲဒါတွေ တစ်ခုမှမဖြစ်။

အခြေအနေသည် အနည်းငယ်တင်းမာနေ၏။ စည်သူသည် ခေါင်းကိုယမ်းရင်း အဝေးသို့ ငေးကြည့်နေသည်။ စည်သူက ရုတ်တရက် ဦးပဥ္စကို လှမ်းကြည့်လိုက်၏။

သူတို့ မျက်လုံးချင်းအားပြိုင်နေကြပြန်သည်။

"ဦးကြီးကို ကျွန်တော်တစ်ခုပဲပြောချင်တယ်၊ ကျန်တာတွေအားလုံးကို ဦးကြီး ထင်ချင်တာထင်လို့ရတယ်။ တစ်ခုပဲ . . . အဲဒါက ကျွန်တော်ရဲ့ သူ့အပေါ်ထားရှိတဲ့ မေတ္တာတရားပါ။ ဒီတစ်ခုကိုတော့ ကျွန်တော့်ကို အထင်မလွဲပါနဲ့"

ထိုစကားများအားလုံးဟာ သူမနှင့် မဆိုင်သလို မေကြည်ဦးသည် အေးစက်စွာ ခပ်တည်တည်ဖြစ်နေသည်။ ဦးပဥ္စက စည်သူ့မျက်လုံးတွေကို စူးခနဲတစ်ချက်ကြည့်၏။

http://www.cherrythitsar.org


"မင်းဟာ ငယ်ငယ်ကတည်းက အခုချိန်အထိ ဘာမှ မထူးခြားသေးပါလား၊ ငါက မင်းစကားကို ဘယ်လိုအထောက်အထားနဲ့ ယုံကြည်ရမှာလဲ။ ပြီးတော့ ဒီကိစ္စမှာ ငါ့ကိုမကျေနပ်လို့ မင်းကလုပ်ကြံစကားတွေ ပြောတာလဲဖြစ်နိုင်တာပဲ"

"ဘာ. . . လုပ်ကြံစကား. . . ဟုတ်လား"

"ဖြစ်နိုင်တာပဲလေ. . . ငါကဖြစ်နိုင်တာကိုပြောတာပါ"

"ကျွန်တော်က ဦးကြီးလိုမျိုးလုပ်ကြံတာတွေ၊ နောက်ကျောကိုဓားနဲ့ထိုးတဲ့ကိစ္စတွေကို ဝါသနာမပါဘူး၊ ကိုယ့်စိတ်နဲ့နှိုင်းပြီးလျှောက်ပြောမနေနဲ့"

"ငါက ဘယ်သူ့ကို လုပ်ကြံဖူးလို့လဲ"

စည်သူသည် ဦးပဥ္စကို မထေမဲ့မြင်ကြည့်လိုက်၏။ ဦးပဥ္စကစွပ်စွဲခံရသဖြင့် စည်သူ့ကို ဒေါသကြီးနေ၏။

"ပြောလေ ဟေ့ကောင် . . . ငါဘယ်သူ့ကိုလုပ်ကြံဖူးလို့လဲ"

"ဦးကြီးကျွန်တော့်ကို ထောင်ကျအောင် ရဲကိုသတင်းပေးခဲ့တယ်မဟုတ်လား၊ အဲဒီလုပ်ကြံမှုကြောင့် ကျွန်တော်ထောင်ထဲမှာ နှစ်နှစ်အချိန်ကုန်ခဲ့တယ်လေ။ မေမေဟာ ကျွန်တော့်စိတ်နဲ့အိပ်ရာထဲလဲခဲ့ရတယ်၊ ဒါတွေဟာ ဦးကြီးလုပ်ကြံခဲ့တဲ့ကိစ္စပေါ့" စည်သူ့စကားကို ဦးပဥ္စမျက်လုံးပြူးကြီးနှင့် နားထောင်နေ၏။

မေကြည်ဦးကလည်း ဦးပဥ္စကို မယုံနိုင်စွာ အကဲခတ်နေ၏။

http://www.cherrythitsar.org


"ဒီကိစ္စတွေဟာ လုံးဝအခြေအမြစ်မရှိဘူး . . မင်းက ဘယ်လိုအထောက်အထားမျိုးနဲ့ ငါ့ကိုအခုလိုစွပ်စွဲနေရတာလဲ"

စည်သူသည် ခြောက်ကပ်သော ရယ်သံဖြင့် ရယ်ချလိုက်ပါသည်။

"ပြောဆိုတော့လည်း ပြောရတာပေါ့လေ . . . ကိုစိုးနိုင်က ကျွန်တော့်ကို အကုန်ပြောပြပြီးသွားပြီ"

ဦးပဍ္ဍသည် ကိုစိုးနိုင်ဆိုသော နာမည်ကြောင့် အနည်းငယ်စဉ်းစားပါသည်။ ငါ့အသိထဲမှာ ဒီနာမည်မျိုးရှိခဲ့လား။ ထိုစဉ် လွန်ခဲ့သော ငါးနှစ်ကျော်ကျော်က သူ့အလုပ်ထုတ်ပစ်ခဲ့သည့် စိုးနိုင်ဆိုသည့် တပည့်တစ်ယောက်ကို ဦးပဍ္ဍစဉ်းစား၍ ရသွား၏။ သူသည် အားလုံးကို သဘောပေါက်သွားပြီး စည်သူ၏ အပြုံးကို စာနာမိသွားလေသည်။

"စိုးနိုင် ပြောတာ . . . ဟုတ်လား"

"ဟုတ်တယ်"

"စိုးနိုင်စကားဟာ အမှန်တရားပါလို့ မင်းကိုဘယ်သူအာမခံနိုင်မှာလဲ"

စည်သူသည် ထိုစကားကြောင့် တွေဝေသွား၏။ ဦးပဍ္ဍဆက်ပြောသည်။

"စိုးနိုင်ဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက စာအုပ်တိုက်က ငွေတွေကို အလွဲသုံးစားလုပ်လို့ ငါအလုပ်ထုတ်ပစ်ခဲ့တယ်။ သူက ငါ့ကို

http://www.cherrythitsar.org


မကျေနပ်ဘူး။ အဲဒီအချိန်မှာ ထောင်ထဲကပြန်ထွက်လာကာစ မင်းကို တွေ့တော့ ငါ့ကိုမင်းနဲ့ တိုက်ပေးခဲ့တာပဲ စည်သူ၊ မင်းပြန်စဉ်းစားကြည့် စမ်း ၊ မင်းဆေးသုံးတာ အဲဒီတုန်းက တစ်ရပ်ကွက်လုံးသိတယ်၊ မင်း အပေါင်းအသင်းတွေရော ဘယ်နှစ်ယောက်ထောင်ကျသွားသလဲ။ မင်း ကိစ္စက ဒီလောက် နာမည်ကြီးနေတာ ရဲကသိရောပေါ့၊ ပြီးတော့ မင်း တို့အဖမ်းခံရတဲ့နေရာကဘယ်မှာလဲ။ ငါ့အိမ်မှာ အဖမ်းခံရတာလား၊ မဟုတ်ပါဘူးကွာ၊ မင်းတို့သချိုင်းနားက ဂိုဒေါင်အဟောင်းကြီးထဲမှာ မဟုတ်လား။ ငါက မင်းကိုဘယ်မှာမှန်းမသိဘဲ ဘယ်လိုသတင်းပေးနိုင် မှာလဲ။ ငါဟာ ဒီလောက်အောက်တန်းမကျနိုင်ဘူးဆိုတာ မင်းသိဖို့ ကောင်းတယ်”

ဦးပဥ္စသည် စည်သူ့ကို စကားတွေဆက်တိုက်ပြောချလိုက်ပြီး မောသွား၏။ စည်သူက ဦးပဥ္စရဲ့စကားတွေကြောင့် အတိတ်ကို ပြန်စဉ်း စားနေဆဲ သူသည် နှစ်တွေအကြာကြီး ဦးလေးဖြစ်သူကို အထင်လွဲကာ လက်တုံ့ပြန်ဖို့ကြိုးစားခဲ့လေသည်။ ဦးပဥ္စဆီမှ စကားသံတွေထွက်လာ ပြန်၏။

“စည်သူ . . . မင်းအမှုဖြစ်နေတဲ့အချိန်မှာ ရှေ့နေဦးဇော်မြင့် ကို ဘယ်သူငှားပေးခဲ့သလဲ၊ မင်းအမေငှားပေးခဲ့တယ် ထင်လို့လား။ အဲဒီအချိန်တွေမှာ မင်းအမေအိပ်ရာထဲမှာ. . . ငါပဲ အကုန်လုပ်ပေးခဲ့ တာပါ။ ကဲ. . . ဒီမှာကြည့်စမ်း စည်သူ”

http://www.cherrythitsar.org



ဦးပဥ္စသည် ပါလာသော ဖိုင်တွဲအနက်ရောင်တစ်ခုကို စည်သူ့ထံသို့ ထိုးပေးလိုက်ပါသည်။ စည်သူကဘာမှန်းမသိဘဲ လှမ်းယူထားလိုက်၏။

"အဲဒီထဲမှာ မင်းရသင့်တဲ့ မင်းမိဘပိုင်ပစ္စည်းတွေ ငါဘဏ်တစ်ခုမှာ အပ်ပေးထားတယ်၊ အခုဒီနေ့မှာ မင်းလက်ထဲကို ဒီပစ္စည်း တွေ လွှဲပေးခဲ့မယ်၊ ဟုတ်ပြီလား"

စည်သူသည် ဖိုင်ကိုပြီးအောင် မကြည့်ဘဲ ပိတ်ပစ်လိုက်ပြီး ဦးပဥ္စကို အလေးတကြီး လှမ်းပြောလိုက်ပါသည်။ သူ့မျက်လုံးတွေမှာ ကြည်လင်နေ၏။

"ဦးကြီး . . . ကျွန်တော် ဦးကြီးကို နှစ်တွေအများကြီးအထင်လွဲနေခဲ့တာတွေ၊ ဦးကြီးစေတနာကို စော်ကားသလိုဖြစ်ခဲ့တာတွေ အားလုံးကို ခွင့်လွှတ်ပါ"

ဦးပဥ္စကြီးက သိမ်မွေ့စွာ ပြုံးလိုက်၏။ မေကြည်ဦးသည် ဘေးမှနေ၍ စစ်ပြေငြိမ်းသွားသော တူဝရီးနှစ်ယောက်ကို ကြည့်ကာ ဝမ်းသာနေမိသည်။

"ငါက မင်းကို အစကတည်းက အပြစ်မယူခဲ့ပါဘူး စည်သူရာ၊ တစ်ခုတော့ရှိတာပေါ့လေ. . . ငါ့ညီမဆုံးသွားတဲ့နေ့က မင်းကိုမြင်လိုက်ရတော့ တော်တော်ဒေါသဖြစ်သွားတယ်၊ ဒါပဲ. . . နောက် မင်းနိုင်ငံခြားထွက်သွားတယ် ကြားတော့ ငါက မင်း ဟိုမှာအဆင်မှပြေပါ့မလားလို့ စိတ်ပူခဲ့သေးတာ"

http://www.cherrythitsar.org


အခုတော့ နှစ်ယောက်သားအဆင်ပြေလို့ ဘေးမှ မေကြည်ဦးကိုပင် မေ့နေကြလေသည်။ နေမြင့်လာသော်လည်း အင်းလျားသည် သစ်ပင်ရိပ်များအောက်မှာ အေးမြနေဆဲ။

စည်သူသည် ပထမဦးဆုံးအနေဖြင့် မေကြည်ဦးကို သတိရမိသွား၏။ ထိုအခါ တပ်မက်မှုသည် ဆူလောင်လာပြန်သည်။

မေကြည်ဦးသည် ငြိမ်သက်စွာပြုံးနေ၏။ ဦးပဥ္စမှာ ရေပြင်ပေါ်ရှိတံလျှပ်များကို ငေးကြည့်နေလေသည်။ ငှက်အော်သံအချို့ကိုလည်း သူကြားနေရသည်။ စည်သူနှင့် ဦးပဥ္စနှစ်ယောက်စလုံးသည် မေကြည်ဦးနှင့် ပတ်သက်၍ စပြီးစကားပြောဖို့ဝန်လေးနေကြ၏။

သူတို့ကြားရှိအမုန်းနှင့် အာဃာတတွေ မရှိတော့သောအခါ ရင်ထဲက အချစ်များသည် အဓိပ္ပာယ်တစ်မျိုးဖြစ်လာသည်။

“စည်သူ”

ရုတ်တရက် ဦးပဥ္စဆီမှ အသံထွက်လာ၏ ။ စည်သူသည် ဦးပဥ္စ၏မျက်လုံးတွေကို သေချာကြည့်မိသွားသည်။ အို . . . ဦးကြီးဟာ မေကြည်ဦးကို စွဲလမ်းနေတာပါလား။ သူထိတ်လန့်သွားပါသည်။

“ပြောပါ ဦးကြီး”

“မင်း . . . ကလေးမကို တကယ်ချစ်သလား”

ထိုမေးခွန်းသည် ထင်မှတ်မထားသော မေးခွန်းဖြစ်သောကြောင့် စည်သူသည် ဘာပြန်ဖြေရမှန်းမသိဘဲ အံ့အားသင့်နေ၏။

http://www.cherrythitsar.org



မေကြည်ဦးကလည်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ မေးခွန်း၏အဓိပ္ပာယ်သည် စည်သူအတွက်တစ်မျိုးဖြစ်နေသည်။

သူဘယ်လိုပြန်ဖြေရမလဲ၊ စဉ်းစားရင်းနှင့်စည်သူနဖူးတွင် ချွေးစေးများစွတ်စိုစပြုလာသည်။ သူတစ်ခုခုတော့ပြန်ဖြေရလိမ့်မည်။

ထိုစဉ် . . . မျှော်လင့်မထားသော ကိစ္စတစ်ခုကို မေကြည်ဦးကဖန်တီးလိုက်ပါသည်။

"ကျွန်မအနေနဲ့ကတော့ ဦးမောင်နဲ့စည်သူကြားမှာ ဘာမှပြောစရာမရှိဘူး၊ ဒါပေမဲ့ . . . အခုလို ကျွန်မကိုရှေ့မှာထားပြီး ညှိနှိုင်းနေတာတော့မကောင်းဘူးပေါ့"

ဦးပဉ္စသည် မေကြည်ဦးစကားကို အလန့်တကြားထငြင်းလိုက်ပါသည်။

"မဟုတ်ပါဘူး၊ အဲသလိုသဘောမဟုတ်ပါဘူး"

မေကြည်ဦးသည် ဦးပဉ္စကို အသာအယာပြုံးပြလိုက်၏။

"ထားပါ . . . ဦးမောင်ပြောသလိုပဲ ထားပါ။ အခုကျွန်မအခြေအနေတွေအားလုံးကို နားလည်သွားပြီပဲ၊ ဦးမောင်ကိုရော စည်သူကိုရော ကျွန်မပြောချင်တာက ဒီနေ့ကစပြီး နှစ်ယောက်စလုံး ကျွန်မကိုမဆက်သွယ်ပါနဲ့၊ တစ်ပတ်ပြည့်တဲ့နေ့မှာ ကျွန်မ ရှင်တို့အိမ်ကို စာတစ်စောင်စီပို့လိုက်မယ်၊ ကံကြမ္မာကို အဲဒီစာထဲမှာရေးထားမယ်။ နှစ်ယောက်စလုံးက ကျွန်မဆုံးဖြတ်တာကို သဘောတူလက်ခံနိုင်ရမယ်၊ ဘယ်လိုလဲ"

http://www.cherrythitsar.org



စည်သူရော ဦးပဥ္စပါ နှုတ်ကမဖြေကြဘဲ ခေါင်းညိတ်ပြကြ၏။

မြောက်လေအေးအေးက ဖြတ်တိုက်သွားသည်။ မေကြည်ဦးသည် ထိုင်ရာမှ ထလိုက်ပါသည်။

“ကဲ . . . ဒါဆို ကျွန်မပြန်တော့မယ်၊ ဘယ်သူမှ လိုက်မပို့နဲ့၊ တက္ကဆီနဲ့ပဲပြန်မယ်”

ကျောခိုင်းထွက်ခွာသွားသော မေကြည်ဦးကိုကြည့်ရင်း သူတို့သက်ပြင်းကိုယ်စီချမိကြ၏။ ဘာမှန်းမသိသော တစ်စုံတစ်ရာသည် သူတို့ကို လွှမ်းမိုးနေလေသည်။

* * *

http://www.cherrythitsar.org

# အခန်း (၁၇)

ကောင်းကင်သည် တိမ်အဖြူရောင်များနှင့် ကြည်လင်စွာ လှပနေသည်။ စည်သူသည် ထိုကောင်းကင်ကြီးကို ကြည့်ပြီး စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်ပစ်လိုက်၏။ ဒီနေ့သည် မေကြည်ဦးချိန်းဆိုထားသော တစ်ပတ်တိတိပြည့်သောနေ့လည်းဖြစ်သည်။

စည်သူက တစ်နေ့လုံး စာပို့သမားကို မျှော်နေမိ၏။ အခုဆို ညနေပင်စောင်းတော့မည်။ ဘာစာမှရောက်မလာသေးပေ။

အို စာပို့သမားမလာလည်း တခြားတစ်ယောက်ယောက်ကို ခိုင်းရင်ရတာပဲ။

ထိုအတွေးကြောင့် သူနည်းနည်းသက်သာရရသွား၏။ ကုန်ခါနီး စီးကရက်ကို သူက ဆက်မသောက်တော့ဘဲ ခပ်ဝေးဝေးကို တောက်ထုတ်ပစ်လိုက်သည်။

"ကလင် . . . ကလင်"

http://www.cherrythitsar.org


ခြံဝမှ ခေါင်းလောင်းဆွဲသံဖြစ်လေသည်။ သူအမြန်ပြေးထွက်သွားမိ၏။ ခြံဝတွင် လူမရှိတော့ဘဲ စာအိတ်အပြာနုရောင်လေး တစ်ခုကိုသာတွေ့ရသည်။

စည်သူ့ရင်ထဲတွင် တိမ်ပြာပြာလေးများပြည့်နှက်နေ၏။ စာအိတ်ပေါ်တွင် မေကြည်ဦး၏ လက်ရေးစိပ်စိပ်လေးတွေကို တွေ့ရသည်။

"စည်သူ" ဆိုသည့် သူ့နာမည်တစ်ခုကိုသာ စာအိတ်ပေါ်တွင် ရေးထားပါသည်။ စည်သူ့ရင်ခုန်သံတွေမြန်နေ၏။ တစ်ပြိုင်နက်ထဲမှာပင် သူကကြောက်နေလေသည်။

ငါကံကောင်းမှာပါ။

စည်သူသည် ယုံကြည်စွာပင် ထိုသို့တွေးလိုက်ပါသည်။ သူ့မျက်လုံးထဲတွင် ဦးပဥ္စ၏ မျက်နှာကြီးပေါ်လာသဖြင့် စိတ်မကောင်းပင်ဖြစ်လိုက်သေး၏။

သူက စာကို အခန်းထဲသို့ ယူလာခဲ့၏။

ပြီးတော့ . . . အခန်းတံခါးကို ပိတ်ပစ်လိုက်ပါသည်။

* * *

http://www.cherrythitsar.org

# အခန်း (၁၈)

ဦးပဥ္စသည် ဘာကိုမှ မျှော်လင့်မထားသူတစ်ယောက်လို တိတ်ဆိတ်စွာ ငြိမ်သက်နေသည်။ နေရောင်မှာ မတောက်ပတော့။

ဒီနေ့ . . . မေကြည်ဦး ချိန်းဆိုထားသော တစ်ပတ်တင်းတင်း ပြည့်တဲ့နေ့ . . .။ သူသည် ဘယ်အရာကိုမဆို မယုံကြည်ရဲတော့ဘဲ ခွန်အားမဲ့နေ၏။ ရုတ်တရက် သူ့စိတ်တွေက စည်သူ့ဆီရောက်သွားပြန်၏။ စည်သူသည် မရိုးသားသော သဘောဖြင့် မေကြည်ဦးထံချဉ်းကပ်ခဲ့သည်မှာ မှန်သော်လည်း အခုတော့မေကြည်ဦးကို တကယ်မြတ်နိုးစွာ ချစ်နေခဲ့ပြီ။

အပေါ်သို့ သူမော့ကြည့်သောအခါ မိုးသားတို့မှာ ပြာလဲ့နေသည်။ တိမ်များသည် အုပ်စုဖွဲ့ရွေ့လျားနေကြ၏။ဦးပဥ္စသည် အတွေးများကို ရပ်ထားပြီး မိုးတိမ်တွေကိုငေးကြည့်မိသည်။ စိတ်လှုပ်ရှားမှုတွေ နည်းသွားကာ တဖြည်းဖြည်းသူ့စိတ်တွေတည်ငြိမ်လာသည်။

http://www.cherrythitsar.org



ကလေးမက စည်သူ့ကို ရွေးချယ်သွားခဲ့ရင် . . .။

သူ့ရင်ထဲတွင် ထိုအတွေးကဆူညံသွား၏။ စိုးရိမ်မှုသည် ပြန်၍ အသက်ဝင်လာတော့သည်။ ဦးပဥ္စသည် လသာဆောင်ပေါ်မှ မေကြည်ဦးတို့ အိမ်ဖက်သို့ အမှတ်တမဲ့လှမ်းကြည့်လိုက်မိသည်။

သူမ၏အခန်းပြတင်းပေါက်မှာ ပိတ်ထား၏။ ထိုပြတင်းပေါက်လေးမှတစ်ဆင့် သူကမေကြည်ဦးကို ပထမဆုံး မြင်ခဲ့ရခြင်း ဖြစ်လေသည်။

နောက် . . . လသာဆောင်ပေါ်မှ ဆင်းလာ၏။ ဧည့်ခန်းရှိ နာရီကြီးကို ကြည့်လိုက်တော့ ညနေလေးနာရီခွဲနေပြီ၊ နေရောင်ခြည်မှာ အတော် အားပျော့နေ၏။

တစ်အိမ်လုံး လူတွေဘယ်ရောက်ကုန်ပါလိမ့်။

မောင်ဝင်းရော အာပွရာဟူးပါ ပျောက်နေကြသည်။ ဂိုဒေါင်အပေါ်ထပ်တွင် ဒီနှစ်ကောင်ပေါင်းပြီး အရက်ခိုးသောက်နေကြတာဖြစ်နိုင်သည်။ ဦးပဥ္စသည် ခြံထဲသို့ ထွက်လာခဲ့၏။ ညနေခင်း၌ အရာရာ သည် တိတ်ဆိတ်နေကာ ငှက်အော်သံတချို့ကိုလည်း သူကြားနေရ သည်။

ထိုစဉ်ခြံဝ၌ အနီရောင်တစ်ခုကို ရိပ်ခနဲမြင်လိုက်မိသည်။ သူ့ရင်တွေခုန်သွား၏။ ကလေးမ။ ဦးပဥ္စက တိုးတိတ်စွာ ရေရွတ်နေဆဲမှာ သူမသည် ခြံဝင်းတံခါးကို တွန်းဖွင့်ဝင်ရောက်လာခဲ့ပါသည်။

မေကြည်ဦး တစ်ကိုယ်လုံး အနီရောင်ရဲရဲများဖြင့်ခြယ်မှုန်းထားသည်။ သူမသည် အံ့သြနေသော ဦးပဥ္စကြီးကို ရယ်ပြလိုက်သေး၏။ ဒီလူကြီး ရင်တွေခုန်နေတာကိုလည်း သူမသိနေလေသည်။

http://www.cherrythitsar.org



"ဦးမောင် . . ."

ခေါ်သံကြောင့် အကြည့်ချင်းဆုံသွားကြသည်။ ဦးပဥ္စ၏ မျက်လုံးများတွင် ဆွေးရိပ်သမ်းသော ရီဝေမှုတစ်ခုကို သူမ မြင်တွေ့ရ၏။

အို သူဝမ်းနည်းနေတာလား။

"ပြောလေ . . . ကလေးမ"

"ဒီနေ့ . . . စာမရောက်သေးဘူးလား"

"မရောက်သေးဘူး . . . ကိုယ်လည်း အဲဒါစောင့်နေတာ"

ပြောပြီးသူက အနည်းငယ် ရှက်သွားသလို ရယ်ပါသည်။ မေကြည်ဦးက လက်ပတ်နာရီကိုကြည့်ရင်း ပြောလိုက်၏။

"ဒီအချိန်ရောက်မှ စာပို့သမားလည်း လာတော့မယ်မထင်ဘူး"

"လာချင်လာဦးမှာပေါ့"

ဦးပဥ္စ၏စကားကြောင့် သူမသည် ရယ်မောပစ်လိုက်ဖို့ထက် သနားသွားသည်။

"ဦးမောင် . . ."

သူမ၏အသံတွင် ဆွဲဆောင်မှုတစ်မျိုးက စိမ့်ဝင်ပျံ့နှံ့နေ၏။ ဦးပဥ္စက သူမကို သေချာစူးစိုက်၍ ကြည့်လိုက်ပါသည်။

"ဒီနေ့ စာပို့သမားလာမှာ မဟုတ်ဘူး၊ လာရင်လည်း ဦးမောင်အတွက်စာပါလာမှာမဟုတ်ဘူး"

"ဘာဖြစ်လို့ . . ."

မေကြည်ဦး ခဏမျှစဉ်းစားကာပြောလိုက်ပါ၏။

http://www.cherrythitsar.org


"ကျွန်မကိုယ်တိုင်ကမှ ဦးမောင်ဆီ စာပို့မထားတာ"

"ဩော် . . ."

ဦးပဥ္စကြီးသည် ချက်ချင်းမှိုင်တွေသွားသည်။ သူမသည် ဘာမှ မပြောဘဲ ဝင်ခါနီးနေလုံးကြီးကိုသာကြည့်နေ၏။

"ဦးမောင် . . . ဘာဖြစ်သွားတာလဲ"

သူ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ သူ့ရဲ့ကံဆိုးမှုတွေဟာ စည်သူ့အတွက် ကံကောင်းမှုတွေဖြစ်ပေလိမ့်မည်။

ဦးပဥ္စက ဘာမှပြန်မပြောဘဲ သူမကိုပဲ စိုက်ကြည့်နေ၏။ သူသည် ဇရာကို နားလည်သွားသလို ပြုံးမိသည်။ အခုတော့ "အရွယ်လွန်အချစ်" သီချင်းကိုလည်း သူ မဆိုနိုင်ပေ။ ပြီးတော့ သူသည် မြန်မာပြည်က စာရေးဆရာ ဦးပဥ္စမောင်မောင် ၊ ဟောလိဝုဒ်က မင်းသားကြီး မိုက်ကယ်ဒေါက်ကလပ် မဟုတ်။

"ဦးမောင်"

သူမက ထပ်ခေါ်သည်။

"ကလေးမ . . . ဒီအချိန်က မင်းစည်သူ့ဘေးမှာပဲရှိရမှာ"

ထိုအခါ မေကြည်ဦးသည် အခြေအနေအားလုံးကို သဘောပေါက်စွာ အားရပါးရရယ်၏။ ပြီးတော့ ပြောလေသည်။

"စည်သူ့ဆီကို စာပို့ခိုင်းလိုက်တယ်၊ သွားစရာမလိုတော့ဘူးလေ . . ."

http://www.cherrythitsar.org


သူမစကား၏ အဓိပ္ပာယ်ကြောင့် ဦးပဥ္စ စိတ်လှုပ်ရှားစွာ မေကြည်ဦးကို အားမလိုအားမရ ကြည့်သည်။

"ဟုတ်တယ် ဦးမောင်ရဲ့၊ ဒီနေ့ ကျွန်မသူငယ်ချင်း အိသန္တာကို စည်သူ့အတွက် စာပို့ပေးဖို့ အကူအညီတောင်းထားတာ၊ ညတုန်းကတော့ စာနှစ်စောင်ရေးထားတာပဲ၊ ဒါပေမဲ့ ဒီနေ့ စည်သူ့ဆီတစ်စောင်ပဲပို့ ဖြစ်တယ်"

"ဒါဆို ကိုယ့်အတွက်စာရော"

"မီးရှို့ပစ်လိုက်ပြီ"

ဦးပဥ္စအလျင်စလို မေးခွန်းကြောင့် သူမက သဘောကျစွာ ရယ်ပြန်သည်။

"ဒီမှာလေ. . . ဦးမောင်ရဲ့"

မေကြည်ဦးက လက်မနှင့် ကိုယ့်ကိုယ်ကိုယ် ညွှန်ပြနေ၏။ သူမ ပုံစံသည် ခိုင်သင်းကြည် ရာမစုဖဲထီးကြော်ငြာနေပုံလောက်တော့မဆိုးပေ။

"ဘာလဲ"

ဦးပဥ္စက မေကြည်ဦး၏ ရင်ဘတ်ကိုကြည့်ပြီး နားမလည်ပေ။

"ခစ်ခစ် . . . ခစ်ခစ်"

သူသည် ရုတ်တရက် ရှက်သွားပြီး မျက်နှာလွှဲသွား၏။

"ဒီမှာ လူကိုယ်တိုင်ရောက်နေပြီပဲ ဦးမောင်ရဲ့။ စာကလိုသေးလို့လား"

ဦးပဥ္စင်းတစ်ယောက်ထိုစကားကို ကြားသောအခါ လေထဲကို လွင့်သွားသလို ခံစားရသည်။ သူသည် မိန်းမတွေကိုသိပ်မကျွမ်းပေမယ့်၊ လူပျိုကြီးတစ်ယောက်ဖြစ်ပေမယ့် ထိုစကား၏အဓိပ္ပာယ်ကိုတော့ ဘာသာ ပြန်တတ်လေသည်။

သူက ကြည်နူးစွာ သူမလက်ကို ခပ်ဖွဖွဖမ်းဆုပ်ကိုင်လိုက်ပါ သည်။ နေဝင်ချိန်သည် လှပလွန်း၏။ ငှက်တချို့ကလည်း ဘယ်အရပ် ကို မှန်းမသိရဘဲ ပျံသန်းသွားကြသည်။ ဂိုဒေါင်အပေါ်ထပ်ပြတင်းပေါက် မှ မောင်ဝင်းနှင့် အာပွရာဟူးတို့ကလည်း သူတို့ဆရာ အဆင်ပြေနေ သဖြင့် ဝမ်းသာစွာ ချောင်းကြည့်နေကြ၏။

ဒီအချိန်၏ပျော်ရွှင်မှုများနှင့် အမှတ်တရခံစားမှုများကို သူတို့ ကျေနပ်နေကြသည်။

"ကလေးမ"

"ရှင် . . "

"မနက်ဖြန်ဗိုလ်ချုပ်ဈေးမှာ ချစ်သူတွေဖြစ်တဲ့အထိမ်းအမှတ် နဲ့ ကိုယ် မင်းကို ပစ္စည်းတစ်ခုဝယ်ပေးမယ်"

"အင်း. . . ကောင်းတာပေါ့. . ဒါပေမဲ့ အဲဒီကို ဘတ်(စ်)ကား နဲ့ပဲသွားမယ်"

"ဘတ်(စ်)ကား . . . ဟုတ်လား"

နှစ်ယောက်သား အရင်တစ်ခါ ဘတ်(စ်)ကားစီးခဲ့စဉ်က အတွေ့

http://www.cherrythitsar.org


အကြံ့ကို ပြန်သတိရသွားပြီး ရယ်မိကြသည်။ မေကြည်ဦးကို ဦးပဥ္စက မေး၏။

"ဟိုတစ်ခါကလို ကလေးတစ်ယောက်ပါလာရင် ဘယ်လို လုပ်မလဲ"

သူမက အနည်းငယ်စဥ်းစားပါသည်။

"ဒီတစ်ခါဆိုရင်တော့ ကလေးကို သူ့အမေဆီလိုက်ပြန်မပေးတော့ဘူး၊ တစ်ခါတည်းအိမ်ခေါ်လာပြီး မွေးစားလိုက်မယ်၊ မကောင်းဘူးလား ဦးမောင် . . . "

"ဟာ. . . မကောင်းဘူး၊ ဘာလဲ ကလေးမက ကိုယ့်ကို အထင်သေးတာလား"

"ဟယ် . . . "

မေကြည်ဦးမှာ ရှက်စရာ အဓိပ္ပာယ်ပါသောစကားကြောင့် မျက်နှာတစ်ခုလုံး ပန်းရောင်ရဲသွား၏။ နောက်တော့ ဦးပဥ္စ၏ လက်မောင်းကို သူမ၏ လက်သီးဆုပ်သေးသေးတွေနှင့် လိုက်ထုနေပြန်သည်။

ကမ္ဘာအနှံ့က ဘယ်လို သူရဲကောင်းတွေဖြစ်ဖြစ် ချစ်သူ၏ ရင်ခွင်ထဲမှာတော့ ချွဲတတ်သော ကလေးများသာဖြစ်ပါသည်။

* * *

http://www.cherrythitsar.org



နေဝင်သွားခဲ့ပြီ။ ညဦးပိုင်းသို့ရောက်လာ၏။

သူတို့နှစ်ယောက်သည် လသာဆောင်ပေါ်မှာ ငြိမ်သက်နေကြ၏။ ရင်ခုန်စရာကောင်းသောအခြေအနေကို ဦးပဥ္စက အသိဉာဏ်နှင့် ထိန်းချုပ်နေဆဲ။ နွေးထွေးသည့်သူမ၏ ကိုယ်ငွေ့တွင် သူအရည်ပျော်ကျသွားခဲ့ပါသည်။

"ကလေးမ . . . ဟိုမှာကြည့်စမ်း"

သူမကြည့်လိုက်သောအခါ ကောင်းကင်တွင် ကြယ်ပွင့်တချို့က ဝတ်မှုန်ကူးနေကြလေသည်။ ။

ဝေမှုံးသွင်

(၂၀၀၂-ခုနှစ်)

http://www.cherrythitsar.org



သူသည် ကောင်မလေးကို
အရည်ပျော်စေခြင်းလားပြီ ...
အရှယ်လွန်ကာစ်ဦး၏
ရှန်ကြွားခြင်းသည်
အချစ် မဖြစ်သင့်နှုန်းတော့
သူ သတောက်ခါလက်တားပါသည် ...

# ဝတ်မှုန်ကူးတဲ့ကြယ်

ဝေမျူးသွင်

လုံးချင်းဝတ္ထုသစ်